www.burmeseclassic.com

ပရဆန်းကြယ်ချောက်ချားဖွယ်ဝတ္ထု

သစ်ငုတ်စိုးတို့

# မိုးသုည

တစ္ဆေတစ်ကောင်၏မွေးနေ့လက်ဆောင်




ပန်းချီသိန်းရွှေကြည်

2011

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၂၈၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၄၆၀၂၁၁
၂၀၁၁ခုနှစ်၊ မတ်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ထဝင်မြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသောင်းလွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**
ရဲရင့်အောင်စာပေ အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်
အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - ၀၁ ၄၀၁၃၆၄၊ ၀၁ ၇၃၁၁၃၉၀၉

၈၉၅.၈၃
သစ်ငုတ်စိုးတဲ့ဖိုးသုည
တစ္ဆေတစ်ကောင်၏မွေးနေ့လက်ဆောင်/သစ်ငုတ်စိုးတဲ့ဖိုးသုည။
-ရန်ကုန်၊
ဂန္ထဝင်မြိုင်စာပေ၊ ၂၀၁၁။
၁၂၀-စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) တစ္ဆေတစ်ကောင်၏မွေးနေ့လက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သောအခန်းများ


အခန်း ၁။ မရဏာခရီး

အခန်း ၂။ တစ္ဆေတိုက်တဲ့ကား

အခန်း ၃။ ပျောက်သွားတဲ့အလောင်း

အခန်း ၄။ ဝိညာဉ်ပေးတဲ့ စာ

အခန်း ၅။ သူတို့နောက်က မိန်းမ

အခန်း ၆။ ညက အဘိုးအို

အခန်း ၇။ ခေါ်လိုက်သည်

အခန်း ၈။ နေတတ်သူ

အခန်း ၉။ ဘယ်လိုသေရမလဲ

အခန်း ၁၀။ ဟိုနေ့ကမိန်းမ

အခန်း ၁၁။ ရေထဲကသရဲ

အခန်း ၁၂။ အစိမ်းသရဲမလေး

အခန်း ၁၃။ သွေးပေနေသည့် ရုပ်ကြီး

အခန်း ၁၄။ ဝိညာဉ်နိုင်ဆရာ


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အခန်း ၁၅။ | ဆုံးသွားပြီ |
| အခန်း ၁၆။ | မှန်ဝိုင်းလေး |
| အခန်း ၁၇။ | တသွေပြေးပြီ |
| အခန်း ၁၈။ | နောက်ဆုံးည |


နိဂုံး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

အနီရောင် 4W SULF ကားကြီးက ရန်ကုန် ပုသိမ် ကားလမ်းမကြီးပေါ်တွင် တရိပ်ရိပ်နှင့်ပြေးလို့နေသည်။

"ဟေး ... ဟေး"

ကားပေါ်ကပျော်ရွှင်စွာရယ်မောလိုက်သည့် အသံကပတ်ဝန်းကျင်တစ်ခုလုံးကို ဆူညံလို့သွားသည်။

"ငါကတော့ ကျောင်းမှာ စာကျက်ရတာပင်ပန်းခဲ့သမျှ ချောင်းသာရောက်မှ အပြတ်အနားယူပစ်လိုက်မယ်"

ရွှေစင်က သူ့အသံစာစာနှင့်ပြောတော့ ဇာလေးဆိုသည့် လူကောင်းသေးသေးနှင့် ကောင်မလေးက–

"နင်ကတော်တော် စာကျက်တယ် ဟုတ်လား၊ မိရွှေစင် အားနေ့အိပ်နေတာ အချင်းချင်းတွေချည်းပဲ အကြောင်းမသိတဲ့လူပါနေတာမဟုတ်ဘူး လူအထင်ကြီးအောင်လျှောက်ပြောမနေနဲ့"

"ငါ့ဘာသာပြောတာ ဘာဖြစ်လဲ"

ရွှေစင်က ဇာလေးအားပြန်ပြောလိုက်ရာ သူတို့နှစ်ယောက်ကြားတွင်ထိုင်နေသည့် နိုးနိုးက –

"နင်တို့ကလည်းဟယ် ... တော်ကြပါတော့၊ တွေ့ရင် ရန်ဖြစ်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေချည်းပဲ ချောင်းသာရောက်မှ သောင်ပြင်မှာ နပန်းလုံးကြ ကားပေါ်မှာ ရန်ဖြစ်မနေနဲ့''

''ရွှေစင်နဲ့ ဖာလေးနပန်းလုံးရင် ငါဒိုင်လုပ်မယ်၊ အသေသား [illegible] စိတ်မဆိုးကြေး သေတဲ့လူကို ရေသချိုင်းချမယ်''

သော်ဇင်က ကားမောင်းနေရင်း လှမ်းနောက်လိုက်ရာ နိုင်ဦးက–

''လောင်းကြေးပါလုပ်မယ် သော်ဇင်၊ မင်းဘယ်သူ့ဘက်က လောင်းမလဲ''

နိုင်ဦးက သော်ဇင်ကိုစိန်ခေါ်လိုက်သည်။ သော်ဇင်ကတော့ သူ့ရှေ့က ကုန်ကားကြီးတစ်စီးကိုကျော်တက်လာပြီး–

''ငါက ဖာလေးဘက်ကလောင်းမယ်၊ သူက လူကောင်သေးပေမယ့် လျင်တယ်ကွ''

''မင်းဘယ်လိုသိလဲ''

''ငါနဲ့ မြေနီကုန်းက စူပါမားကတ်သွားတုန်းက လုံခြုံရေးကင်မရာတွေ လွတ်အောင် ဘောပင်တစ်ချောင်းခိုးလာတယ်''

''ဟယ် ... သော်ဇင်·ငနော ကဲဟယ် ဘုန်း ဘုန်း''

ဖာလေးကလက်မြန်စွာနှင့် ကားမောင်းနေသည့် သော်ဇင်ရဲ့ပခုံးကို နောက်မှထုလိုက်သည်။ သော်ဇင်နှင့် နိုင်ဦးကတော့ တဟားဟားနှင့်ရယ်လို့နေသည်။

သူတို့အားလုံးက စီးပွားရေးတက္ကသိုလ်နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးတာကြောင့်အပန်းဖြေသည့်အနေဖြင့်ချောင်းသာသို့ခရီးထွက်လာခြင်းဖြစ်သည်။

တက္ကသိုလ်ရောက်သည့် ပထမနှစ်မှ အတူတကွပေါင်းလာသည့် အပေါင်းအသင်းများဖြစ်တာကြောင့်လည်း တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ကြီးကြ၏။

ရွှေစင်က ပဲခူးသူဖြစ်သလို ဖာလေးကအုတ်ဖိုဘက်ကဖြစ်ကာ နိုးနိုးက ကော့မှူးကဖြစ်သည်။

သော်ဇင်နှင့်နိုင်ဦးက ရန်ကုန်မှပင်ဖြစ်ပြီး သူတို့နှစ်ယောက်ပိုင် ကားပေါ်မှပါလာသည့် ရန်ကုန်မှလူတစ်ဦးရှိသည်။

သူကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်က သူငယ်ချင်းတွေ စကြနောက်ကြတာ သူနှင့်မဆိုင်သလို ဆုံးခုံတန်း၏ အစွန်းတွင်ထိုင်ကာ ကားအပြင်ဘက်သို့ငေးနေသူ နရီချို လေသည်။

ကားလေးတဲ ရိပ်ရိပ်ပြေးနေရာ ဗိုလ်မြတ်ထွန်းတံတားကိုကျော်ပြီး ပန်းတနော်သို့ပင်ရောက်လာသည်။ သော်ဇင်က ...

"ဗိုက်ဆာတယ် ... ငါတို့တစ်ခုခုစားရအောင်"

"ကောင်းတယ်"

သော်ဇင်စကားကို တစ်ယောက်တစ်ပေါက်ထောက်ခံလိုက်ကြသည်။ သော်ဇင်က အဝေးပြေးကားလမ်းမဘေး စားသောက်ဆိုင်ရောက်သောအခါ ဆိုင်ရှေ့ကားထားရာနေရာတွင် ကားကိုမောင်းဝင်လာပြီး ရပ်လိုက်၏။

ကားပေါ်ကဆင်းကြတော့ ကျန်ခဲ့သည့် နရီချိုအား ဇာလေးက –

"နရီ ... ဆင်းလေ ကားပေါ်မှာဘာလုပ်နေတာလဲ"

"ငါမဆာဘူးဟာ နင်တို့ဘာသာစားကြ"

နရီချိုက ငြင်းလိုက်၏။ ရွှေစင်ကပါ နရီချိုအား ...

"လာပါဟာ ... နင့်ကြည့်ရတာ ကြက်ကြီးလည်လိမ်ထားသလိုမျိုးပဲ ... ဘာဖြစ်နေတာလဲ"

"ငါမဆာလို့ပါ ... "

"မဆာလည်းမရဘူး လာဆိုင်ထဲလိုက်ထိုင်၊ ကားပေါ်မှာချည်းပဲဆိုတော့ ညောင်းတယ်"

ဇာလေးက ကားလေးတံခါးဖွင့်ကာ နရီချိုလက်ကိုဆွဲခေါ်သဖြင့် နရီချို မဆင်းချင် ဆင်းချင်ဖြင့် ကားအောက်သို့ဆင်းလာသည်။

ဆိုင်ထဲရောက်တော့ သော်ဇင်က –

"နရီ နင်ဘာမှာမလဲ"

"ဘာမှမမှာဘူး စားလည်းမစားချင်ဘူး"

"နရီကတော့လုပ်ပြီ ထစ်ချွန်းက သူ့အဖေနိုင်ငံခြားကပြန်လာမှာကို ကြိုစရာရှိလို့ တစ်ခါထဲမလိုက်နိုင်တာပါ ...

နောက်နေ့ကျရင်လိုက်လာမှာပေါ့ဟာ ထစ်ချွန်းမပါတာနဲ့ ငိုမျက်နှာကြီး စူပုပ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သော်ဇင်က နရီချိုကိုပြောသလို နိုးနိုးတလည်း ...

"ဟုတ်သားပဲ နရီရယ် တို့သူငယ်ချင်းတွေပျော်ပျော်ရွှင်ရွှင်နဲ့ ခရီးသွားတာကောင်းပါတယ်"

"ဒါသူငယ်ချင်းက အချစ်ကြီးတယ်၊ ထစ်ချုန်းကိုလုံးဝခွဲနိုင်တာမဟုတ်ဘူး၊ အခုခရီးမှာ ထစ်ချုန်းကိုပါစေချင်တာ ဟုတ်တယ်နော် နရီ"

ရွှေစင်ပြောတာကို နရီချိုက ဘာမှပြန်မပြောဘဲ အသာငြိမ်၍နေသည်။ နိုးနိုးက ...

"ထစ်ချုန်းကလည်း နရီကိုချစ်ပါတယ်၊ ဟိုတစ်နေ့ကတောင် ပြောသွားသေးတယ် သေရင်တောင် နရီ့ဘေးနားမှာ ဝိညာဉ်အဖြစ်နဲ့ရှိမယ်တဲ့"

"နိုးနိုးကလည်းဟယ် ထစ်ချုန်းကသေမှမသေသေးပဲ"

ရွှေစင်ကပြောတော့ နိုးနိုးက ...

"ထစ်ချုန်း ပြောတာကိုပြောတာ"

"ထစ်ချုန်းသေရင်တော့ အနားအလာမခံနဲ့ နရီ၊ ဒီကောင်သေရင် ဟောဒီလို မျက်လုံးကြီးပြူးပြီး လျှာတန်းလန်းကြီးနဲ့ ကြောက်ဖို့ကောင်းမှာ သေချာတယ်"

"ဟီး ... ဟီး ... ဟီး ... "

နိုင်ဦးက မျက်လုံးပြူးလျှာထုတ်ပြတော့ သော်ဇင်ကသရဲကားတွေထဲက ရယ်သလိုရယ်ပြသည်။

"နင်တို့ကလည်းဟယ် ပေါက်ကရ ... "

အမျိုးမျိုးပိုင်းစသော်လည်း နရီချိုကမတုန်မလှုပ် စားပွဲပေါ်မှရေနွေးအိုးကို အဓိပ္ပာယ်မဲ့စွာငေးနေသည်။

သော်ဇင်တို့အားလုံး အစားအသောက်ကိုစားသောက်ကြပြီးနောက် ပိုက်ဆံရှင်းကာ ခရီးထွက်ဖို့အတွက်ဆိုင်ထဲမှထွက်ကာ ကားပေါ်တက်ပြီး မောင်းထွက်လာလေတော့သည်။

*** ... ***



www.burmeseclassic.com

www.burmeseclassic.com

အရွေးတိုက်တဲ့ကား

## အခန်း (၂)

"သော်ဇင် ငါတို့ဘယ်အချိန်ချောင်းသာရောက်မှာလဲ"

နရီချိုက လေသံပြတ်ပြတ်နှင့်မေးလိုက်၏။

"အခုပဲ ၅ နာရီထိုးတော့မယ်၊ ပုသိမ်ကိုတောင် မိုးချုပ်မှရောက်မယ်ထင်တယ်"

"ပအင် ‒ အဲလိုဆို တို့ပုသိမ်မှာညအိပ်မှာပေါ့ဟုတ်လား သော်ဇင်"

နိုးနိုးမေးတာကြောင့် သော်ဇင်က ပခုံးကိုတွန့်ပြလိုက်ပြီး ...

"မတတ်နိုင်ဘူးလေ တို့ရန်ကုန်ကထွက်လာကတည်းက နောက်ကျနေတာ ဒီကောင်နိုင်ဦးကိုလိုက်ရှာနေရတာလေ ‒ ပုသိမ်က ဟိုတယ်တစ်ခုမှာ တည်းပြီး မနက်စောစောထသွားတာပေါ့"

"အေးလေ ‒ ဘာတတ်နိုင်မှာလဲ"

နိုးနိုးကစိတ်လျှော့လိုက်သည့် လေသံနှင့်ပြောလိုက်၏။ ကားကတရိပ်ရိပ်နှင့်မောင်းနေရင်း အချိန်က တဖြည်းဖြည်းနှင့်အလင်းရောင်ကုန်ကာ မှောင်းလာသဖြင့် သော်ဇင်ကကားကိုမီးထိုးပြီး မောင်းလာရသည်။

ကားပေါ်ပါလာသည့် လူအားလုံးကလည်း ငိုက်မြည်းလို့နေကြသည်။ ရွှေစင်နှင့်ဇာလေးက လုံးဝကိုအိပ်ပျော်သွားကာ ဟောက်သံပင်ထွက်လို့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထဲတွင်မအိပ်ဘဲနေတာက နရီချိုပင်ဖြစ်သည်။ ကားပြတင်းပေါက်တစ်ဆင့် အပြင်ဘက်မှအမှောင်ထဲသို့ကြည့်ရင်းလိုက်ပါလာသည်။ သော်ဇင်နှင့် ခရီးကားမောင်းနေရင်း ကားနောက်ကြည့်မှန်မှတဆင့် နရီချိုကို ...

"နရီ နင်ဘာတွေငေးနေတာလဲ အမှောင်ထဲမှာ ဘာကိုမြင်ရလို့လဲ"

" ... "

"ဟဲ့ ... ငါမေးနေတယ်လေ မကြားဘူးလား"

"ကြားတယ်"

"ကြားရင်ဖြေပေါ့ဟာ ... နင်ပုံစံက ငူငူငိုင်ငိုင်နဲ့ သရဲမကျနေတာပဲ"

သော်ဇင်ကအပြစ်တင်တော့ နရီချိုက မကျေမနပ်ဖြင့် စိုက်ကြည့်လို့နေ၏။ သော်ဇင်ဘေးကားမောင်းသည့် နေရာဘေးတွင် နိုင်ဦးက အိပ်မောပင်ကျနေသည်။

"ဒီကောင် ငါ့ကိုကူမောင်းပေးမယ်လို့မရှိဘူး၊ အိပ်တောင်ပျော်နေတယ်"

သော်ဇင်က ဟိုလူ့အပြစ်တင် ဒီလူ့အပြစ်တင်နှင့်ကားကိုမောင်းလာသည်။ ညရောက်ပြီမို့ ကားတွေကအသွားအလာရှင်းသလို လမ်းဘေးဝဲယာတွင် ရွာသိပ်မရှိတော့ဘဲ လယ်ကွင်းပြင်များသာ အများဆုံးရှိသည်။

"ကျွီ ... "

ရုတ်တရက်သော်ဇင်က ကားဘရိတ်ကို ဆောင့်အုပ်လိုက်သဖြင့် ကားပေါ်တွင် အိပ်ပျော်နေကြသော ရွှေစင်၊ ဇာလေး၊ နိုးနိုးနှင့် နိုင်ဦးတို့နိုးသွားသည်။ နရီချိုက သော်ဇင်ကို ...

"ဟဲ့ ... ဘာဖြစ်တာလဲ"

"ရှေ့ ... ရှေ့ ... ရှေ့မှာ"

သော်ဇင်ပုံကသွေးပျက်လို့နေသည်။ ကားရှေ့မီးအလင်းရောင်အောက်ကို သူတို့အားလုံးပြိုင်တူကြည့်လိုက်ကြ၏။

"ဟာ ... "

"အို ... "

"ကြောက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် အသံတွေနှင့်အတူ နိုင်ဦးက ...

"ဟော့ကောင် ... သော်ဇင် မင်း ... မင်းတိုက်လိုက်တာလား"

"မ ... မဟုတ်ဘူး"

သော်ဇင်က အကြောက်အကန်ငြင်းသည်။ ကတ္တရာလမ်းပေါ်တွင် အမျိုးသမီးတစ်ဦး သွေးအိုင်ထဲ၌လဲကျနေ၏။ နိုင်ဦးက သူ့ကိုစိတ်ကိုတင်းကာ

"လာ ... သော်ဇင် တို့တွေဆင်းကြည့်ရအောင်"

"ဖြစ်ပါ့မလား တော်ကြာ ငါတရားခံဖြစ်သွားဦးမယ်"

သော်ဇင်က ကြောက်ကြောက်နှင့်ပြောနေ၏။ နိုင်ဦးက ...

"တရားခံဖြစ်တာ မဖြစ်တာနောက်မှ လောလောဆည် အောက်ကလူရဲ့ အခြေအနေကိုကြည့်မှဖြစ်မယ်"

"အင်း"

သော်ဇင်က ကားမောင်းနေသည့် စတီယာတိုင်ပေါ်ခေါင်းငုံ့ထားရာမှ ထ၍ ကားတံခါးကိုဖွင့်ကာအောက်သို့ဆင်းသွားသည်။ နိုင်ဦးကလည်း တစ်ဖက်တံခါးမှဖွင့်၍ အောက်သို့ဆင်းပြီးကား လမ်းမပေါ်ပက်လက်ဖြစ်နေသည့် အမျိုးသမီးနားသို့လျှောက်လာကြသည်။ အမျိုးသမီး၏ ဦးခေါင်းဒဏ်ရာမှ သွေးများစီးကျနေသလို ကတ္တရာလမ်းမပေါ် ပက်လက်ဖြစ်နေသည့် အနေအထားက ကားတစ်စီးပြင်းပြင်းထန်ထန် အတိုက်ခံထားရသည့်ပုံဖြစ်သည်။

နိုင်ဦးက ထိုအမျိုးသမီးဘေးထိုင်လိုက်ပြီး လက်မှသွေးကြောကိုစမ်းကြည့်လိုက်ရာ ...

"ဟာ ... အသက်ရှိသေးတယ် သော်ဇင်"

"ဟင် ... ဟုတ်လား"

သော်ဇင်က နိုင်ဦးဘေးသို့ကပ်ကာ အမျိုးသမီးအခြေအနေကို အနီးကပ်ကြည့်လိုက်၏။

"တို့တွေ သူ့ကိုသယ်သွားပြီး နီးစပ်ရာဆေးရုံကိုပို့လိုက်ရင်ကောင်းမယ်"

"ဖြစ်ပါ့မလား တော်ကြာ ငါတို့ကိုစစ်လားဆေးလားလုပ်ရင် ဘယ်လိုလုပ်မလဲ"

သော်ဇင်ရဲ့မျက်နှာပျက်လို့နေသည်။ နိုင်ဦးက သော်ဇင့်ကိုလှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ...

"သော်ဇင် လူတစ်ယောက်ရဲ့အသက်ကိုကယ်ကောင်းမ[illegible]ယ်၊ ဒီအတိုင်းသူ့ကိုထားခဲ့ရင်သေသွားမှာပေါ့ ပြဿနာတက်ရင်လည်း ကြည့်ရှင်းမယ်"

"အင်း"

သော်ဇင်က ခေါင်းကိုကုတ်နေသည်။ နိုင်ဦးကအမျိုးသမီး၏ ခန္ဓာကိုယ်ကိုချီမ၍ ကားဆီသို့လျှောက်လာသည်။ ကားပေါ်ကရွှေစင်က ...

"ဟဲ့ ... နိုင်ဦးဒါဘာလုပ်တာလဲ"

"ခေါ်လာတာလေ"

"သေနေပြီမလား ထားခဲ့လေဟာ ကားပေါ်ခေါ်တင်လာရင် ငါတို့ကြောက်တယ်"

အထိတ်အလန့်ဖြစ်နေသည့် ရွှေစင်ကသွေးပျက်နေသလို ဇာလေးနှင့်နိုးနိုးတို့က ထိတ်လန့်နေ၏။ နရီချိုကတော့ ဘာကြောင့်ရယ်မသိ၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ အံ့သြခြင်းဘာတစ်မှုမရှိဘဲ ခံစားမှုကင်းစွာ နိုင်ဦးသယ်လာသည့် အမျိုးသမီးကိုကြည့်နေသည်။

နိုင်ဦးက ကားနောက်ဘက် ပစ္စည်းများထားသည့်နေရာတွင် အမျိုးသမီးကိုတင်မည်ပြုတော့ သော်ဇင်ကအထုပ်များကိုဘေးကပ်ပေးသည်။

နိုင်ဦးသည်အမျိုးသမီးကိုကားပေါ်တင်တော့ ...

သော်ဇင်က ...

"ဖြစ်ပါ့မလား အမိုးအကာမရှိဘဲ လေတအားတိုက်မှာပေါ့"

"လေတိုက်တော့ ဘာဖြစ်လဲ ရှေ့အခန်းမှာထားရင် ဟိုဟာမတွေနေရဲပါ့မလား"

"ဒါလည်းဟုတ်တယ်"

နိုင်ဦးစကားကို သော်ဇင်ကထောက်ခံလိုက်ပြီး နှစ်ယောက်သားကားရှေ့ခန်းဆီသို့ပြန်လာခဲ့ကြသည်။

"သူ့ကို ဘယ်ကိုခေါ်သွားမှာလဲ နိုင်ဦး"

"နီးစပ်ရာဆေးရုံပေါ့ဟာ ဒီအတိုင်းထားရင်လမ်းမှာသွေးထွက်လွန်ပြီးသေသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကြောက်တယ်"

သော်ဇင်က ကားစက်ကိုပြန်နှိုးပြီး ဂီယာထိုးကာ ကားကိုမောင်းထွက်လာသည်။ နိုင်ဦးအင်္ကျီနှင့်လက်တို့တွင် အမျိုးသမီး၏သွေးများပေလို့နေသဖြင့် ဇာလေးက

"နိုင်ဦး နှင့်လက်ကသွေးတွေ ရေဆေးလိုက်ပါလား"

"ဆေးမနေတော့ဘူးဟာ ဆေးရုံရောက်ရင် သယ်ရဦးမှာပဲ"

နိုင်ဦးကခပ်ပေါ့ပေါ့ပြောပေမယ့် ဇာလေးကသွေးတွေကိုမြင်ပြီး လန့်လို့နေသည်။ သော်ဇင်က ကားမောင်းရင်းဘာစကားတစ်ခွန်းမှမပြောဘဲ ကားကို ဂရုတစ်စိုက်သာမောင်းလို့နေလေသည်။

နိုးနိုးက သော်ဇင်အား ...

"နင်တာဂျာယ်တိုက်လိုက်တာ မဟုတ်ပါဘူးနော်"

" ... "

သော်ဇင်က ဘာမှပြန်မဖြေ။

"နင်တိုက်လိုက်တာဆိုရင် ဒုက္ခရောက်ပြီ ဘယ်လိုများဖြစ်တာလဲ ဟယ်"

"နင်သိပ်စကားများတယ် နိုးနိုး ... ငါမတိုက်ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ"

သော်ဇင် ဒေါသသံဖြင့်နိုးနိုးကိုအော်လိုက်ရာ နိုင်ဦးက ...

"နိုးနိုးကလည်း အမေးအမြန်းထူမနေနဲ့ သော်ဇင်ကလည်း စိတ်လျှော့ အခုကိစ္စက ဘာမှဖြစ်တာမဟုတ်ဘူး၊ တို့တွေ ဟိုမိန်းမကိုကယ်လာတယ်ပဲ မှတ်လိုက်"

"နိုင်ဦးပြောတာ ဟုတ်တယ်"

နရီချိုက လေသံပြတ်ပြတ်နှင့်ဝင်ပြောသည်။ ခဏကြာတော့ အားလုံး ရဲ့စကားသံတွေတိတ်လို့သွားသည်။

သော်ဇင်ကကားကိုမောင်းလာရင်း လမ်းဘေးရှိအလွန်ကြီးမားသည့် ကုက္ကိုလ်ပင်ကြီးတစ်ပင်ရှေ့တွင် အဘွားကြီးတစ်ဦးကားလမ်းပေါ်တက်လာသော သော်ဇင်ကားကိုပိတ်တားလိုက်သည်။

"ကျွို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ ..."

"ဟိုမှာကြည့်ပါလား လမ်းလယ်တက်ပြီး ကားကိုတားနေတယ်"

နိုင်ဦးကို သော်ဇင်ကမေးငေါ့ပြီး ကားမီးအလင်းရောင်အောက်မှ အဘွားအိုကိုပြလိုက်သည်။ နောက်ခန်းက ရွှေစင်တို့ကလည်းစုပြုံကာ ကားရှေ့ အဘွားအိုကိုကြည့်ကြသည်။

မဲနက်နေသောအသားအရေ ရှည်လျားလှသည့် ဆံပင်ဖြူဖြူတို့မှ အသေမသပိနှင့် ဖွာလန်ကြဲနေသလို ပါးရေများတွန့်နေသည့်မျက်နှာတွင် မျက်လုံး က ချိုင့်ဝင်နေကာ သွားတို့မှာကျိုး၍နေလားမသိ ပါးကခွက်နေ၏။

"ကြောက်စရာကောင်းလိုက်တာ သော်ဇင် လူမှဟုတ်ရဲ့လား"

"မသိဘူးဟာ"

အဘွားအိုက ခါးကိုကုန်းကုန်းနှင့်သူတို့ရှိရာသို့လျှောက်လာသည်။

"လာနေပြီ ငါတို့ဆီကို ဘာလုပ်မလို့လဲမသိဘူး"

ဇာလေးအသံက ဒီသိသာသာတုန်လို့နေသည်။ အဘွားအို သော်ဇင်ရှိ သည့်ဘက်သို့ တရွေ့ရွေ့လာပြီး ကားတံခါးနားရောက်တော့

"အဘွားကို စားစရာပါရင်ကျွေးခဲ့ပါ"

"ဟင်"

အနီးကပ်မြင်လိုက်မှ ပို၍ကြောက်စရာကောင်းမှန်း သူတို့သိသွား သည်။ အဘွားအို၏မျက်နှာနှင့်လက်တို့တွင် မီးလောင်ဖုများဖွယ် ဖုများစွာတွေ့ရ သည်။

သော်ဇင်က ...

"ကျွန် ... ကျွန်တော်တို့မှာ စားစရာပါမလာဘူး"

"ဘာ ..."

အဘွားအိုအသံက မာထန်စွာထွက်လာသည်။ မျက်နှာကလည်း ပို၍ တင်းသွားသည်။

"နင်တို့ကားက မသာကားပဲ"

"ဘာဗျ"

နိုင်ဦးက စိတ်တိုသွားပြီးလှမ်းပြောလိုက်ရာ အဘွားအိုက ...

"မသာတင်လာတော့ မသာကားပေါ့ မသာကားမဖြစ်ချင်ရင် နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ပါလာတဲ့ မသာကို ငါအသက်သွင်းလိုက်မယ်''

"ခင်ဗျားက ဘာမို့လဲ''

သော်ဇင်က အဘွားအိုနှင့်အနီးကပ်ပေမယ့် ဘာမှမပြောရဲ နိုင်ဦးကသာ လှမ်းပြောလိုက်ခြင်းဖြစ်၏။

အဘွားအိုက ကြောက်မက်ဖွယ်ပြုံးလိုက်ပြီး လေသံမာမာနှင့်

"ငါက ဒီသချိုင်းစောင့်''

"ဟင်''

"ဟာ''

အဘွားအိုက ကုက္ကိုလ်ပင်ကြီးနောက်လှမ်းပြရာ အုတ်ဂူများနှင့်ရွှဲ စောင်းစောင်းဇရပ်ကို အမှောင်ထဲတွင်တွေ့လိုက်ရ၏။

အားလုံးရဲ့မထင်မှတ်သည့် ထိတ်လန့်စရာအသံတွေက ရှေ့ဆင့်နောက် ဆင့်ထွက်လာသည်။ နိုင်ဦးက သော်ဇင်ပခုံးကို လှမ်းရိုက်ပြီး ...

"မောင်း ... သော်ဇင် မောင်း''

သတိပေးလိုက်ရာ သော်ဇင်က ကားကိုဂီယာထိုး၍ အရှိန်ကိုတင်ကာ မောင်းထွက်လာသည်။

ရွှေစင်၊ ဇာလေးနှင့် နိုးနိုးတို့က တစ်ယောက်နှင့်တစ်ယောက် ပူးကပ် ထားသလို နရီချိုကလည်း သူ့ဘေးက ဇာလေးလက်ကိုကိုင်ထား၏။

မောင်းထွက်သွားသော သော်ဇင်တို့ကားကိုကြည့်ပြီး အဘွားအို၏

"ဟား ... ဟား ... ဟား ... ''

ရယ်မောသံကြီးကို သူတို့အားလုံးကြားလိုက်ရသည်၊ သော်ဇင်က အရှိန် ပြင်းပြင်းနှင့်မောင်းလေရာ မကြာမီ မီးအလင်းရောင်ထိန်ထိန်များကို လှမ်းတွေ့ လိုက်သဖြင့် မြို့တစ်မြို့နှင့်နီးလာပြီဟု စိတ်ထဲတွေးကာအားတက်သွားသည်။

ကားပေါ်ပါလာသည့် နောက်ခန်းက အမျိုးသမီးအခြေအနေက ဘယ်လိုဖြစ်နေမှန်း သူမတွေးတတ်တော့ ... သူငယ်ချင်းတွေ ပျော်ပျော်ရွှင်ရွှင် ထွက်လာသည့် ခရီးမှာအခုလို ထိတ်လန့်ကြောက်မက်ဖွယ်တွေ ကြုံနေရသည့် အတွက် အလွန်မှကိုစိတ်ပျက်မိလေတော့သည်။

❋...❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မြို့ထဲရောက်တော့မယ်ဆိုတော့ အားလုံးရဲ့စိတ်တွေတက်ကြွသွားကြသည်။ နိုင်ဦးက ...

"သော်ဇင် မြို့ထဲဝင်တာနဲ့ ဆေးရုံဘယ်နားရှိလဲလို့ တွေ့တဲ့လူကိုမေး"

"အေး"

သော်ဇင်က နိုင်ဦးကိုလှည့်မကြည့်ဘဲဖြေသည်။ ကားကမြို့ထဲဝင်လာတော့ ရွှေစင်တို့လည်း ကြောက်စိတ်ပြေလို့သွား၏။

မြို့ထဲမို့ ဆိုင်းတန်းများလူများဖြင့်ရှုပ်လို့နေကာ သော်ဇင်က ကားကို လမ်းဘေးသို့ထိုးရပ်လိုက်ပြီး ကွမ်းယာဆိုင်မှလူအား

"အစ်ကို ... ဆေးရုံကိုဘယ်လိုသွားရမလဲ"

"ဒီလမ်းတည့်တည့်သွား ရှေ့နားရောက်ရင် ညာဘက်ကွေ့တဲ့လမ်းကျယ်တစ်ခုတွေ့လိမ့်မယ် အဲဒီလမ်းထဲဝင်သွားလိုက်လို့ လမ်းဆုံးရင် ဆေးရုံကို တွေ့လိုက်မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပဲ"

သော်ဇင်ကပြောပြီးကားကို ကွမ်းယာဆိုင်မှလူပြောသည့် လမ်းအတိုင်း မောင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံရောက်လို့ စစ်လားဆေးလားဖွေပ်ရင် ကြောက်တဲ့ပုံလုပ်မနေနဲ့သော်ဇင်"

"နိုင်ဦးပြောတာ ဟုတ်တယ် ဓသော်ဇင်ကအဖြစ်မှန်ကိုသေချာရှင်းပြ နောက်ကအမျိုးသမီးမသေရင် ပြဿနာကရှင်းသွားမှာပါ"

သော်ဇင်ကဘာမှပြန်မပြော ကားကိုသာဂရုတစ်စိုက်မောင်းလို့နေသည်။ ကားပေါ်က သူငယ်ချင်းအားလုံးကတော့ သော်ဇင်အတွက်စိတ်ပူလို့နေသည်။

ညာဘက်ချိုးလိုက်သည့် လမ်းကျယ်ဆုံးတော့ နှစ်ထပ်အဆောက်အဦများနှင့် ဆေးရုံကိုတွေ့လိုက်ရ၏။

သော်ဇင်ကကားကို ဆေးရုံဆင်ဝင်အောက်ရပ်လိုက်တော့ အားလုံးကားပေါ်မှဆင်းလိုက်ကြသည်။ နိုင်ဦးက

"လာ ... သော်ဇင် တို့တွေဆေးရုံထဲအရင် သွားအကြောင်းကြားမယ် ပြီးမှဆေးရုံဝန်ထမ်းတွေရဲ့ လူညီးနဲ့လာခေါ်ကြတာကောင်းမယ်ထင်တယ်"

"မင်းကောင်းသလိုသာလုပ်"

သော်ဇင်မျက်နှာ သိသိသာသာပျက်လို့နေသည်။ တရားခံမဟုတ်ဘဲ တရားခံဖြစ်မှာ သူအရမ်းစိုးရိမ်နေတာလည်းဖြစ်၏။

ဆေးရုံကဝန်ထမ်းတချို့ကို စုံစမ်းပြီး ဆရာဝန်နားနေခန်းသို့သွား ကာ အကျိုးအကြောင်းကို နိုင်ဦးကရှင်းပြလိုက်သည်။

"သိပ်လည်းစိတ်မပူပါနဲ့ ယာဉ်အမှုစစ်က စစ်ဆေးလိုက်ရင် အဖြေမှန်ထွက်လာမှာပါ ကျွန်တော်တို့လည်း လူနာကိုစစ်ဆေးလိုက်ရင် သိနိုင်ပါတယ်"

"ဟုတ်ကဲ့"

"အခုလို တာဝန်သိသိခေါ်လာတဲ့အတွက် လူနာကံကောင်းတာပဲ လူနာကိုအထဲခေါ်ဖို့ ကျွန်တော်ဝန်ထမ်းထည့်ပေးလိုက်ပါ့မယ်"

ဆရာဝန်ပြောပြီး ဆေးရုံဝန်ထမ်းနှစ်ယောက်ကို တွန်းလှည်းဖြင့်ထည့်လိုက်သည်။

ဆေးရုံအပြင်ဘက်ကားဆီရောက်တော့ ကားနောက်ခန်းသို့ဝန်ထမ်းတို့ကိုခေါ်လာပြီး လူနာအမျိုးသမီးကို မ,ချရန်ပြင်လိုက်သောအခါ

"နိုင် ... နိုင်ဦးမရှိတော့ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ..."

နိုင်ဦးနှင့်သော်ဇင် အံ့သြလို့သွားကြသည်။ ဝန်ထမ်းက ...

"ဘယ်မှာလဲဗျ ခင်ဗျားတို့လူနာ"

"ဟို ... ဟို ..."

သော်ဇင်က ဘာပြောရမှန်းမသိဘူးဖြစ်နေရာ နိုင်ဦးက ...

"ငါတို့သေသေချာချာတင်ခဲ့တာပါ ဘယ်လိုဖြစ်တာလဲ၊ လမ်းမှာကျစရာမရှိပါဘူး ကားဘောင်တွေက အမြင့်ကြီးပဲ"

"ငါတော့ စဉ်းစားလို့မရဘူးကွာ ဘယ်လိုလုပ်ကြမလဲ"

နိုင်ဦး အနည်းငယ်တွေဝေကာစဉ်းစားနေသည်။

"ဘာတတ်နိုင်မလဲကွာ ဆရာဝန်ကိုအကျိုးအကြောင်းသွားပြောရမှာပေါ့"

ဝန်ထမ်းနှစ်ယောက်က သူတို့ကိုနောက်သည်ထင်၍ စိတ်ဆိုးကာ ဆေးရုံထဲဝင်သွားသဖြင့် နိုင်ဦးနှင့်သော်ဇင်တို့က နောက်မှလိုက်ခဲ့ကြသည်။

နိုင်ဦးက ဆရာဝန်ကို အကျိုးအကြောင်းပြောပြတော့

"ခင်ဗျားပြောတာ အဓိပ္ပါယ်မရှိဘူးဗျ၊ သတိလစ်ပြီး ဒဏ်ရာရတဲ့လူက ဘယ်လိုလုပ်ကားပေါ်ကဆင်းသွားမလဲ"

"တ ... တကယ်ပါဆရာ"

"ဒါဆေးရုံဗျ နောက်စရာနေရာမဟုတ်ဘူး"

"ကျွန်တော်တို့ မနောက်ပါဘူး ဆရာ၊ မယုံရင် ကျွန်တော့်အင်္ကျီမှာပေနေတဲ့ သွေးတွေကိုကြည့်ပါ"

ဆရာဝန်က နိုင်ဦးအင်္ကျီကိုအကဲ ခတ်လိုက်ပြီး ...

"ဘယ်လိုဖြစ်တာလဲဗျာ ... ကျွန်တော်မှတ်တမ်းရေးထားလိုက်မယ်"

ဆရာဝန်က လိုအပ်သည့်အချက်အလက်တို့ကိုတောင်းသဖြင့် နိုင်ဦးနှင့်သော်ဇင်ကဖြေကာ ဆေးရုံမှထွက်ခဲ့ကြတော့သည်။

ကားဆီပြန်ရောက်တော့ နီးနီးက ...

"ဟဲ့ ... နင်တို့ဟိုအမျိုးသမီးကိုဆေးရုံထဲ မပို့ကြဘူးလား၊ ဝင်ရုံကထွက်လိုက်နဲ့ ဘာလုပ်နေကြတာလဲ"

"မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားကို သော်ဇင်ကတိုတိုပြတ်ပြတ်ပြော၍ ကားပေါ်တက်လိုက်၏။ နှိုးနှိုးကဆက်၍

"ဟဲ့ … ဘာမရှိတော့တာလဲ"

"နောက်ခန်းက မိန်းမပျောက်သွားပြီ"

"ဟင် … "

ဇာလေးကဝင်ပြီး …

"ငါတို့ကို သရဲခြောက်တာပေါ့"

"မသိဘူးဟာ … နင်တို့အမေးအမြန်းအရမ်းထူတာပဲ ငါစိတ်ညစ်လာပြီ"

သော်ဇင်ကပြောလည်းပြော ကားစက်ကိုနှိုးကာမောင်းထွက်လာသည်။ နှင်းဦးက အားလုံးကို အကျိုးအကြောင်းရှင်းပြသည်။ နရီချို နှင်းဦးပြောတာနားထောင်ပြီး …

"ငါထင်တာက ဟိုအဘွားကြီးနဲ့ဆုံတုန်း ကားပေါ်ဆင်းသွားတာနေမှာ"

"ဟဲ့ … သတိလစ် ဒဏ်ရာရတဲ့လူက ဘယ်လိုလုပ်မလဲ နရီရဲ့ ငါတို့သရဲအခြောက်ခံရတာပါ ငါကြောက်လိုက်တာ"

ရွှေစင်ကပြောလည်းပြော ဇာလေးရဲ့လက်ကိုအတင်းဖက်လို့ထားသည်။ နှင်းဦးက

"ကဲ … ထားတော့ အခုတို့တွေ ပုသိမ်ရောက်ရင် ဟိုတယ်တစ်ခုမှာ ညအိပ်မယ် မနက်မှချောင်းသာဆက်သွားကြမယ်"

"ကောင်းတယ်"

သော်ဇင်က ကားကိုဆက်မောင်းလာရာ ညကိုးနာရီခွဲရောက်တော့ ပုသိမ်မြို့ထဲသို့ ကားဝင်လာသည်။

အရင်အခေါက်တွေလည်း ရောက်ဖူးတာမို့ မြို့လယ်ကသန့်ရှင်းသပ်ရပ်သည့် ဟိုတယ်တွင်တည်းခိုလိုက်ကြသည်။

"ကိုယ့်အိတ်ကိုယ်သယ်ကြ ကားကိုရေဆေးရဦးမယ်"

"အေး"

ကားနောက်ခန်းတွင် ဒဏ်ရာရထားသည့် အမျိုးသမီး၏သွေးများပေနေတာမို့ ရေဆေးရန်ဟိုတယ်ဝန်ထမ်းကောင်လေးအား သော်ဇင်ကမှာထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ နိုင်ဦးက နရီတို့အား ...

"နင်တို့ရေချိုးပြီး အောင်ပြန်ဆင်းခဲ့ကြ ထမင်းစားမယ်"

"ငါမစားတော့ဘူး"

ရွှေစင်ကပြောတော့ နိုင်ဦးက

"မစားလည်း စားရမယ်၊ တို့အပန်းဖြေခရီး စိတ်ညစ်စရာ စိတ်ဆင်းရဲ စရာတွေ တွေးမနေနဲ့"

ပြောလိုက်သည်။ ရွှေစင်တို့အဖွဲ့ကတစ်ခန်း နိုင်ဦးနှင့်သော်ဇင်က တစ်ခန်းနှင့် ဟိုတယ်တွင်တည်းခိုလိုက်ကြသည်။

⁂...⁂



www.burmeseclassic.com

www.burmeseclassic.com



သည်။

မိုးညာ၌ပေးတဲ့ စာ

အခန်း (၄)

ညလေက တဖြူးဖြူးနှင့်တိုက်လို့နေသည်။ ဟိုတယ်ရှေ့မြက်ခင်းပြင်တွင် နိုင်ဦးနှင့်သော်ဇင်တို့ထိုင်နေကြ၏။

"ငါဘယ်လိုမှ မယုံနိုင်ဘူးကွာ၊ ဟိုအမျိုးသမီး ဘယ်လိုကားပေါ်က ဆင်းသွားမှန်းတောင်မသိဘူး"

"နိုင်ဦး ငါထင်တာပြောရရင် အဲဒီမိန်းမက လူမှဟုတ်ရဲ့လားကွာ၊ ဒါတို့သရဲအခြောက်ခံရတာမဖြစ်နိုင်ဘူးလား"

သော်ဇင်အမေးကို နိုင်ဦးခေါင်းခါလိုက်သည်။

"သရဲ အခြောက်ခံရတယ်ဆိုရင် ငါ့အကျီမှာသွေးတွေပေစရာအကြောင်းမရှိဘူး၊ လူမို့လို့သွေးပေတာပေါ့ ...

စဉ်းစားမရတာက သတိလစ်နေတဲ့မိန်းမက ကားပေါ်ကဘယ်လိုဆင်းသွားသလဲဆိုတာပဲ"

"အေးကွာ ... တွေးလို့မရအောင်ပဲ"

ထိုစဉ် ... သူတို့နှစ်ယောက်ထိုင်စကားပြောနေရာသို့ ဟိုတယ်မှ စားပွဲထိုးကောင်လေးတစ်ဦးရောက်လို့လာသည်။

"အစ်ကိုတို့နှစ်ယောက်ကို မိန်းမတစ်ယောက်စာပေးသွားတယ်"

"ဟုတ်လား ပေး"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကလက်ထဲမှ စာရွက်တစ်ရွက်ကို နိုင် ... သို့ထည့်ပေးလိုက်၏။ ထို့နောက် ပြန်ထွက်သွားသည်။ နိုင်ဦးလည်း ...ရွက်ကို ဖြန့်ကြည့်လိုက်ရာ ...

"ဟင်"

စာရွက်မှာ သွေးတို့ဖြင့်ရေးထားသည်ကို အံ့သြစွာ တွေ့လိုက်ရသည်။

"ဒါ ... လာ ... ခဲ့ ... မယ်"

နိုင်ဦးက တစ်လုံးချင်းရွတ်လိုက်ရာ သော်ဇင်ကလှမ်းကြည့်ပြီး ...

"ဘယ်က မိန်းမပေးတာလဲ"

"မသိဘူးလေကွာ  စာရွက်ကိုကြည့်ပါလား သွေးနဲ့ရေးထားတာ"

သော်ဇင်က နိုင်ဦးလက်ထဲက စာရွက်ကိုကိုင်ပြီးကြည့်လိုက်သည်။

"တို့ကားပေါ်တင်လာတဲ့ မိန်းမများဖြစ်နေမလား"

နိုင်ဦးက ခေါင်းတညိတ်ညိတ်လုပ်ကာ ...

"ဖြစ်နိုင်တယ် သူပေးတာပဲဖြစ်မှာပါ"

"ဟင်"

သော်ဇင်က အံ့သြနေသည်။

"တို့တွေ အပျော်ခရီးထွက်လာတာ ဘာတွေဖြစ်နေမှန်းကိုမသိဘူး။ စိတ်ညစ်လိုက်တာကွာ ချောင်းသာတောင်မသွားချင်တော့ဘူး။ ရန်ကုန်ပြန်တာပဲကောင်းမယ်ထင်တယ်"

စိတ်ပျက်လက်ပျက်နှင့်ပြောသည့် သော်ဇင်ကို နိုင်ဦးက ပခုံးဖက်ကာ ...

"ဘာမှစိတ်ပျက်မနေနဲ့ ပုသိမ်တောင်ရောက်လာပြီးပြီ ဆက်သွားမယ် ထစ်ချုန်းလည်း ချောင်းသာလိုက်လာမှာပဲ"

"ဟုတ်တော့ဟုတ်ပါတယ်"

သော်ဇင်က စိတ်လျော့ကာ ပြောလိုက်သည်။ နိုင်ဦးက ...

"မင်းသတိထားမိလား သော်ဇင်"

"ဘာကိုလဲ"

စကားအစပ်အဆက်မရှိမေးလိုက်သည့် နိုင်ဦးကို သော်ဇင်ကမေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"နရီချိုလေကွာ သူကြည့်ရတာတစ်မျိုးပဲ ခါတိုင်းလို သွက်သွက်လက်လက်မရှိဘူး"

"ထစ်ချုန်းတစ်ခါတည်းလိုက်မလာလို့နေမှာပါ"

"မဟုတ်ဘူး သော်ဇင်၊ သူစကားပြောတာ ဘယ်လိုမှန်းမသိဘူး။ မျက်လုံးကကြောင်တောင်တောင်နဲ့"

နိုင်ဦး၏ ချိန်ချိန်ဆဆပြောတာကို သော်ဇင်က ...

"အရင်လို သွက်သွက်လက်လက်မရှိတာတော့ ငါလက်ခံတယ် ထားပါကွာ၊ ထစ်ချုန်းမပါလို့ သူစိတ်မလန်းဘူးလို့ပဲထားပါတော့"

"ဟုတ်မှာပါ လာ သော်ဇင် ညဉ့်နက်နေပြီ အခန်းထဲပြန်ရအောင်"

"အေး"

နှစ်ယောက်သား ဟိုတယ်ရှေ့မြက်ခင်းပြင်ကထကာ ဟိုတယ်တွင်းရှိ အခန်းထဲသို့ လျှောက်လာကြသည်။ သူတို့နေသည့်အခန်းက ဟိုတယ်၏ ဒုတိယထပ်တွင်ရှိပြီး အောက်ထပ်လှေကားမှ အပေါ်သို့တက်၍လာသည်။

နိုင်ဦးက သူ့လက်ထဲတွင် မိန်းမတစ်ယောက်လာပေးသွားသည်ဆိုသည့် သွေးဖြင့်ရေးထားသောစာရွက် ခေါက်လေးကိုကိုင်လာခဲ့သည်။ လှေကားထိပ်ရောက်တော့ အခန်းတွေရှေ့စင်္ကြံလမ်းတွင်လျှောက်နေသည့် မိန်းမတစ်ယောက်ကိုတွေ့ရသဖြင့် နိုင်ဦး သော်ဇင်လက်ကိုဆွဲကာ ...

"သော်ဇင် ဘယ်သူလဲမသိဘူး အခန်းတွေရှေ့ ဘာလိုက်လုပ်နေတာလဲ"

"ဟုတ်တယ်ကွ"

နှစ်ယောက်ဆက်မတက်ဘဲ လှေကားလက်ရမ်းကိုကိုင်ကာချောင်း၍ကြည့်နေသည်။ စင်္ကြံလမ်းမှာ မီးကောင်ဖျော့ဖျော့နှင့်မို့ ဘယ်သူဘယ်ဝါမှန်းသဲသဲကွဲကွဲမသိရ။ သော်ဇင်ကလေးသံခပ်တိုးတိုးနှင့် ...

"နိုင်ဦး တို့အခန်းဝမှာရပ်နေတယ် ဘာလုပ်မလို့လဲမသိဘူး"

"အသာကြည့်နေ"

သူတို့အခန်းဝတွင်ရပ်နေသော မိန်းမက အခန်းဝတွင်ရပ်လျှက် ခေါင်းကိုစိုက်ကာ အခန်းထဲသို့ဖောက်၍မြင်ရသည့်ပုံမျိုးဖြင့် ကြည့်၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သာ အထဲမှာရှိရင်ဘာလုပ်မလဲ မသိဘူး"

"သွေးကြောင်မနေစမ်းပါနဲ့ သော်ဇင်၊ ငါတို့ကိုတစ်ခုခုလုပ်ရင် ငါရှင်းပစ်လိုက်မယ်"

ခဏကြာတော့ အခန်းဝတွင်ရပ်၍ ချောင်းကြည့်နေသည့် မိန်းမကတစ်ရွေ့ရွေ့နှင့် စင်္ကြံလမ်းအတိုင်းအနောက်ဘက်သို့ထွက်သွားပြီး ပျောက်သွားတော့သည်။

"လာ ... သော်ဇင်လိုက်ကြည့်မယ်"

"နေ ... နေပါကွာ ... ဘာလို့လိုက်ကြည့်မှာလဲ လူမဟုတ်ဘဲ သရဲဆိုရင်ဘာလုပ်မလဲ"

သော်ဇင်ကြောက်ရွံ့စွာပြောတဲ့အခါမှ နိုင်ဦးက ...

"မင်းကလည်းနေရာတိုင်းကြောက်နေတယ် လာ ... ငါတစ်ယောက်လုံး ရှိတယ်၊ ကြောက်စရာလုံးဝမလိုဘူး"

နိုင်ဦးကအတင်းခေါ်သဖြင့် သော်ဇင်လည်း နိုင်ဦးနောက်သို့လိုက်လာခဲ့သည်။ စင်္ကြံလမ်းအတိုင်းအနောက်ဘက်ရောက်တော့ အခန်းထောင့်ချိုးတစ်ခုကိုတွေ့ရပြီး ထိုနေရာတစ်လျှောက်မှောင်လို့နေသည်။ နိုင်ဦးက အသာအယာနှင့် အခန်းကိုကွယ်ကာ အမျိုးသမီးထွက်သွားသည်ထင်သည့် လမ်းကိုကြည့်လိုက်၏။

"ရှပ် ... ရှပ် ... ရှပ်"

ခြေသံကိုသာကြားရပြီး လူကိုမတွေ့ရ နိုင်ဦးက ...

"လာ ... သော်ဇင် လိုက်ကြည့်မယ်"

"ဟာကွာ ... မကြည့်ပါနဲ့တော့ မှောင်လည်းမှောင်နေတယ် ပြီးတော့ အသံပဲကြားရတာ ဘာမှမြင်ရတာမဟုတ်ဘူး"

"မင်းမလိုက်ရဲရင်နေခဲ့"

"ဟာ ... မနေရဲပါဘူး"

သော်ဇင်က တစ်ယောက်ထဲနေခဲ့ရမှာတော့ အတော့်ကိုကြောက်လို့နေသည်။ နိုင်ဦး တစ်လှမ်းချင်းလှမ်း၍သွားရာနောက်သို့ သော်ဇင်လည်းကပ်လိုက်လာသည်။ ခြေလှမ်းဆယ်လှမ်းခန့် လှမ်းလိုက်သောအခါ အောက်သို့ဆင်းသည့် လှေကားလေးကိုတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှပ် ... ရှပ် ... ရှပ် ... "

ခြေသံက လှေကားအတိုင်းအောက်သို့ဆင်းသွားသည်ကို ကြားရသည့် နိုင်ဦးက ...

"အောက်ဆင်းသွားတာကွ လာကွာလိုက်ကြည့်မယ်"

"နိုင်ဦး ... အခန်းပဲပြန်ကြရအောင်ကွာ၊ ဒီလှေကားက ဘယ်ရောက်မှန်းသိတာမဟုတ်ဘူး"

သော်ဇင်အသံက သိသိသာသာတုန်လို့နေသည်။ နိုင်ဦးလည်း ကိုယ်မကျွမ်းကျင်သည့်နေရာမို့ စိတ်လျှော့ကာ သော်ဇင်နှင့်အတူ အခန်းဆီသို့ ပြန်လာခဲ့တော့သည်။

✲...✲



www.burmeseclassic.com

## အခန်း (၅)

ဟိုတယ်အခန်းထဲရောက်တော့ သော်ဇင်က ...

"ခုနမိန်းမက သရဲလားမသိဘူးနော် ဘာသဘောနဲ့ တို့အခန်းကိုစောင့်ကြည့်နေတာလည်း မသိဘူး"

"မင်းလှမ်းမေးလိုက်ပါလား"

နိုင်ဦးက အင်္ကျီချွတ်ရင်း သော်ဇင်ကိုပြောလိုက်၏။

"သရဲဆိုငါကြောက်တယ်ကွ ငါတို့ဘက်လှည့်ပြီး ဟီး ဟီးနဲ့ရယ်ပြရင် ဘယ်လိုလုပ်မလဲ"

"သူရယ်ပြရင် ပြန်ရယ်ပြလိုက်ပေါ့"

"ပြန်ရယ်ပြရင် ငါ့ကိုကြိုက်မှာမဟုတ်ဘူး၊ မင်းကိုကြိုက်မှာသေချာတယ် နိုင်ဦး ဘာလို့လဲဆိုတော့ သူကမင်းလိုရုပ်မျိုးပဲနေမှာ"

သော်ဇင်က နိုင်ဦးကိုလှမ်းစသည်။ နိုင်ဦးက ညဝတ်အင်္ကျီကိုဝတ်ရင်း

"ငါ့ကို သရဲကကြိုက်ရင် မင်းသေပြီသာမှတ်တော့ ... ဘာလို့လဲဆိုတော့ သူမကြိုက်တဲ့လူဆို ကုပ်ချိုးသတ်မှာလေ"

"ဟော့ကောင် နိုင်ဦး ပေါက်ကရတွေမပြောနဲ့"

သော်ဇင် ခုတင်ပေါ်လှဲနေရင်းက လှမ်းအော်သည်။

"တကယ်ပြောတာ သရဲကကြောက်တတ်တဲ့လူကို ပိုချောက်တယ်"

www.burmeseclassic.com



"နိုင်ဦး မင်းပါးစပ်ပိတ်ထား"

နိုင်ဦးက ပြုံးစိစိနှင့်ခုတင်ပေါ်ထိုင်လိုက်ပြီး သော်ဇင်အား ...

"သော်ဇင် _ ငါတို့ရွှေစင်တို့ကိုသွားခြောက်ရအောင်၊ သူတို့တွေက မင်းလိုပဲသရဲကြောက်တယ်"

"အေး ... ဟုတ်တယ်"

သူများကို စဖို့နောက်ဖို့ဆို သော်ဇင်က နဂိုကတည်းကမှ ဝါသနာကြီးတာမို့ နိုင်ဦးပြောတာကိုသဘောတူလိုက်သည်။

"မင်းလည်း ငါ့လိုညဝတ်အင်္ကျီအဖြူပါတယ်မလား"

"ပါတယ်"

"ပါရင်လဲ ပြီးရင်တို့နှစ်ယောက်လုံး သဘက်ဖြူကိုခေါင်းမှာအုပ်ပြီး သူတို့အခန်းတံခါး သွားခေါက်မယ်"

"ကောင်းတယ်"

သော်ဇင်က ညဝတ်အင်္ကျီအဖြူကို အမြန်လဲဝတ်လိုက်သည်။ ထို့နောက် ခေါင်းပေါ်မှာအဖြူရောင် တဘက်ကိုတင်ကာအခန်းထဲမှထွက်လာခဲ့ကြသည်။

ရွှေစင်တို့တည်းသည့်အခန်းက သူတို့အခန်း၏မျက်နှာချင်းဆိုင်အခန်းမှာမို့ အခန်းပြင်ရောက်တော့ အခန်းတံခါးကိုခေါက်လိုက်၏။

"ဒေါက် ... ဒေါက် ... ဒေါက်"

နိုင်ဦးက ရွှေစင်တို့အခန်းတံခါးကိုခေါက်လိုက်တော့ သော်ဇင်က

"ခပ်ပြင်းပြင်းခေါက် သူတို့အိပ်ပျော်နေရင် မင်းခေါက်တဲ့အသံလောက်တို ကြားမှာမဟုတ်ဘူး"

"အေး"

နိုင်ဦးက ခပ်ပြင်းပြင်းထပ်၍ခေါက်လိုက်သည်။

"ဒေါက် ... ဒေါက် ... ဒေါက် ... "

သော်ဇင်က အခန်းထဲအခြေအနေကိုသိလို၍ အခန်းတံခါးကိုနားနှင့် ကပ်ကာ နားထောင်နေသည်။

"နိုးနေပြီကွ ဖာလေးထင်တယ် လာနေပြီ"

"အေး"

နိုင်ဦးက ထပ်၍ခေါက်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက် ... ဒေါက် ..."

"ကျွိ ..."

အခန်းတံခါးက တဖြည်းဖြည်းပွင့်လာရာ နိုင်ဦးနှင့်သော်ဇင် သဘက်များကိုခေါင်းအုပ်ကာ လက်နှစ်ဖက်ကိုအသာမြှောက်ထားလိုက်သည်။

ဇာလေးမြင်သွားပြီး သူတို့နှစ်ယောက်ကိုကျော်၍ လက်ညှိုးထိုးပြီး–

"အား"

အာခေါင်ခြစ်အော်ကာ လဲကျသွားသည်။ နိုင်ဦးက ...

"သော်ဇင် တို့စတာ လွန်သွားပြီနဲ့တူတယ်"

နိုင်ဦးက ခေါင်းမှသဘက်ကိုဖယ်၍ပြောလိုက်သည်။ ဇာလေးအော်သံကြောင့် အခန်းထဲမှ ရွှေစင်နှင့် နိုးနိုးကပြေးထွက်လာသည်။

သော်ဇင်က ဇာလေးကိုပွေ့ထား၏။ ရွှေစင်က

"ဘယ်လိုဖြစ်တာလဲ သော်ဇင်"

"ဇာလေး ဘာဖြစ်သွားတာလဲ"

နိုးနိုးကဝင်ပြောသည်။ နိုင်ဦးက ...

"ငါတို့ကို သရဲထင်ပြီးလန့်သွားတာပါ ဘာမှမဖြစ်ပါဘူး သော်ဇင်ခေါ်လာခဲ့"

သော်ဇင်ကပွေ့ထားရင်း မတ်တတ်ရပ်ကာအခန်းထဲမှ ခုတင်ပေါ်သို့ခေါ်လာသည်။ နရီချိုကတော့ ခုတင်ပေါ်ကအိပ်ရာပေါ်တွင် အိပ်ပျော်လျှက်ရှိသည်။

"နင်တို့မှာ ရှူဆေးပါလား ဇာလေးနှာခေါင်းဝကိုထိထားလိုက်"

နိုးနိုးကသူ့အိတ်ထဲမှ ရှူဆေးတောင့်ကိုသွားယူကာ အဖုံးဖွင့်ပြီး ဇာလေးနှာဝတွင်ထိထားပေးသည်။ ရွှေစင်က

"နင်တို့ကလည်း လွန်တယ်၊ ညအချိန်မတော်နောက်ရတယ်လို့"

"အဲဒီလောက်ဖြစ်မယ် မထင်လို့ပေါ့၊ ဇာလေးကလည်းသွေးကြောင်ပါတယ်"

နိုင်ဦးက ဇာလေးဘေးမှာထိုင်ရင်း ရွှေစင်ကိုပြောလိုက်သည်။ သော်ဇင်က ဇာလေးခေါင်းကိုယပ်ခပ်ပေးနေသည်။ အချိန်အနည်းငယ်ကြာတော့ ဇာလေးသတိရလာကာ မျက်လုံးကိုအသာဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ဦး ... ဟို ... ဟို ... မိန်းမ"

"ဟင် ... ဘယ်မိန်းမလဲ"

နိုင်ဦးက တအံ့တဩနှင့်မေးလေရာ ဇာလေးကလက်ညှိုးထိုးကာ

"ဟိုလေ ... ဟို ... နင်တို့နောက်မှာရပ်နေတဲ့ မိန်းမလေ၊ သော်ဇင်ကားနဲ့တိုက်လိုက်တဲ့ မိန်းမ"

"ဟာ ... ငါမတိုက်ပါဘူး သူ့ဘာသာသူလဲနေတာ"

သော်ဇင်ကအတင်းငြင်းရှင်းသည်။ နိုင်ဦးက စိတ်ဝင်တစားဖြစ်နေသလို ရွှေစင်နှင့် နိုးနိုးကလည်း ဇာလေးဘာဆက်ပြောမလဲ နားစွင့်နေကြ၏။ ဇာလေးက

"ငါ ... တံခါးသွားဖွင့်နေတုန်း နင်တို့နှစ်ယောက်ရဲ့နောက်မှာ ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက်ရပ်နေတယ်

ဟိုလေ နင်ကားပေါ်တင်လာခဲ့တဲ့ မိန်းမမျက်နှာမှာလဲ သွေးတွေနဲ့"

"ဟင် ... "

"နင်တကယ်ပြောတာနော်"

သော်ဇင်က လန့်သွားသလို နိုင်ဦးက သေချာအောင်မေးလေသည်။

"ငါတကယ်ပြောတာ နင်တို့ကိုတွေ့လို့ ငါလန့်တာမဟုတ်ဘူး၊ နောက်ကမိန်းမကြောင့် ငါလန့်ပြီးလဲကျသွားတာ"

"ဒါဆို သေချာပြီ"

"ဟဲ့ ... ဘာကိုသေချာတာလဲ"

ရွှေစင်က နိုင်ဦးကိုမေးရာ ...

"ဟိုမိန်းမ ကားပေါ်ကပျောက်သွားပြီး တို့ကိုဒုက္ခလိုက်ပေးနေတာ"

"ဟုတ်ရဲ့လားဟယ် ငါကြောက်လိုက်တာ"

နိုးနိုးက ရွှေစင်လက်မောင်းကို ကိုင်ကာပြောတော့ သော်ဇင်က မျက်စိမျက်နှာပျက်ကာ ...

"ငါသေချာ စဉ်းစားမိတယ် ငါ့ကားရှေ့မှာလဲကျနေကတည်းက ငါတို့ စခြောက်ခံရတာ၊ နိုင်ဦးကလည်း လူမှတ်လို့ကားပေါ်တင်လာတာလေ ဆေးရုံရောက်တော့ မရှိတော့ဘူး၊ လူဆိုရင် သတိလစ်နေရင်ပျောက်သွားစရာအကြောင်းကိုမရှိဘူး"

"ငါ ... ငါတို့ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ရဲ့ အသံကတုန်လို့နေသည်။ ထိုစဉ် အိပ်ရာပေါ်အိပ်နေသည့် နရီချိုခေါင်းထောင်လာပြီး ...

"ဘယ်လိုမှလုပ်မနေနဲ့ ငါ့လိုသာအိပ်နေရင် ဘာမှမသိပါဘူး"

"နင်ပဲ အေးပါတယ် နရီရယ်"

"မအေးဘူး မိရွှေစင် ငါ့ဒေါသတအားထွက်နေတယ် ထစ်ချုန်းငါ့ကို လုပ်တဲ့ပုံကို မကျေနပ်ဘူး"

နရီချို၏ ဒေါသသံကကျယ်လောင်စွာထွက်ပေါ်လို့လာသည်။ နိုင်ဦးက

"ကဲ နင်တို့အိပ်တော့ တစ်ခုခုဆိုငါတို့ရှိတာပဲ လာနှိုးလိုက် ဘာမှ အားမငယ်နဲ့"

"အေးပါ နင်တို့လည်း နှိုးမရအောင်မအိပ်နဲ့ဦး"

"ငါသွားမယ် သော်ဇင်လာသွားမယ်"

နိုင်ဦးကထပြီးသော်ဇင်ကိုခေါ်တော့ သော်ဇင်က ထ၍လိုက်ခဲ့သည်။ နီးနီးကအခန်းတံခါးကိုပိတ်လိုက်တော့ နိုင်ဦးက ...

"နရီချိုနားမှာကြောက်တယ်လို့သွားမပြောနဲ့ သူကအဲဒါတွေယုံတာ မဟုတ်ဘူး"

"အခုဟာ လက်တွေ့ပဲ နိုင်ဦးရယ်"

"ငါတို့အားလုံးလက်ခံတယ်၊ သူကလက်ခံပုံမပေါ်ဘူး၊ ငါတို့ကို နောက်နေတယ်ပဲထင်တာ သွားနိုးနိုး"

နီးနီးက တံခါးပိတ်လိုက်တော့ နိုင်ဦးနှင့်သော်ဇင်လည်း သူတို့အခန်းသို့ ဝင်ရန်ပြင်လိုက်စဉ် ...

"ရှဲ ... ရှဲ ... ရှဲ ... "

"ခဏလေး ငါဟိုအဘိုးကိုမေးလိုက်ဦးမယ်"

"ဘာမေးမှာလဲကွာ လာပါ အိပ်ရအောင်"

"ခဏလေးပါကွာ"

နိုင်ဦးက သော်ဇင်ကိုတားလိုက်ပြီး တံမြက်စည်းလှဲသည့် အဘိုးအို အနားသို့ရောက်လာသည်အထိ ရပ်စောင့်နေသည်။

အဘိုးအိုအနားရောက်တော့ နိုင်ဦးက ...

"ခဏလေး အဘိုးမေးစရာရှိလို့"

---



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက နားမလည်သလိုနှင့်နိုင်ဦးကိုမော့ကြည့်သည်။

"ဒီဟိုတယ်မှာလေ ညဘက်အမျိုးသမီးတစ်ယောက် လမ်းလျှောက်နေတာတွေ့မိလား"

"ဘယ်လို လူလေး"

"အမျိုးသမီးတစ်ယောက်လေ အဘိုးရဲ့ အသက်နှစ်ဆယ့်ငါးဝန်းကျင်လောက်ရှိပြီ မျက်နှာက လေးထောင့်ကျကျမေးရိုးကားကားနဲ့ ရုပ်ရည်ကအတော်လှတယ် ဆံပင်ကလဲအရှည်ကြီး"

"ဟင်"

အဘိုးအို အံ့ဩသွားသလို ခေါင်းကိုလည်းရမ်းလိုက်၏။

"အဘိုးမတွေ့မိဘူးပေါ့"

"အဘိုးက ဒီဟိုတယ်မှာညဘက်တာဝန်ကျတဲ့ သန့်ရှင်းရေးဝန်ထမ်းပါ တခြားကိစ္စတွေ စိတ်ဝင်စားခွင့်မရှိသလို ပြောခွင့်လည်းမရှိဘူး"

"ကျွန်တော်ပြောတာ လူမှုရေးကိစ္စမဟုတ်ဘူး၊ တခြားအရေးတကြီးကိစ္စရှိလို့ပါ"

အဘိုးအိုအထင်လွဲမှုစိုး၍ နိုင်ဦးကရှသေချာရှင်းပြလိုက်သည်။

"အဘိုးတစ်ခုပြောချင်တယ်"

"ပြောပါ အဘိုး"

"လူ့လောကနဲ့ စပ်ဆက်လို့မရတဲ့ ကိစ္စတွေကိုမသိချင်တာ အကောင်းဆုံးက လူလေးတို့ကိုယ့်အခန်းထဲကိုယ်ဝင်ပြီး အိပ်ကြတော့"

ပြော၍ အဘိုးအိုကတံမြက်စည်းဆက်လှဲ၍သွားသည်။

"အဘိုးကြီးက တစ်ခုခုကိုသိနေတာကွ မပြောချင်လို့နေမှာ"

"လာပါနိုင်ဦးရယ် ငါတို့လည်း ဒီဟိုတယ်မှာ တစ်သက်လုံးနေမှာမှမဟုတ်တာ"

သော်ဇင်ကပြော၍ခေါ်သဖြင့် နိုင်ဦးလည်း အခန်းထဲသို့ဝင်လာခဲ့တော့သည်။

*** ... ***



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

နောက်တစ်နေ့နံနက်စောစော အိပ်ရာထတော့ ခရီးဆက်ထွက်ရန်အတွက် နိုင်ဦးနှင့်သော်ဇင်တို့ အဝတ်အစားတို့ကို အိတ်ထဲထည့်ပြီး အခန်းပြင်သို့ထွက်လာခဲ့ကြသည်။

"ရွှေစင်တို့ကိုပြောလိုက်ဦးမယ်"

"အေး"

သော်ဇင်က ရွှေစင်တို့အခန်းတံခါးကိုခေါက်လိုက်သည်။

"ဒေါက် ... ဒေါက်"

"ငါတို့အောက်ထပ်က စောင့်နေမယ်၊ မြန်မြန်လုပ်ကြားလား"

"အေး"

အထဲမှပြန်အော်သံကြားရသဖြင့် နိုင်ဦးနှင့်သော်ဇင်တို့လည်း အထုပ်များကိုဆွဲကာ ဟိုတယ်အောက်ထပ်သို့ဆင်းလာခဲ့ကြသည်။

အောက်ထပ်ရောက်တော့ ဧည့်ကြိုကောင်တာတွင် မှတ်ပုံတင်များတောင်း၍ ဟိုတယ်ဧည့်ခန်း၌ ရွှေစင်တို့ကိုထိုင်စောင့်နေသည်။

ဟိုတယ်ဝန်ထမ်းကောင်လေးက

"အစ်ကိုတို့ ကော်ဖီသောက်ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"မသောက်တော့ပါဘူးကွာ ... အဲ ညီလေး ခဏလာဦး"

နိုင်ဦးကပြန်ဖြေပြီး တစ်စုံတစ်ခုကိုသတိရသွားကာ ဝန်ထမ်းကောင်လေးကို လှမ်းခေါ်လိုက်သည်။

"ဘာလဲ အစ်ကို"

ကောင်လေးက နိုင်ဦးရှေ့ ရိုသေစွာရပ်ကာမေးလိုက်၏။

"မင်းတို့ ဟိုတယ်မှာ ညဘက်သန့်ရှင်းရေးဝန်ထမ်းထားလား"

ကောင်လေးရဲ့မျက်နှာပျက်သွားသည်။ ပြီးတော့ ...

"အရင်ကရှိပါတယ် လွန်ခဲ့တဲ့တစ်လလောက်ကစပြီး မရှိတော့ပါဘူး"

"ဟင်"

နိုင်ဦးနှင့်သော်ဇင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"ဘာလို့လဲ ... အစ်ကို"

နိုင်ဦး မေးသင့်မမေးသင့်စဉ်းစားလိုက်သည်။ ကောင်လေးကလည်း သူဘာပြောမလဲ သိချင်နေပုံရ၏။

"ဘာမှ မဟုတ်ပါဘူးကွာ ... တချို့ဟိုတယ်တွေမှာဆို ညဝန်ထမ်းတွေ ထားတတ်လို့မေးတာပါ"

"ဦးဖြူဆိုတဲ့အဘိုးကြီးဆုံးပြီးတဲ့နောက် ဘယ်ဝန်ထမ်းမှ ညဘက်သန့်ရှင်းရေးမလုပ်ရဲကြတော့ဘူး အစ်ကို"

"ဟင် ... ဘာလို့လဲ ငါ့ညီ"

ကောင်လေးကဆက်၍ ...

"ဦးဖြူက ဒီဟိုတယ်စဖွင့်ကတည်းက ညဘက်သန့်ရှင်းရေးလုပ်တာ နှစ်တွေလည်းကြာနေပြီ အလုပ်ကိုလည်းတအားကြိုးစားတာ တစ်ရက်မှမပျက်ဘူး ...

ကံဆိုးချင်တော့ လွန်ခဲ့တဲ့တစ်လ ဟိုတယ်မှာသန့်ရှင်းရေးလုပ်နေတုန်း ပေါက်နေတဲ့ ဝါယာကြိုးကိုနင်းမိပြီး ဓာတ်လိုက်သေသွားတယ်၊ ညကသူသေတာ တစ်လပြည့်တဲ့ ညပေါ့"

"ဟေ"

"ငါ ... ငါတို့တွေ့ခဲ့တာ ... "

---



www.burmeseclassic.com

www.burmeseclassic.com



သော်ဇင်က အသံတုန်တုန်ဖြင့်ပြောဖို့ကြံလိုက်ရာ နိုင်ဦး၏ သော်ဇင်လက်ကိုကိုင်ထားသဖြင့် ဆက်မပြောဖြစ်ဘဲ ငြိမ်နေလိုက်၏။

"အစ်ကိုတို့ ဘယ်ဆက်သွားမှာလဲ"

"ချောင်းသာကို ညီလေး"

"ချောင်းသာဟိုတယ်ကို ကြိုဖို့ငှလုပ်ပြီးပြီလား အစ်ကို"

"မလုပ်သေးဘူးကွ"

နိုင်ဦးကဖြေတော့ ကောင်လေးက လက်ကာပြကာ ...

"ကျွန်တော်လှမ်းပြောပေးရမလား၊ ပင်လယ်နဲ့နီးတဲ့သောင်ပြင်က ဘန်ဂလိုရအောင်လေ"

"မင်းကူညီမယ်ဆို ကောင်းတာပေါ့၊ တို့အားလုံးခုနစ်ယောက် တစ်ယောက်က နောက်ရက်မှလိုက်လာမှာ"

"ရတယ် အစ်ကို ကျွန်တော်ကူညီမယ်"

ဝိတ်တာကောင်လေးက ကောင်တာဆီသို့သွား၍ ဖုန်းနံပါတ်တစ်ခုကို နှိပ်ကာ ဖုံးခေါ်ပြီးပြောနေသည်။

ထိုစဉ် ...

ရွှေစင်တို့အုပ်စု အပေါ်ထပ်မှဆင်းလာကြသည်။ နိုင်ဦးက ...

"နင်တို့ကလည်း ကြာလိုက်တာဟယ်"

"နရီလေ ... ရေချိုးနေရတာကိုစောင့်နေရလို့ကြာသွားတာ"

နီးနီးကလှမ်းပြောလိုက်၏။ ဇာလေးက ...

"နင်တို့ မှတ်ပုံတင်တွေ ယူပြီးပြီလား"

"အေး"

ဝိတ်တာကောင်လေးက ဖုန်းပြောပြီးရာမှ နိုင်ဦးဆီလျှောက်လာကာ–

"ဟိုတယ်ကိစ္စ ကျွန်တော်ပြောထားတယ် အဆင်ပြေမှာပါ"

"ကျေးဇူးပဲညီလေး အစ်ကိုတို့သွားမယ်"

နိုင်ဦးက အထုပ်ဆွဲကာထွက်လာတော့ ရွှေစင်တို့အုပ်စုလည်း သူတို့အထုပ်များကိုဆွဲကာထွက်လာကြသည်။ ကားဆီရောက်တော့ အထုပ်များကို နောက်ခန်းထဲသို့ထည့်လိုက်ပြီး ရှေ့ခန်းဆီသို့ဝင်ထိုင်ကြသည်။

သော်ဇင်က ...



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်လမ်းက နည်းနည်းကြမ်းတယ် နင်တို့ခေါင်းတွေ သတိထား”

သော်ဇင်ကသတိပေးလိုက်ပြီး ကားကိုဂီယာထိုးကာမောင်းထွက်လာခဲ့သည်။

သော်ဇင်က မြို့ထဲကထွက်ပြီး မြို့ပြင်လမ်းရောက်တော့ ကားသွားကားလာရှင်းနေသလို နေ့လည်ပိုင်းလည်းဖြစ်တာကြောင့် ကားကိုအရှိန်မြင့်မြင့်နှင့် မောင်းလာခဲ့ရာ လမ်းဘေးရှုခင်းတို့က ရိပ်ခနဲ ရိပ်ခနဲကျန်နေခဲ့သည်။

နရီချိုစိတ်ထဲမှာ အခုထိမလန်း သူငယ်ချင်းတွေအားလုံးက ဒီခရီးထွက်ဖို့တိုင်ပင်တော့ သူကိုယ်တိုင်တက်တက်ကြွကြွရှိခဲ့သည်။

သွားခါနီးမှ သူ့ချစ်သူ ထစ်ချုန်းက အတူမလိုက်နိုင်၍ စိတ်ထဲ၌ ဒေါသဖြစ်မိသည်။ သူ့သူငယ်ချင်းတွေအားလုံးက ထစ်ချုန်းပါလျှင် အရမ်းပျော်ဖို့ကောင်းမည်ဟု ထင်ထားကြလေသည်။ ထစ်ချုန်းကသူတို့အုပ်စုတွင် လူပျော်တစ်ယောက်။

ထစ်ချုန်းလာလျှင်ပျော်စရာတွေပါလာသည်။ အားလုံးပျော်ရအောင် တစ်ခါတလေ ဇာတ်လမ်းတွေဆင်ကာစတတ်သည်။

ထို့အတွက်ကြောင့်လည်း ...

တစ်ခါတလေ သူငယ်ချင်းတွေကစိတ်ဆိုးတတ်သော်လည်း ကြာကြာတော့ စိတ်မဆိုးရက် အစအနောက်သန်တဲ့ ထစ်ချုန်းကို ခွင့်လွှတ်ကြသည်လေ ..

❋ ... ❋



www.burmeseclassic.com

www.burmeseclassic.com



"ထစ်ချွန်း နင်အခုလိုပဲနေတော့မှာလား"

"ဟော _ ငါကဒီလိုပဲမနေလို့ ဘယ်လိုနေရမလဲနရီ ကနေရမှာလား"

ကန့်တင်းမှာနှစ်ယောက်တည်းထိုင်ကာ စကားပြောဖြစ်တော့ နရီက ပြောတာကို ထစ်ချွန်းကအလေးအနက်မထားဘဲ ပြန်ပြောခြင်းဖြစ်သည်။

"ငါစိတ်ညစ်တယ် ထစ်ချွန်း _ ငါက ငါ့ချစ်သူကို တည်တည်ခန့်ခန့် ဖြစ်စေချင်တာ အခုတော့ နင်က ဟိုလူ့နောက်လိုက် ဒီလူ့နောက်လိုက်နဲ့ ပြောင်ချော်ချော်နဲ့"

"နရီရယ် _ ငါကဒီလိုပဲနေတတ်တာ နင်သိသားပဲ၊ ငါက ဆရာကြီး ဂိုက်ဖမ်းပြီး ဟော့ကောင်တွေ မင်းတို့ ဟိုဟာလုပ်၊ ဒီဟာလုပ် ငါဘာမှမလုပ်ဘူး အဲဒီလိုပြော အဲဒီလိုနေရမှာလား"

ထစ်ချွန်းက လူကြီးတစ်ယောက်လေသံနှင့် အမူအရာလုပ်ပြလိုက်သည်။ နရီက ...

"နင်ကပြောလေခက်လေပဲ ဟိုတလောက ဇာလေးအဘွားသေလို့ နာရေးလိုက်ပို့တုန်း နင်ဇာလေးကိုစတာ တရားလွန်တယ်"

"နရီကလည်းဟာ အဲဒီတုန်းက ဇာလေးငိုတာကြည့်လေ _ အဘွားရေ သမီးကိုမထားခဲ့ပါနဲ့ဆိုတော့ ငါက ခြော်သူ့အဘွားနောက်လိုက်ချင်မှာပဲ ဆိုပြီး နင်လိုက်သွားချင်ရင် ငါလိုက်ပို့မယ်ဆိုပြီး သကြိုဟ်စက်ထဲလက်ဆွဲခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားတာလေ"

ထစ်ချွန်းက သူ့စေတနာထားပြီးကူညီသည့်ပုံစံဖြင့် နရီကိုရှင်းပြသည်။

"အေး ... အဲဒီတုန်းက နင်ကံကောင်းလို့ ဇာလေးအစ်ကိုတွေက ငဲ့ကိုဝိုင်းထိုးမလို့လေ လူတွေဝိုင်းဆွဲထားလို့"

ထစ်ချွန်းက သူ့လုပ်ရပ်ကို ဘာတစ်ခုမှရှုမစိုက်သည့်ပုံမျိုး အမြဲလုပ်တတ်သည်။ တိုက်ကိစ္စနဲ့ပတ်သက်လို့ ဇာလေးကသူ့ကိုတစ်လလောက် စကားမပြောတော့ ...

ထစ်ချွန်းကတော့ သူ့ပုံစံကိုဘယ်တော့မှမပြင် နရီချိုကိုတော့ အဲတော့ချစ်ရှာသည်။ ပြည့်စုံကြွယ်ဝသည့် အိမ်အသိုင်းအဝိုင်းမှာ ကြီးပြင်းလာသူပီပီ ဘယ်အရာကိုမှ အလေးအနက်မထား သူ့စိတ်အဝင်စားဆုံးက ...

"စနစ်တကျ သူများတွေကိုနောက်ပြောင်ခြင်းပဲ"

သူပြောတဲ့ စကားအတိုင်းပြောရရင်'ဂိမ်းတစ်ခုကိုဖန်တီးတာတဲ့' ပျော်စရာ ဂိမ်းလေးတွေကို အမြဲဖန်တီးတတ်တဲ့ ထစ်ချွန်းကို အားလုံး က Over မဖြစ်ဖို့အမြဲပြောကြသည်။

ဒါပေမယ့် ...

"နရီ နင်ဘာတွေတွေးနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး နင့်အကြောင်းပါ နင့်ရဲ့ပေါက်ကရ ဖန်တီးတတ်တဲ့ ရယ်စရာအကြောင်းလေ"

"အေးဟ ... ငါလည်း စဉ်းစားမိပါတယ် တစ်ခါတလေ ငါလုပ်တဲ့ ကိစ်ရပ်တွေဟာ တခြားသူတွေအတွက် နစ်နာနေမလားလို့"

"တခြားသူတွေတော့ မသိဘူး။ ငါကတော့ ဖြေရှင်းရပေါင်းများနေလို့ သားနေပြီ"

"ငါနင့်ကိုချစ်တာ အဲဒါတွေပဲ နင်ဘယ်လိုကိစ္စမဆို ငါ့ဘက်ကအမြဲ ခံတယ် ငါ့ကိုနားလည်ပေးတယ်၊ နင့်ကို အဲဒီ့အတွက် ... "

ထစ်ချွန်းကမေးလေးကိုထောက်ပြီး စဉ်းစားသလိုလုပ်ကာ အတန်ကြာ တော့ ...

"နင့်မွေးနေ့ကျရင် ငါပျော်စရာဂိမ်းတစ်ခုဖန်တီးမယ် နင်သဘောကျမှာ



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ ထစ်ချွန်း။ နင်လုပ်တဲ့ဟာတွေက ပေါက်ကရတွေ ငါ့အရှက်ကွဲနေပြီမယ်"

နရီချို ထိတ်လန့်စွာတားလိုက်သည်။

"နရီ ... နင့်ရဲ့မွေးနေ့မှာ နင်ပျော်စေရမယ်၊ အဲဒီ့အတွက် အရင်းအနှီးကလည်း အများကြီး ... ငါ့အတွက်လက်ဆောင်ကို နင်ကျေနပ်မှာပါ"

ထစ်ချွန်းကိုဆက်ပြောနေလည်း ထူးမှာမဟုတ်တာကြောင့် နရီချို အသာငြိမ်၍ နေလိုက်သည်။

"နင် ငါ့အိမ်လိုက်ခဲ့ဦးနော် မာမီတို့က နင်မလာတာကြာလို့မေးနေတယ်"

"ခဏ ခဏလိုက်ရတာ ငါရှက်တယ် ထစ်ချွန်း"

"ဘာရှက်စရာရှိလဲဟာ နောက်ဆိုနင်ငါ့အိမ်မှာလိုက်နေမှာပဲ မဟုတ်ဘူးလား"

နရီချို ပြုံးပြုံးလေးနှင့် ခေါင်းငုံ့ကာနေလိုက်သည်။ တက္ကသိုလ်၏အလှဘုရင်မတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်တဲ့ နရီချိုရဲ့ ချစ်သူဖြစ်ရတဲ့ ထစ်ချွန်းက အမြဲဂုဏ်ယူတတ်သည်လေ ...

✲...✲



www.burmeseclassic.com

www.burmeseclassic.com

ခေါ်လိုက်သည်

အခန်း (၇)

နရီချိုကျောင်းမလာတော့ ထစ်ချွန်း မနေတတ်။ အတန်းမတက်ဘဲ အမျှော်မျှော်လုပ်နေရာ နိုင်ဦးက ...

"ထစ်ချွန်းမင်းသွားချင်တဲ့နေရာသွားနေတာ၊ နရီမရှိတော့ မင်း နေတတ်ဘူးမလား"

"အေးကွာ ... ဘာလို့ကျောင်းမလာတာလည်းမသိဘူး"

"နေမကောင်းလို့နေမှာပေါ့ ဖုန်းဆက်ကြည့်လိုက်လေ သူ့ဟန်းဖုန်း ဆိုတော့ မင်းသိနေတာပဲ"

ထစ်ချွန်းကခေါင်းခါလိုက်ပြီး ...

"မဆက်တော့ပါဘူးကွာ"

"မင်းကလည်းတစ်မျိုး နရီချိုသေသွားတာမှမဟုတ်တာ ဒီနေ့မလာ လည်း နောက်နေ့လာမှာပေါ့ မင်းလုပ်တာနဲ့ ငါတို့ပါအတန်းမတက်ရဘူး"

သော်ဇင်ကပြောပြီး လက်ဖက်ရည်ခွက်ထဲမှ လက်ဖက်ရည်ကို တစ်ငုံ သောက်လိုက်ပြီး ရေနွေးကြမ်းငှဲ့နေသည်။

တစ်ချွန်းက စားပွဲခုံးကိုလက်နဲ့ခေါက်ရင်း ...

"ဒီလိုလုပ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြဿနာရှာဦးမှာလဲ ထစ်ချွန်းရာ"

နိုင်ဦးက စိတ်ပျက်လက်ပျက်ပြောလိုက်၏။ ထစ်ချွန်းက နိုင်ဦးအား ...

"မင်း နုရီဆီဖုန်းဆက်လိုက် ငါအိမ်အပေါ်ထပ်ကဆင်းတာ ခြေခေါက်ပြုတ်ကျလို့ ဒီနေ့ကျောင်းမတက်နိုင်ဘူးလို့"

"ဟော ... ကျောင်းမတက်တာ နုရီလေ"

"အေးပါ ဒါ Opposist side ဆန့်ကျင်ဘက်ပြန်သုံးခြင်းပေါ့ကွာ အိမ်မှာမာမီလည်းမရှိဘူး၊ သူ့အမျိုးနေမကောင်းလို့ သတင်းသွားမေးတယ်၊ ငါ့ခြေထောက်ကိုပတ်တီးစည်းထားမယ်"

ထစ်ချွန်းက သူ့အတွေးနှင့်သူပြောနေသည်။ သော်ဇင်က ...

"နုရီက သူလည်းနေမကောင်းဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

"ငါ့ဒဏ်ရာကစိုးရိမ်ရတယ်၊ ခေါင်းပါထိသွားတယ်လို့ အိမ်ကဒရိုင်ဘာက မင်းကိုလှမ်းပြောတယ်လို့ပြောပေါ့၊ ခေါင်းကိုလည်းပတ်တီးစည်းထားမယ်"

သော်ဇင်နှင့်နိုင်ဦးက ဆက်ပြောလည်းထူးမှာမဟုတ်တာကြောင့် ထစ်ချွန်းကို နိုင်ဦးက ...

"နုရီကို ဘယ်အချိန်လှမ်းပြောရမလဲ"

"အခုဆိုဆယ်နာရီခွဲပြီ ဆယ့်တစ်နာရီခွဲလောက်လှမ်းပြော မင်းတို့ကလေ့ခြေမပျက်စေနဲ့နော်"

"ပြီးရောကွာ ... ပြီးရော"

နိုင်ဦးက စိတ်မရှည်တော့၍ အော်လိုက်ပြီး မတ်တတ်ရပ်ကာ သော်ဇင်အား ...

"ငါအတန်းသွားတက်မယ် မင်းလိုက်မှာလား"

"လိုက်မယ်"

"သွား ... သွား ... ငါက အိမ်ပြန်မှာ နိုင်ဦးသေသေချာချာဖုန်းဆက်နော် နုရီငါ့အိမ်လာလို့ မင်းတို့ကိုခေါ်ရင်လိုက်လာခဲ့ဦး"

"အေး"

ထစ်ချွန်းသေချာမှာတာကို နိုင်ဦးက ခေါင်းညိတ်ကာ ကန်တင်းက သော်ဇင်နှင့်အတူ ထွက်လာကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဘာကောင်မှန်းမသိဘူး၊ သူ့ရည်းစားတောင်မချန်ဘူး ဖိုနောက်ဖို့ အမြဲစဉ်းစားနေတယ်"

"သော်ဇင်ရယ် ဒီကောင်က သူလူဖြစ်လာတာ လူတွေကိုပျော်စေဖို့တဲ့ သူ့အိမ်ကခွင့်မပြုလို့ ခွင့်ပြုရင် ဇာတ်ထဲမှာလူရွှင်တော်လိုက်လုပ်မယ်လို့ပြော နေတဲ့ကောင်"

"အေးလေ သူလိုလူမျိုးရှိတော့ တို့တွေစိတ်လည်း ညှစ်ရသလို ပျော် သည်းပျော်ရတာပေါ့"

နှစ်ယောက်သားစကားတပြောပြောနှင့် လျှောက်လာကြရာ အခန်းဝ ရောက်တော့ ဆရာကိုခွင့်တောင်းပြီး အတန်းထဲဝင်ထိုင်လိုက်ကြသည်။

ရွှေစင်က လေသံတိုးတိုးနှင့် နိုင်ဦးအား ...

"ထစ်ချုန်းနဲ့ နရီဘာလို့အတန်းမတက်တာလဲ"

"နရီက ဘာလို့ကျောင်းမလာတာလည်းမသိဘူး၊ ထစ်ချုန်းကတော့ နေ့သွားပြီလားမသိဘူး"

"ထစ်ချုန်းဘာဖြစ်လို့လဲ"

"အပေါ်ထပ်ကအဆင်း လှေကားမှာ မှူးပြီးပြုတ်ကျတယ်လို့ သူ့အိမ်က ခိုင်ဘာပြောတာပဲ"

ရွှေစင်ဘေးမှာထိုင်နေသည့် ဇာလေးက ပြူးပြူးပြာပြာနှင့် ...

"အရက်မူးပြီးပြုတ်ကျတာလား ထစ်ချုန်းအရက်သောက်တာ ငါမတွေ့ ဖူးပါဘူး"

"မသိဘူးဟာ နင်တို့နရီဆီအကြောင်းကြားလိုက် ... အခုတော့ ဆောတ်ဘူးနေ့ နောက်တစ်နာရီလောက်နေမှ"

နိုင်ဦးက သူပစ်ရမည့်မြားကို ရွှေစင်တို့ဘက်လှည့်ပေးလိုက်သည်။ ခိုင်နိုးက ...

"နရီဆီ အခုဆက်လိုက်မယ်ဟာ လိုအပ်ရင်ငါတို့ပါ သတင်းလိုက် မေးမှာပေါ့"

"နင်တို့က ခက်တာပဲ ငါပြောတဲ့အချိန်မှဆက် တော်ကြာ ဟိုကအိမ်မှ ပြင်ဆင်မထားရင် တလွဲတွေဖြစ်နေဦးမယ်"

"ဟင် ... ဘာတလွဲလဲ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဦးကပြောပြီးမှ သူစကားလွန်သွားမှန်းသတိထားမိသွားတာမို့ ရှင်းပြ ဖို့ပြင်လိုက်ရာ စာရှင်းပြနေသည့်ဆရာက တိုးတိုးလုပ်နေသည့် သူတို့အုပ်စုအား ၍

"ဟိုအုပ်စု စာသင်ချိန်မှာ စကားမများပါနဲ့ဆရာသင်တာကို အာရုံ စိုက်ပါ"

လှမ်းပြောလိုက်သဖြင့် သူတို့တွေငြိမ်လိုက်ရသည်။ ဆရာသင်တာကို လိုက်မှတ်လိုက်ရေး လုပ်နေတာကြောင့် စကားမပြောဖြစ်တော့ အတန်းချိန်ပြီး သွား၍ ဆရာထွက်သွားသောအခါ နိုးနိုးက

"ဟဲ့ နိုင်ဦး ဘာတလွဲလဲ"

"ဟိုဟာ ... ဟို ..."

နိုင်ဦးက သူ့ဦးနှောက်ကိုအမြန်အလုပ်ပေးလိုက်သည်။ ပြီးမှ ...

"ထစ်ချုန်းက ဆေးခန်းသွားနေတာနဲ့ နရီသတင်းသွားမေးတာ လွဲနေ ဦးမယ်လို့ပြောတာ"

"ဒဏ်ရာက ပြင်းတယ်လို့ပြောလား"

ဖာလေးက စေ့စေ့ပေါက်ပေါက်လျှောက်မေးသည်။

"ထင်တာပဲ နေ့လယ်ပိုင်းအတန်းမရှိဘူးမလား၊ နရီကိုခေါ်ပြီး သူ့အိမ် သွားကြတာပေါ့ သော်ဇင်မင်းလိုက်မှာလား"

"သော်ဇင်မလိုက်လို့မဖြစ်ဘူးလေ သူကတို့အုပ်စုရဲ့ ဒရိုင်ဘာပဲ"

"အေးပါ ငါကလည်း ငါ့ဒုက္ခနဲ့ငါမို့ထားပါတော့"

သူတို့အုပ်စုတွင် သော်ဇင်နှင့်နရီချိုသာ ကျောင်းသို့ ကိုယ်ပိုင်ကားနှင့် တက်သည်။ နိုင်ဦးက သော်ဇင်ကားနှင့်ခေါ်လာသလို ရွှေစင်တို့တွေက ကျောင်းနှင့် နီးသည့်နေရာတွင် ကွန်ဒိုတိုက်ခန်းငှားကာနေတာမို့ ကျောင်းဖယ်ရီကားနှင့် တက်ကြ၏။

ထစ်ချုန်းကတော့ ကိုယ်ပိုင်ကားရှိလျက်နှင့် လိုင်းကားနှင့်လာတာများ သည်။ လိုင်းကားတိုးစီးရတာပျော်သည်ဟု အမြဲပြောနေသူဖြစ်သည်။

ရွှေစင်ကလက်မှနာရီကြည့်ကာ ...

"နိုင်ဦး နရီဆီဖုန်းဆက်လိုက်မယ်"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်က နိုင်ဦးဆီမှဖုန်းကိုတောင်း၍ နရီဆီဖုန်းဆက်လိုက်သည်။ ခဏကြာတော့ ရွှေစင်ကဖုန်းပြော၍ပြီးသောကြောင့် နိုင်ဦးကိုဖုန်းပြန်ပေးလိုက်သည်။

"နရီကသူ့ကိုဝင်ခေါ်တဲ့ နယ်ကသူ့အမျိုးတွေရောက်နေလို့ မနက်ပိုင်း ဘုရားလိုက်ပို့နေတာနဲ့ ကျောင်းမလာတာတဲ့"

"ထစ်ချုန်းအကြောင်းမပြောလိုက်ဘူးလား"

"ပြောလိုက်လို့ သူ့ဝင်ခေါ်လို့ပြောတာပေါ့။ နရီကစိုးရိမ်နေပုံပဲ ငါနဲ့ဖုန်းပြောပြီး ထစ်ချုန်းဆီ ဖုန်းဆက်ချင်ဆက်နေမှာ"

ရွှေစင်ပြောတာကိုနားထောင်ရင်း အဆောင်မှထွက်ကာ သော်ဇင်ကား ထားရာဆီသို့ထွက်လာကြသည်။

ကားဆီရောက်တော့ သူတို့သုံးယောက်က ကားရှေ့ခန်း၏ နောက်ခုံတွင်ဝင်ထိုင်ကြပြီး နိုင်ဦးကကားမောင်းသည့် သော်ဇင်ဘေးက ခုံတွင်ဝင်ထိုင်လိုက်သည်။

ရွှေစင်က ...

"သော်ဇင်ရယ် နင့်ကားကြီးကခရီးဝေးသွားရင် ရှယ်ပဲ၊ မြို့ထဲကတော့ ဆလွန်းကားပဲကောင်းမယ်ထင်တယ်"

"ငါက ကားဆိုကြီးမှကြိုက်တာ တို့ကျောင်းပိတ်တော့မှာပဲ၊ အဲဒီကျရင် ခရီးတစ်ခုသွားဖို့စီစဉ်တာပေါ့"

သော်ဇင် ကအကြံပြုလိုက်ရာ ဓာလေးက ...

"ကောင်းတယ် ... ငါတို့နောက်ဆို အခုလိုဆုံဖြစ်ဖို့က မလွယ်တော့ဘူး၊ ခရီးတစ်ခုသွားတော့မယ်"

"ငါလည်းထောက်ခံတယ် သော်ဇင် နင်ခရီးဝေးမောင်းတာကျွမ်းကျင်တယ်မလား"

နိုးနိုးကပါဝင်ပြောတော့ သော်ဇင်က ...

"ကြိုက်တဲ့နေရာပြော ငါမရောက်ဖူးတဲ့နေရာမရှိဘူး"

"အိုကေ ... ထစ်ချုန်းနဲ့ နရီကိုပါညှိလိုက်ရင် အဆင်ပြေပြီ"

နိုင်ဦးကထပြောလိုက်တော့ အားလုံးကထောက်ခံလိုက်သည်။ သော်ဇင် မောင်းလာသည့်ကားလေးက စံပြဈေးကိုကျော်ကာ သုဝဏ္ဏနားရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



သော်ဇင်က နှိုးနေသည့်လမ်းထဲသို့ဝင်လာခဲ့သည်။

နရီက အိမ်ရှေ့မှပင်သူတို့အလာကို ထွက်စောင့်နေ၏။ သော်ဇင်က ကားရပ်လေတော့ နရီကကားပေါ်တက်လိုက်ပြီး ...

"ထင်ချွန်းဆီ ငါဖုန်းဆက်ခေါ်နေတာ ခုထိမရသေးဘူး"

"ဖုန်းဘယ်ကိုင်နိုင်မလဲ နရီရယ်၊ သူကခေါင်းဖါထိသွားတယ်ပြောတော့ နမပြောနိုင်လို့ပိတ်ထားတာနေမှာပေါ့"

နိုင်ဦးက နရီကျေနပ်စေမည့် စကားကိုရွေးပြောလိုက်၏။ နရီမျက်နှာမှာ ပူလွန်မှုကို ဖုံးမရသောကဖြစ်လို့နေတာမို့ ရွှေစင်တို့တွေလည်း ကျောင်းကထွက် ကလို စကားမများကြတော့ ... နရီက ...

"သူ့အိမ်မှာ သူ့မာမီမရှိဘူးလား နိုင်ဦး"

"မရှိဘူးလို့ပြောတာပဲ"

"ထင်ချွန်းကအဲ့လိုပဲ ဖြစ်လိုက်ရင်အသည်းအသန် ခြေထောက်က လမ်းလျှောက်နိုင်ရဲ့လားမသိဘူး"

"သိပ်လည်းမစိုးရိမ်ပါနဲ့ နရီရယ် ဘာမှသိပ်ဖြစ်မယ်မထင်ပါဘူး"

ရွှေစင်က နရီကိုနှစ်သိမ့်လိုက်သည်။ နရီကတော့ ကိုယ့်ချစ်သူမို့ ပူပန်နေသည်။

နိုင်ဦးနှင့်သော်ဇင်ကတော့ မလုံပေမယ့် နရီနှင့်ကျောခိုင်းလျှက်မို့ တော်သေးသည်ဟုထင်ရသည်။ သော်ဇင်မောင်းလာသည့်ကားက သုဝဏ္ဏကို ကျော်ကာ ဗဟန်းရှိ ထင်ချွန်းနေသည့်အိမ်သို့ရောက်လာခဲ့တော့သည်။

※ ... ※



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ထစ်ချုန်းအိမ်ရောက်တော့ အိမ်တံခါးကဖွင့်ထားပြီး တစ်အိမ်လုံးတိတ်ဆိတ်လို့နေသည်။ တံခါးကိုတွန်းဖွင့်ကာ အထဲဝင်လိုက်တော့ ရွှေစင်က –

"ဘယ်သူမှမရှိဘူးလားမသိဘူး"

"ရှိမှာပါ ထစ်ချုန်းနေတဲ့ အခန်းကအပေါ်ထပ်မှာလေ"

နိုင်ဦးက ဦးဆောင်၍အပေါ်ထပ်သို့တက်လာခဲ့ကြသည်။ ထစ်ချုန်းအခန်းဝရောက်တော့ ...

"ဟင်း ... ဟင်း ... "

အခန်းထဲမှ ညည်းသံကိုကြားရသဖြင့် နရီစိတ်ပူပြီး အခန်းတံခါးကိုတွန်းဖွင့်ကာ အထဲသို့ပြေးဝင်လိုက်သည်။

"ဟဲ့ ... ထစ်ချုန်းဘယ်လိုဖြစ်တာလဲ"

"ခုတင်ပေါ်တွင်တွေ့ရသည့် မြင်ကွင်းကြောင့် နရီရင်ထဲဆို့သွားမိ။ ခြေထောက်တွင်ပတ်တီးများ စည်းထားသလို ခေါင်းတွင်လ...ပြီး ပတ်တီးများက ...လို့နေသည်။

ခုတင်ပေါ်တွင်ပက်လက်အနေအထားဖြင့် ညည်းညူနေသည့် ထစ်ချုန်းဘေးနားတွင် နရီထိုင်ကာ ထစ်ချုန်းလက်ကို တယုတယကိုင်ထားမိ။ ရွှေစင်တို့ကလည်း ခုတင်ဘေးမှထစ်ချုန်းကို စိတ်မကောင်းစွာကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း"

"အရမ်းနာနေလား ထစ်ချွန်း"

နရီအသံကတုန်နေသည်။ နိုင်ဦးနှင့်သော်ဇင်က ထစ်ချွန်းကို ကြည့်ပြီး ဒေါသထွက်လို့နေသည်။ မျက်လုံးကိုပိတ် နှုတ်ခမ်းဟရုံလေးညည်းနေတာမို့ အားလုံးက တကယ်ပဲထစ်ချွန်းနာနေသည်ထင်၏။

"နင့်အမေရောထစ်ချွန်း နင်ဖြစ်တာ အန်တီမသိဘူးလား"

"ဟင့်အင်း"

ထစ်ချွန်းက ခေါင်းလှုပ်ရုံလေးယမ်းပြသည်။

ရွှေစင်ကလည်း စိတ်မကောင်းတာမို့ ထစ်ချွန်းအား ...

"နင်ကျောင်းဘယ်တက်ဦးမလဲ စာတွေငါကူးပေးထားမယ် ဘာမှမပူနဲ့"

"အင်း"

ထစ်ချွန်းက ခေါင်းညိတ်ပြတော့ နရီကမျက်ရည်လည်လို့နေပြီ ထစ်ချွန်းက လေသံတိုးတိုးနှင့် ...

"ငါ ... ငါ အတိတ်မေ့သွားပြီလားမသိဘူး"

"ဟင် ... ဘယ်လို ... "

နရီခေါင်းမီးတောက်သွား၏။ ထရန်အားယူနေသည့် ထစ်ချွန်းကိုမွေ့ကာ ...

"နင် ငါ့ကိုသိပါတယ်နော် ငါနရီလေ နင့်ချစ်သူ"

"အင်း"

ထစ်ချွန်းက နရီကိုလှည့်ကြည့်ပြီး ...

"ဟင့်အင်း"

"ဘာ"

နရီကစိတ်လွတ်ပြီး ထစ်ချွန်း၏ကျောကုန်းကို ပွေ့ထားရာမှလွှတ်ချလိုက်သည်။ ထစ်ချွန်းလည်း အိပ်ရာပေါ်သို့ အရှိန်နှင့်ပြုတ်ကျသွား၏။

"အား"

"ဟယ်"

ရွှေစင်တို့ပါလန့်သွားကြသည်။ နရီက ကြောင်ပြီး ခုတင်ဘေးမှာ ရပ်လို့



www.burmeseclassic.com

www.burmeseclassic.com



နေကာ ရွှေစင်အား ...

"ရွှေစင် ... ထစ်ချွန်းငါ့ကိုမသိတော့ဘူး"

"အဲလိုမဟုတ်ပါဘူး၊ သိမှာပါ ဟုတ်တယ်နော် ... ထစ်ချွန်း"

"အား ... အင်း ... သိ ... သိတယ်"

ထစ်ချွန်းတစ်လုံးချင်းပြောသည်။ နရီမျက်နှာ ချက်ချင်းဝမ်းသာသည့်ပုံပြောင်းသွားကာ ခုတင်ပေါ်မှ ထစ်ချွန်းကိုဆွဲထူပြန်သည်။ ထစ်ချွန်းက ...

"နေ ... ရတယ် ငါ့ဘာသာထလို့ရတယ်"

"ဘယ်ဟုတ်မလဲ ငါထူပေးမှာပေါ့"

နရီက သူကိုယ်တိုင်ပြုစုချင်တာကို ထစ်ချွန်းကခေါင်းရမ်းပြီး ငြင်းလို့နေသည်။

"နင်ထူလိုက် ပစ်ချလိုက်နဲ့ ကြာရင်ဒဏ်ရာကြောင့်မသေဘဲ ပစ်ချလို့သေမှာ"

"လန့်သွားလို့ပါ ထစ်ချွန်းရဲ့"

ထစ်ချွန်းက သူ့ဘာသာထထိုင်လိုက်ပြီး နိုင်ဦးကိုလှမ်းကြည့်၍ စိတ်မကောင်းသည့်လေသံနှင့် ...

"နိုင်ဦး ငါတော့ ဘဝဆုံးပြီနဲ့တူပါတယ်ကွာ"

"စိတ်ဓာတ်မကျပါနဲ့ သူငယ်ချင်းရယ် တောင်းစားလို့ရပါတယ်"

"ဟင်"

နိုင်ဦးကရွဲ့ပြောလိုက်ခြင်းဖြစ်သည်။ သူများစိတ်ဆင်းရဲအောင် ကြံကြံဖန်ဖန်လုပ်နေသည့် ထစ်ချွန်းကိုဒေါသလည်းထွက်မိသည်။

သော်ဇင်က ...

"ထစ်ချွန်း မင်းအခုလိုပုံစံနဲ့ဆို ဝင်ငွေကောင်းနိုင်ပါတယ်၊ ကျန်တဲ့လက်တွေကိုထပ်ဖြတ်လိုက်ရင် အလုပ်ပိုဖြစ်မယ်"

"မင်းတို့ ငါ့အပေါ်စေတနာတကယ်ထားတာပဲ"

"သူငယ်ချင်းအချင်းချင်းပဲကွာ ငါတို့လုပ်မှာပေါ့၊ ကျောင်းကနီးစပ်ရာသူတွေကိုလည်းပြောလိုက်မယ် မင်းတောင်းမယ့်နေရာသာပြော"

သော်ဇင်ပြောတာကို နရီက မကျေမနပ်နှင့်ကြည့်၍ ခါးထောက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ထစ်ချွန်းဒီလောက်ဖြစ်နေတာ နှစ်တို့ကနောက်နိုင်တယ်၊ စာနာစိတ်ဲ လုံးဝမရှိတဲ့ဟာတွေ"

အပြစ်တင်လိုက်ရာ နိုင်ဦးက သူလွယ်အိတ်ထဲသို့ လက်နှိုက်၍ ထစ်ချွန်း ထိုင်နေသည့် ခုတင်ပေါ်သို့ပစ်တင်လိုက်သည်။

"ဟာ ... မြွေ ... မြွေ"

ထစ်ချွန်းယောင်ယမ်းပါအောင်အော်လိုက်သည်။ သူက မြွေဆိုလျှင် အလွန် ကြောက်တတ်တာမို့ ခုတင်ပေါ်ကပြေးဆင်းသည်။ ရွှေစင်တို့တွေလည်းကြောက် ကြောက်နှင့် ...

"လုပ်ပါဦး ... ငါကြောက်တယ်"

ခုတင်ပေါ်တွင် မြွေကလေးကခွေခွေလေး ထစ်ချွန်းကဘယ်လောက် ကြောက်လဲဆိုလျှင် အခန်းဝသို့ပင်ရောက်လို့နေသည်။ ဒါကို သတိထားမိသည့် နရီက ...

"ထစ် ... ထစ်ချွန်း နင့်ခြေထောက်"

ပတ်တီးစည်းထားသည့် ထစ်ချွန်းခြေထောက်ကိုကြည့်ကာ အံ့သြနေ သည်။ ရွှေစင်တို့တွေလည်း ထစ်ချွန်းကိုဝိုင်းကြည့်ကြသည်။

"နင် ခြေထောက်မထောက်နိုင်ဘူးဆို ခုတော့ ခုတင်ပေါ်ကခုန်ချတာ လွှားခနဲပဲ"

ရွှေစင်ကပြောတော့ ထစ်ချွန်းက သူ့ခြေထောက်ကိုငုံ့ကြည့်ပြီး ...

"အား ... ထောက်လို့မရတော့ဘူး"

ပတ်တီးစည်းထားသည့်ခြေထောက်ကို လက်နှစ်ဖက်နှင့်ကိုင်ကာ အော်နေသည်။ နရီက သဘောပေါက်သွားပြီမို့ ...

"အလကား လူညာ အမြဲနောက်ဖို့ပဲ စဉ်းစားနေတယ်"

ပြောကာ အခန်းဝသို့လျှောက်လာပြီး ထစ်ချွန်းကိုတွန်းကာ အခန်းထဲ မှထွက်လာခဲ့သည်။

"နေ ... နေဦးလေ ... နရီ"

ထစ်ချွန်းလှမ်းခေါ်သော်လည်း နရီကလှည့်မကြည့် အောက်ထပ်သို့ ဆင်းသွားသည်။

"နင်တော်တော်နောက်တာပဲ ထစ်ချွန်း၊ ငါတို့ကစိတ်ပူလိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



နရီကတော့ အနည်းဆုံးသုံးရက်ပဲ ချော့ပေတော့"

ရွှေစင်ကပြောကာ ဇာလေး၊ နီးနီးတို့နှင့်အတူ အခန်းအပြင်သို့ ထွက်လာခဲ့ကြသည်။

နိုင်ဦးက ခုတင်ပေါ်မှ ရာဘာမြွေရုပ်လေးကိုကောက်ယူလိုက်သည်။ ထို့နောက် ထစ်ချုန်းရှေ့၌ပြကာ ...

"တွေ့လားမြွေ ... မင်းဘဝမှန်ကိုပြတဲ့မြွေ ကြည့်ထား"

"ငနာ ... မင်းကြောင့်ငါ ဂိမ်း Over ဖြစ်သွားတာ"

"နောက်တစ်မျိုးကစားပေါ့ သူငယ်ချင်းရယ်၊ မင်းတွေ့မ်းပါတယ်၊ သူများတကာရဲ့စိတ်ကို အမျိုးမျိုးခံစားရအောင်လုပ်တတ်တာ ပညာရပ်တစ်ခု ပေါ့ကွာ"

နိုင်ဦးက ထစ်ချုန်း၏ပခုံးကိုပုတ်ကာ ပြောလိုက်၏။ ထစ်ချုန်းလည်း ခေါင်းကပတ်တီးကိုဖြေလိုက်ပြီး ...

"မင်းက ငါကြောက်တဲ့ မြွေနဲ့မှ လာခြောက်ရတယ်လို့ကွာ"

"မင်းအိုက်တင်ကောင်းလွန်းလို့ပါ ... ဆောရီး"

"ဆောရီးလုပ်မနေနဲ့ ပြန်မယ် ... နရီကိုတော့ နောက်နေ့မှ မင်း ဘာသာ ချော့ပေတော့"

သော်ဇင်က ပြော၍ အခန်းထဲမှထွက်သွားသဖြင့် နိုင်ဦးလည်း နောက်မှ လိုက်ထွက်လာသည်။ ထစ်ချုန်းကတော့ အခန်းထဲတွင် တောက်တခေါက်ခေါက် နဲ့ ကျန်ခဲ့လေတော့သည်။

✲ ... ✲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ထစ်ချွန်း နရီကိုစလိုက်တာ တစ်ပတ်လောက် မနည်းချော့ယူရသလို ကတိတွေလည်း အထပ်ထပ်ပေးရ၏။

"စိတ်မဆိုးပါနဲ့ နရီရယ် ... နောက်ဆိုရင် ငါ နင့်ကို မနောက်တော့ပါဘူး၊ ငါနောက်တာက ပျော်စေပျက်စေဆန္ဒနဲ့ပါ"

"ငါကလည်း နင့်ကိုအပြစ်ပြောစရာ ဘာမှမရှိဘူး၊ အဲဒီနောက်ပြောင်တဲ့ကိစ္စပဲ၊ သူတစ်ပါးကို ထိခိုက်တဲ့ နောက်ပြောင်တာမျိုးဆိုရင် မကောင်းဘူးပေါ့တာ"

ထစ်ချွန်းရဲ့ အကြိမ်ကြိမ်တောင်းပန်မှုကို ဂါက်လျှောသည့်အနေဖြင့် နရီက ထစ်ချွန်းကို ကန်တင်း၌တွေ့ဆုံကာ စကားပြောဖြစ်ခြင်းဖြစ်သည်။

"စိတ်ချ နရီ၊ ငါသူတစ်ပါးကို/ထိခိုက်အောင် ဘယ်တော့မှမနောက်ဘူး။ ပျော်အောင်ပဲ နောက်မယ်"

"နင့်ဝါသနာကို စွန့်လိုက်ပါလား ထစ်ချွန်းရယ်"

"ဟာ _ နရီကလည်း သူများပျော်ဖို့ ဓာတ်လမ်းလေး ဖန်တီးရတာ၊ ဘယ်လောက်စိတ်လှုပ်ရှားဖို့ကောင်းလဲ၊ နိုင်ငံခြားမှာဆို ပညာရပ်တစ်ခုအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ရှိတယ် ... အလွယ်ပြောရရင် Game တစ်ခုပေါ့ဟာ ...

အခုငါ ဖန်တီးနေတာက လူသား Game တွေပါ၊ အဲဒီ Game ထဲမှာ ပါတဲ့လူတွေဟာ သရုပ်ဆောင်တာမဟုတ်ဘဲ ကိုယ်ပိုင်ခံစားချက်တွေနဲ့ ဘယ်လောက်ပျော်စရာကောင်းလဲ''

ထစ်ချွန်းက သူ့ရဲ့နောက်ပြောင်ခြင်းကို ကာကွယ်သည့်အနေဖြင့် ခမ်းနားစွာရှင်းပြသည်။ နရီက စိတ်မပါစွာ နားထောင်ရင်း ...

''အခုဆို ငါတို့နောက်ဆုံးနှစ်ရောက်ကြပြီ ... မကြာခင် စာမေးပွဲလည်း ဖြေရတော့မယ် စာမေးပွဲပြီးရင် နိုင်ဦးတို့က တစ်နေရာရာ အပန်းဖြေခရီးသွားကြမယ်တဲ့''

''ကောင်းတာပေါ့၊ ငါတို့လည်း လိုက်သွားမယ်လေ၊ ဘယ်သွားမယ်လို့ ပြောလဲ''

ထစ်ချွန်းက တက်ကြွစွာပြောတော့ နရီက ...

''မသိဘူး ထစ်ချွန်း၊ ငါ့မွေးနေ့ကလည်း စာမေးပွဲပြီးရင်ရောက်ပြီလေ''

''အေး ... ဟုတ်တယ် ဖေဖော်ဝါရီ ဆယ့်သုံးရက်မလား၊ အိုကေ တို့တွေရဲ့ အပန်းဖြေခရီးမှာ နင့်မွေးနေ့ပွဲလုပ်တာပေါ့ ...

''အားလုံး အမှတ်တရဖြစ်သွားအောင်လေ''

''နင့်စိတ်ကူး သိပ်ကောင်းတာပဲ''

နရီက ထစ်ချွန်းကို လိုက်လိုက်လှဲလှဲ ချီးကျူးလိုက်၏။ ထစ်ချွန်းက စိတ်ကူးကောင်းလွန်း၍ အားလုံးလိုလို သူ့နောက်ပြောင်ခြင်းကိုခံခဲ့ရသည်လေ။

မိဘ၏ချစ်ခင်အလိုလိုက်ခြင်းကို ခံထားရပေမယ့် ထစ်ချွန်းမှာ မာန မရှိ။ လူတိုင်းကို သင့်တင့်အောင်ပေါင်းသည်။ ဥစ္စာဓန ကြွယ်ဝလှသော်လည်း မာန်မာနမရှိသလို နေထိုင်ခြင်းက သူ့ရဲ့နှစ်လိုဖွယ် အကျင့်တစ်ခုဖြစ်၏။

ဘယ်သူက အကူအညီတောင်းတောင်း ငြင်းသည်ဟူ၍မရှိ၊ အမြဲလုပ်ပေးတတ်သည်။

ကိုယ်ပိုင်ကားနှင့်ကျောင်းတက်နိုင်သော်လည်း လိုင်းကားစီးပြီး ကျောင်းတက်တာကိုမှ ပျော်ရွှင်တတ်သည့် ထစ်ချွန်းရဲ့စိတ်ဓာတ် နရီ မချီးကျူးဘဲမနေနိုင်ခဲ့။

''ထစ်ချွန်း ... ငါ့မွေးနေ့ပွဲမှာ ငါပျော်ချင်တယ်၊ အားလုံးလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး အမှတ်တရဖြစ်သွားအောင် ဘယ်လိုလုပ်ရင်ကောင်းမလဲ''

''နင် ဘာမှမပူနဲ့ နရီ ... ငါစီစဉ်ပါ့မယ် တို့တွေ ဘယ်သွားဖြစ်မယ် ဆိုတာကို ဟိုရောက်တော့နဲ့ တိုင်ပင်လိုက်မယ်''

သူတို့နှစ်ယောက် စကားပြောနေကြစဉ် နိုင်ဦးတို့ ကန်တင်းထဲသို့ ရောက်လာကြသည်။

''မင်းတို့က မပြေလည်တော့ မပြေလည်လို့ ပြေလည်တော့ တို့တောင် မသိလိုက်ရဘူး ... ကန်တင်းမှာ လာနုပ်နေတယ်''

''အေးပါယ် ... ငါတို့က လိုက်ရှာနေတာ အဆောင်တစ်ခုလုံး နှံ့နေ တာပဲ''

နိုးနိုးက စားပွဲအောက်မှခုံကို ဆွဲယူထိုင်ရင်းပြော၏။ ဇာလေးက ...

''နင်တို့နှစ်ယောက် ပြေလည်တဲ့အနေနဲ့ ငါတို့ကို တစ်ခုခုကျွေး''

''ဘာမှလည်း မဆိုင်ဘူး''

နရီက ငြင်းလိုက်တော့ ရွှေစင်က ...

''နရီ ... နင်ပဲ ထစ်ချွန်းကို ဒီတစ်သက်အပြတ်ပဲ ဘယ်တော့မှ လက်မခံတော့ဘူးလို့ ပြောခဲ့တာလေ''

''ငါပြောမိလို့လား''

နရီက စဉ်းစား၍မရဟန် လုပ်ပြနေရာ ထစ်ချွန်းက ...

''နရီက စိတ်ဆိုးတုန်းမို့ပြောတာပါ၊ သူက စိတ်မဆိုးရင် သိပ်ချစ်တတ် တာ ဟုတ်တယ်နော် နရီ''

''သေလိုက်''

နရီက ရှက်ရှက်နှင့် ထစ်ချွန်းကိုပြောလိုက်ရာ သော်ဇင်က ဝင်ကျပ် ပေးသည်။

''ထစ်ချွန်း မင်းကိုသေလိုက်လို့ပြောနေတယ်လေ၊ သေပြလိုက်၊ မင်း သေမှ သူဝိုရကောင်းမှန်းသိလိမ့်မယ်''

''ဟုတ်ပြီ ... ဘယ်လိုသေပြရမလဲ နရီ၊ ကုလားလိုသေပြရမလား ဂျပန်လိုသေပြရမလား၊ ကိုရီးယားလိုသေပြရမလား''

ထစ်ချွန်းက ပြုံးစိစိနှင့် နရီကိုပြောရာ ဇာလေးကဝင်၍ ...

''ကိုရီးယားလိုသေပြဟာ သူတို့သေတာ သနားစရာကောင်းတယ်''



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သေပြမယ် ကြည့်နေ"

ထစ်ချုန်းက ထိုင်ခုံနောက်ကို မှီထိုင်ရင်း မျက်လုံးကိုမှေးစင်းတာ ပါးစပ်မှ ...

"ထိုင်ဝမ်က ငါ့သားကြီးပို့တဲ့ပိုက်ဆံ ဘောပွဲလောင်းလိုက်တာကုန်ပြီ၊ မယားငယ်နဲ့ရတဲ့ကလေးတွေရဲ့ နောင်ရေးအတွက် အိမ်အောက်က ကြွက်မတစ်ကောင်ကို အမွေပေးလိုက်၊ ဆိုးလ်မြို့က ကုမ္ပဏီကို ဒီအတိုင်းထားလိုက်၊ ငါ့ဟာ မဟုတ်ဘူး ...

ဒါရိုက်တာရင်ကို နောက်ဆုံးအနေနဲ့ ဦးလေးထစ်ကိုယ်စား သွားပြောပေး၊ ရုပ်ရှင်မရိုက်နဲ့တော့လို့၊ ခိုးကူးခွေတွေများတော့ သူ့ရှုံးမှာကျိန်းသေတယ်၊ လာမယ့် ဆောင်းရာသီမှာ အိမ်နောက်ဖေးဈေးဆိုင်တည်ပါ ...

တစ်နေ့ ဘောင်းဘီသုံးခါလဲပါ၊ ခေါင်းတစ်ရာသားကို မြန်မာပြည်က ရေတတ်သီးစပ်စပ်နဲ့ ကြော်စားပါ၊ ဦးလေးသွားတော့မယ် ... အင့် ... အင့် အင့်"

ပြော၍ အသက်ထွက်ဟန်လုပ်ပြရာ အားလုံးက ဝိုင်းရယ်ကြသည်။ နှရိကတော့ ပြုံးရုံသာပြုံး၏။

"ဟား ... ဟား ... ဟား ... "

"ခစ် ... ခစ် ... ခစ် ... "

ထစ်ချုန်းက မျက်စိမှိတ်နေရာမှ ရုတ်တရက် မျက်နှာတည်တည်နှင့် ထကာ ...

"ဟဲ့ ... ငါအသက်မထွက်သေးဘူး၊ နင်တို့က ပျော်နေကြတယ် ပေါ့"

"တော် ... တော် ... တော်ပါတော့ ထစ်ချုန်းရယ်၊ ရယ်ရလွန်းလို့ ငါ သေးထွက်တော့မယ်"

ရွှေစင်က မနည်းတားယူရသည်။ ထစ်ချုန်းက ကိုရီးယားဇာတ်လမ်းတွဲတွေထဲက မင်းသားကြီးများသေခါနီး ပေရှည်သလို အားရပါးရ အပိုင်းသုံးပိုင်းလောက်ကို ပြောချင်နေတာ ...

"နင်တို့ကလည်းဟာ ကိုရီးယားလိုလည်း သေခိုင်းတယ် ... စကားကြွာကြာပြောတာ လက်မခံကြဘူး"

---



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ _ ထစ်ချွန်း ကိုရီးယားတွေ သေခါနီး အကြာကြီးစကားပြော ရင်း နင်သေသွားမှာစိုးလို့ ရပ်ခိုင်းတာ"

ဓာလေးကပြောတော့ ထစ်ချွန်းက ...

"ဒါတောင် ကုလားလိုသေရင် သေခါနီး သီချင်းထဆိုပြလိုက်ဦးမှာ"

"အေးပါ ... နင်ပဲအမျိုးမျိုးသေတတ်တယ်၊ အကောင်းဆုံးက မြန်မာလို သေတာပဲကောင်းတယ်"

နိုးနိုးကထပ်၍ကျုပ်ပေးရာ ထစ်ချွန်းက လက်ကိုမြှောက်ကာ မားပါဟန် လုပ်ပြီး ရင်ဝကို စိုက်ပြသည်။

"အင့် _ ငါ့ဘိုးဘွားအမွေအနှစ် ငါမရတော့ဘူး၊ သွားပြီ _ တာ့ တာ"

ပြော၍ ထိုင်ခုံနောက်ကျောကို မှီ၍မျက်စိမှိတ်ကာနေလိုက်သည်။

"ဖြောင်း ... ဖြောင်း ... "

သူတို့ဝိုင်းထဲမှာ လက်ခုပ်သံတွေ ဆူညံလို့သွားသည်။ နိုင်ဦးက ...

"မင်းတကယ်တော်တယ် ထစ်ချွန်း၊ အမျိုးမျိုးသေတတ်တယ်၊ သေခါ နီး အသက်ထွက်ပုံ၊ သင်တန်းဖွင့်ရင်တောင် မင်းအောင်မြင်မှာ သေချာတယ်"

"ကဲ _ အဲဒါတွေထား _ ငါတို့စာမေးပွဲပြီးရင် ဘယ်သွားကြမယ် လို့ စိတ်ကူးထားလဲ တစ်ယောက်တစ်ပေါက် မပြောကြနဲ့နော်၊ စဉ်းစားပြီးမှပြော"

ထစ်ချွန်းက ဒိုင်သဘောမျိုးလုပ်ကာ မေးလိုက်၏။ ရွှေစင်က ...

"ငါက ကျိုက်ထီးရိုး ဘုရားဖူးသွားချင်တယ်၊ ဘုရားဖူးဖို့ တောင်တက် ရတာ ပျော်စရာကောင်းတယ်"

"ရွှေစင်ကလည်းဟယ် မနှစ်က တို့တွေရောက်ပြီးပြီလေ၊ ပုဂံ၊ ညောင်ဦး ဘက်သွားမယ်၊ ဗဟုသုတလည်းရမယ်၊ အညာဒေသရဲ့ ရှုခင်းတွေ တစ်ဝကြီး ကြည့်ရမယ် ဟုတ်တယ်နော် ထစ်ချွန်း"

နိုးနိုးကပြောတော့ ထစ်ချွန်းက ခေါင်းတညိတ်ညိတ်လုပ်ရင် နိုင်ဦးနှင့် သော်ဇင်အား ...

"မင်းတို့က ဘယ်သွားချင်လဲ"

"ပုဂံဘက်က ကားမောင်းရတာ ဝေးတယ်ကွာ၊ ချောင်းသာသွားမယ် သောင်ပြင်မှာ ဆော့ကြ၊ ရေကူးကြ၊ ညဘက်မီးပုံပွဲလေးလုပ် သီချင်းဆို၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပျော်စရာကောင်းမလဲ"

"ဟုတ်တယ် _ သော်ဇင်ပြောတာ ငါလက်ခံတယ်၊ ကျောင်းသားမှာ အပြတ်ကဲမယ်"

ဇာလေးက အသံကျယ်ကျယ်နှင့်ထပြောတော့ အားလုံးက လက်ခံသည့်သဘောဖြင့် ငြိမ်နေကြသည်။

"အိုကေ ... ကျောင်းသားသွားဖို့ကို အားလုံးလက်ခံတယ်နော်"

"အေး"

"ဒါဆို သွားတာလာတာကို သော်ဇင်နဲ့ နိုင်ဦးက တာဝန်ယူ၊ တည်းခိုတာနဲ့စားစရိတ်ကို ငါတာဝန်ယူမယ်၊ သုံးတာတော့ ကိုယ့်ဒေါသနဲ့ကိုယ်ပဲ"

"အေး ... လက်ခံတယ်"

"ငါတို့က ပိုကြိုက်တယ်၊ ဟိုတယ်မှာတည်းမယ်၊ အဲဒီမှာပဲစားမယ်၊ ကျန်းမာရေးအတွက် စိတ်ချရတာပေါ့"

ဇာလေးက အားမနာစွာပြောသည်။ ရွှေစင်က မျက်နှာပူပူနှင့်ထစ်ချွန်းအား ...

"ငါတို့အသုံးစရိတ်ပါ တာဝန်ယူပါလား ထစ်ချွန်းရယ် _ နင့်အလှူအတွက် အားရပါးရ သွာမခေါ်ချင်လို့ပါ"

"ခေါ်ရမယ် မပူနဲ့၊ ဒီက ငါ့ချစ်သူရဲ့ နှစ်ဆယ့်နှစ်နှစ်မြောက်မွေးနေ့ကို ကျောင်းသားမှာ တို့သူငယ်ချင်းတွေ အမှတ်ရစေမယ့် ပွဲလေး လုပ်ဦးမှာ"

"ကောင်းလိုက်တဲ့အစီအစဉ် ပျော်စရာကြီးနေမှာနော်"

နီးနီးက အားရပါးရပြောရင်း လက်ကျန် ကိတ်မုန့်ကို လက်စသတ်လိုက်စဉ် ... ထစ်ချွန်းက ...

"ကျောင်းသားအစီအစဉ်အတွက် ငါပြောပြီးပြီ၊ အခုတော့ ဒီဝိုင်းကို နင်တို့ရှင်းလိုက် ... လာ နရီ သွားမယ်"

ထိုင်နေသော နရီ့လက်ကိုဆွဲကာ ဝိုင်းထဲကထွက်သွားရန် ပြင်နေသည့် ထစ်ချွန်းကို ဇာလေးက ...

"ထစ်ချွန်း ဒီနေ့လည်း နင်တို့ပြန်ပြေလည်တဲ့အမှတ်တရနေ့ နင်ကျွေးမယ်မှတ်လို့ ငါတို့စားထားတာ မနည်းဘူး"

"နင့်ဒေါသနဲ့နင်ပဲ ငါက ငါ့ဒေါသလေးနဲ့သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထစ်ချုန်း ကန့်တင်းကထွက်တော့ နိုင်ဦးက ...

"သူတို့နှစ်ယောက်ကို ငါစိတ်မချဘူး၊ လမ်းမှာရန်ဖြစ်နေဦးမယ်၊ ငါလိုက်သွားမှဖြစ်မယ်"

"မင်းတစ်ယောက်တည်း ဆွဲမရဖြစ်နေမယ် ငါပါလိုက်မယ်"

"တဲ့ ... သော်ဇင်နဲ့နိုင်ဦး နင်တို့စားတာ ရှင်းသွားဦး၊ ငါတို့မှာ ပိုက်ဆံမပါဘူး"

ဇာလေး လှမ်းအော်တာကို သော်ဇင်နဲ့နိုင်ဦးက မကြားဟန်ပြုကာ ပြေးစီစီနှင့် ကန့်တင်းက ခပ်သွက်သွက်ထွက်လာရာ ဇာလေးတို့သုံးယောက် မကျေမနပ်နှင့် ကျန်ခဲ့လေတော့သည်။

*...*

ရိရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"စိတ်မဆိုးပါနဲ့ နရီရယ် ... ဒက်ဒီနဲ့မမကို ငါကြိုမှဖြစ်မှာမို့ပါ၊ နင်တို့ချောင်းသာရောက်ပြီး နောက်တစ်ရက် နှစ်ရက်ဆို ရောက်လာမှာ ... နင့်မွေးနေ့အမီရောက်အောင်လာမှာ စိတ်ချ ... ငါ့ချစ်သူမွေးနေ့ကို အကောင်းဆုံးဖြစ်အောင် ငါစီစဉ်မယ်"

ထစ်ချွန်းက သူ ချောင်းသာကို နရီတို့နှင့်အတူ မလိုက်နိုင်၍ နရီအားကော်ဖီဆိုင်တစ်ဆိုင်သို့ ချိန်းကာ တောင်းပန်နေသည်၊ နရီက မျက်နှာမကောင်း။ အခုလို အပျော်ခရီးထွက်တာ ချစ်သူနှင့်အတူ သွားချင်သည့်ဆန္ဒ သူ့မှာရှိလေသည်။

"ထစ်ချွန်း ... နင်ကလုပ်လိုက်ရင် အဲဒီအတိုင်းပဲ အကုန်စီစဉ်ပြီးမှ တစ်ခါတည်းမလိုက်ဘူးဆိုတော့ ဘယ်လိုဖြစ်တာလဲ"

နရီက ဒေါသနှင့်အော်တော့ ထစ်ချွန်းက မျက်နှာမပျက်ဘဲ နရီအားဆက်၍တောင်းပန်သည်။

"လိုအပ်တဲ့ကုန်ကျစရိတ်တွေအားလုံး နိုင်ဦးကိုစီစဉ်ဖို့ ငါပြောပြီးပြီ ငါတစ်ခါတည်းမလိုက်နိုင်တာပဲရှိတယ်"

နရီကစိတ်ကောက်ပြီး ထစ်ချွန်းကို ဘာစကားမှဆက်မပြောတော့။



www.burmeseclassic.com

www.burmeseclassic.com



အခိပ္ပါယ်မဲ့ စားပွဲခုံကိုငေး၍သာ ကြည့်နေသည်။

"နင့်မွေးနေ့ပွဲအတွက် ဘာလက်ဆောင်ယူမလဲ"

"... "

"ငါပေးမယ့်လက်ဆောင်ကို နင်ကျေနပ်မှာပါ၊ စိတ်မဆိုးပါနဲ့ဟာ၊ နင် အဲဒီလို စကားမပြောဘဲနေတော့ ငါမနေတတ်ဘူး"

ထစ်ချုန်းက နရီ့လက်ကို ကိုင်မည်လုပ်တော့ နရီက ခါထုတ်လိုက်သည်။

"နင်လိုက်နိုင်သည်ဖြစ်စေ၊ မလိုက်နိုင်သည်ဖြစ်စေ ငါကသွားမှာပဲ၊ ငါ့မွေးနေ့ကို နင်မပါဘဲ ငါ့ဘာသာလုပ်မယ် ... ဒါပဲ"

ပြော၍ နရီက ဆိုင်ထဲမှထွက်လာပြီး ဆိုင်ရှေ့က Taxi တစ်စီးကိုငှားကာ အိမ်ပြန်လာခဲ့သည်။ ထစ်ချုန်းက နောက်မှလိုက်သော်လည်း မမီတော့။

✲ ... ✲



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့နားကဆိုင်ဟာမုန့်ဆိုင် စားမယ်ပေါ့ ... ဗိုက်ဆာနေပြီ"

သော်ဇင်က ကားမောင်းရင်းနောက်က အုပ်စုကို လှမ်းပြောလိုက်သည်။

"အေး ... ဗိုက်ဆာနေတာနဲ့အတော်ပဲ စားမယ်လေ၊ နင်တို့ရော စားမှာမလား"

"အေး"

ရွှေစင်ကမေးလိုက်ရာ ဇာလေးက ခေါင်းညိတ်လိုက်၏။ သော်ဇင်လည်း စားသောက်ဆိုင်ရှေ့ ကွက်လပ်တွင် ကားကိုရပ်လိုက်ရာ သူတို့အားလုံး ကားပေါ်မှဆင်းကာ ဆိုင်ထဲသို့ ဝင်လာကြသည်။

ဆိုင်လေးမှာ သန့်ရှင်းသပ်ရပ်လှသလို အပြင်အဆင်ကလည်း အခမ်းနားကြီးမဟုတ်တာတောင် လာရောက်စားသောက်သူတို့ စိတ်ကျေနပ်စရာဖြစ်အောင် စီစဉ်ထား၏။

ဆိုင်စားပွဲထိုးလေးရောက်လာပြီး ...

"ဘာသုံးဆောင်မလဲ ခင်ဗျာ ... မုန့်ဟင်းခါး၊ အသုပ်၊ ကော်ဖီ နံနက်ခင်းစားစရာအစုံရပါတယ်"

သော်ဇင်က သူစားချင်ရာမှာသလို နိုင်ဦးနှင့်ရွှေစင်တို့အုပ်စုကလည်း သူတို့စားလိုသည့် အစားအသောက်တို့ကို မှာကြသည်။ ဇာလေးက ...

"ထစ်ချွန်းက ဘယ်တော့မှ ရောက်မလာမလဲ မသိဘူးနော်၊ သူပါလာရင် အခု ငါတို့ကြုံနေတဲ့ ပြဿနာတွေကို အေးအေးဆေးဆေးရှင်းလို့ရတယ်"

"ထစ်ချွန်းက လူတော် ... ပြဿနာတစ်ခုကို ဘယ်လိုရှင်းရမယ်ဆိုတာ သူသိပြီးသား"

ဇာလေးစကားကို နိုးနိုးက ထောက်ခံရင်းပြောလိုက်သည်။

"သူ့အကြောင်းမပြောကြနဲ့ဟာ ငါမကြားချင်ဘူး"

နရီက လှမ်းပြောလိုက်သဖြင့် ဇာလေးနှင့်နိုးနိုးတို့ ပါးစပ်ပိတ်လို့သွားသည်။ သော်ဇင်က စကားလမ်းကြောင်းပြောင်းစေရန်အတွက် ကော်ဖီကို တစ်ကျိုက်သောက်လိုက်ပြီး ...

"ဇာလေး ... ညက နင် ငါတို့ကိုလန့်သွားတာမလား၊ ရှင်လို့ ငါတို့နောက်မှာ ဟိုမိန်းမကိုတွေ့တယ်လို့ ပြောတာ ငါမသိဘူးမှတ်နေလား"

---



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သော်ဇင် နှင်းကငါထင်တာထက်တောင် ညို့နေပါလား၊ နှင်းတို့နောက်မှာ ဟိုမိန်းမက ခေါင်းမှာသွေးတွေနဲ့ရပ်နေတာ သူ့မျက်လုံးကလည်း အသေကြီး ကြောက်ဖို့ကောင်းလိုက်တာဟာ ... ပြောရင်းနဲ့ကြက်သီးတောင် ထလာတယ်"

ဇာလေးက ပခုံးကိုတွန့်ရင်း အသံတုန်တုန်နှင့်ပြောသည်။ ရွှေစင်တို့ ကလည်း ကြောက်လန့်နေကြ၏။ နိုင်ဦးက ...

"ပြီးခဲ့တာတွေ မေ့လိုက်ဟာ ... စားစရာရှိတာစား၊ ပြီးရင်သွားကြ မယ်"

"ငါတို့ကို အဲဒီမိန်းမက ဘယ်ထိအောင် ဒုက္ခလိုက်ပေးဦးမလဲမသိ ဘူး လမ်းမှာတစ်မျိုး၊ ဟိုတယ်မှာတစ်မျိုး၊ ဒီကြားထဲ ဟိုတယ်က သန့်ရှင်းရေး အဘိုးကြီးက ... "

သော်ဇင်ကို နိုင်ဦးက ဆက်မပြောစေချင်သည့်ဆန္ဒဖြင့် မျက်လုံးပြူး ပြသည်။ ရွှေစင်က ...

"အဘိုးကြီးက ဘာဖြစ်လဲ ပြောလေ ... သော်ဇင်"

"ဘာမှ မဟုတ်ပါဘူးဟာ ... မြန်မြန်စား သွားမယ်၊ နေပူရင် ပင်ပန်းတယ်"

ရွှေစင်က သူသိလိုတာမသိရ၍ နှုတ်ခမ်းစူသွားသည်။ ဇာလေးက စားလက်စ မုန့်ဟင်းခါးကို လက်စသတ်လိုက်ကာ ...

"ဒီဘက်က မုန့်ဟင်းခါးက ရှယ်ပဲ ... စားလို့ကောင်းမှကောင်း နရီ၊ နင်ရော ကြိုက်လား ... "

"မဆိုးပါဘူး၊ ရန်ကုန်ကဆိုင်တွေထက်သာတယ်"

စား၍ကုန်သွားသော မုန့်ဟင်းခါးပန်းကန်ကို ရွှေ့တိုးရင်း နရီကပြော ၏။

"ရှင်းမယ်ဟေ့"

နိုင်ဦးက ကောင်တာသို့ လှမ်းအော်လိုက်ရာ စားပွဲထိုးလေးရောက်လာ ပြီး ကျသင့်ငွေကို တွက်ပေးသဖြင့် နိုင်ဦးက ရှင်းလိုက်သည်။

ထို့နောက် ...

သူတို့အုပ်စု ဆိုင်ထဲမှထွက်ကာ ကားပေါ်သို့ တက်လာခဲ့ကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းနံနက် နေရောင်ဖျော့ဖျော့အောက်တွင် သော်ဇင်ကားလေးက တရိပ်ရိပ်နှင့်ပြေးနေသည်။ အုန်းပင်တန်းများကို နေရာတိုင်းမှာတွေ့ရသလို စပါးရိတ်ထားသည့် ရိုးပြတ်များကိုလည်း တွေ့ရ၏။

ပတ်ဝန်းကျင်ရှုခင်းတို့၏ သာယာလှပမှုက သူတို့၏စိတ်ကို လန်းဆန်းစေသည်။

"နိုင်ဦး ဟိုရောက်ရင် ပင်လယ်နဲ့နီးတဲ့ ဘန်ဂလိုမှာပဲ တည်းမယ်နော်"

"ပုသိမ်မှာတည်းတဲ့ ဟိုတယ်ကကောင်လေး ဖုန်းဆက်ပေးထားပါတယ်၊ အခုရက်တွေက လူရှင်းတော့ နင်ပြောတဲ့နေရာရမှာပါ ရွှေစင်ရဲ့"

နိုင်ဦးက ရွှေစင်ကို လှည့်ကြည့်ပြီးပြောလိုက်သည်။ ဇာလေးက ...

"ငါက ပင်လယ်ရေကို တစ်ဝကြီးချိုးပစ်မယ်၊ စိတ်ညစ်တာတွေ မှုန်သမျှ ပျောက်အောင်လို့"

"နင်က ရေကူးတတ်လို့လား ဇာလေးရဲ့"

နီးနီးက အလယ်မှာထိုင်နေသည့်ဇာလေးကို ခေါင်းငဲ့စောင်းကာမေးတော့ ...

"မကူးတတ်ဘူး ကိစ္စမရှိပါဘူး၊ ဘောနဲ့ကူးမှာပေါ့"

"ဘောနဲ့ကူးလည်း လှိုင်းရိုက်ရင် မလွယ်ဘူး"

"ဟယ် ... ဒါဆို ငါဘယ်လိုကူးရမလဲ နိုင်ဦး"

"ငါနဲ့ကူးပေါ့ ဇာလေးရယ် _ ငါရေကူးကျွမ်းပါတယ်"

"ငနာ ... "

ဇာလေးက နိုင်ဦးကိုလှမ်း၍ ဆဲလိုက်သည်။ သူတို့အုပ်စုလေးက နောက်လိုက်ပြောင်လိုက်နှင့် ပြန်၍အသက်ဝင်ကာ ပျော်စရာကောင်းလာသည်။

ဖြစ်ပြီးသမျှ ဖြစ်ခဲ့တာတွေကို မေ့လိုက်နိုင်ပြီလေ ... ဒါပေမဲ့ ဖြစ်လာမယ့်အကြောင်းတွေကိုတော့ ...

❊...❊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

မင်လယ်နှင့်အနီးစပ်ဆုံး ဘန်ဂလိုမှာ သူတို့အဖွဲ့ တည်းခိုရသဖြင့် အလွန်မှကို ကြည်နူးပျော်ရွှင်နေကြသည်။ ဘန်ဂလို၏ရှေ့ သဲသောင်ပြင်အကျယ် ရှိသလို အုန်းပင်တို့လည်း ပေါက်လို့နေရာ ပင်လယ်ကိုဖြတ်တိုက်သည့်လေတို့ ကိုလည်း ဘန်ဂလိုမှ တစ်ဝကြီး ရှူလို့ရသည်။

"ထစ်ချုန်း ရောက်လာရင် တို့ဘယ်နေရာတည်းလဲ၊ ရှာရခက်နေဦး မယ်၊ ဖုန်းဆက်ထားပါလား နရီ"

"စိတ်မပူစမ်းပါနဲ့ ရွှေစင်ရယ် _ ထစ်ချုန်းက လူလည်ပါ၊ ရှာတတ် မှာပေါ့"

ဇာလေးကပြောတော့ နရီက ...

"ငါသူနဲ့စကားကိုမပြောချင်တာ၊ ဖုန်းလည်းမဆက်ဘူး၊ ငါ့ဖုန်းကိုလည်း ပိတ်ထားတယ် ... သူဆက်ရင် ပြောနေရမှာစိုးလို့"

"နရီရယ် _ နင်က စိတ်တအားကောက်တာပဲ၊ ဟိုကချော့လိုက်ရင် ပျော့သွားတာပဲမလား"



www.burmeseclassic.com

www.burmeseclassic.com



ဇာလေးကို နရီက သေချာစိုက်ကြည့်၍ ...

"ခွင့်လွှတ်ခဲ့ရတာတွေများနေပြီ ဇာလေး၊ အခုချောင်းသာလာတာ အပန်းဖြေဖို့လာသလို တိုက်ဆိုင်နေတဲ့ ငါ့မွေးနေ့မှာ နောက်မဆုံတော့မယ့် တို့ သူငယ်ချင်းတွေ အမှတ်တရ ဖြစ်စေချင်တာ"

"ထစ်ချွန်းလိုက်လာမယ်ဆို ... နင့်မွေးနေ့ကိုမီအောင် သူလာမှာပါ"

"သူ့အကြောင်းမပြောနဲ့တော့ဇာလေး ... ကြားရတာနဲ့တင် ဒေါသ ထွက်နေပြီ"

သူတို့ထဲတွင် နရီက စိတ်အထက်ဆုံးဖြစ်သလို တစ်ခုခုဆို ဒေါသ ထွက်လို့မဆုံးတော့။ ထစ်ချွန်းကို မကျေနပ်သည့်သူ့ရဲ့စိတ်တွေက အရာရာကို မကြည်မလင်ဖြစ်လို့နေသည်။

ညနေစောင်းတော့ သဲသောင်ပြင်တွင် ကစားနေသူ ရေကူးနေသူ ကျန်းမာရေးအတွက် အပြေးလေ့ကျင့်သူများနှင့် စည်ကားလို့နေသည်။

နိုင်ဦးနှင့်သော်ဇင်က သူတို့တည်းသည့် ဘန်ဂလိုရှေ့သို့လာကာ...

"ရွှေစင်တို့ လိုက်မလား ငါတို့ရေသွားကူးမလို့"

"အေး ... လိုက်မယ် ခဏစောင့်"

အထဲမှပြန်အော်သံကြားရသော်လည်း လူတွေကထွက်မလာသေး။ နိုင်ဦးက စိတ်မရှည်စွာနှင့် ...

"ကြာတယ်ကွာ တို့ဘာသာသွားမယ်"

"မင်းကလည်း လောလိုက်တာ ... ခဏလေးစောင့်ရတာ ဘာကြာ တာမှတ်လို့ သူတို့တွေပဲဆို သူများနောက်မှာပေါ့"

သော်ဇင်က စိတ်ရှည်သူပီပီ နိုင်ဦးကိုဖျောင်းဖျနေ၏။ ခဏကြာတော့ ရွှေစင်တို့အုပ်စု ဘန်ဂလိုပေါ်က ဆင်းလာသည်။ ရေကူးဝတ်စုံများပေါ်တွင် သဘက်ကြီးများပတ်ထားသဖြင့် မြင်ရသူ၏စိတ်မှာ မရိုင်းတော့ ...

"နင်တို့က ရေကူးကြမယ်ပေါ့ ... ဝတ်စုံအပြည့်နဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဖဲ လူရှိန်အောင်ပါ၊ တစ်ယောက်မှမကူးတတ်ဘူး"

ရွှေစင်က ရယ်ကျဲကျဲဖြင့် နိုင်ဦးကိုပြောလိုက်သည်။

"ဟိုဘက်နားမှာ ဘောကွင်းတွေငှားတယ်၊ သွားငှားကြ ... ပြီးရင် ရေစပ်ကိုလိုက်ခဲ့"

"နင်တို့လိုက်ငှားပေးပါလား သော်ဇင် ... ပြီးမှ အတူတူသွားမယ် လေ"

ရွှေစင်က တောင်းပန်သည့်လေသံနှင့်ပြောသော်လည်း နိုင်ဦးက ခါး ထောက်လျှက် ...

"ဘယ်လောက်မှဝေးတာ မဟုတ်ဘူး ... နင်တို့ဘာသာသွား"

အပြတ်ပြောလိုက်ရာ ရွှေစင်တို့ ရှုံ့မဲ့ ရှုံ့မဲ့နှင့် ဘောကွင်းများငှားရာ နေရာသို့ထွက်သွားသည်။ ထိုအခါမှ နိုင်ဦးနှင့်သော်ဇင်တို့လည်း ကမ်းစပ်သို့ ထွက်လာသည်။

ကမ်းစပ်တွင် ယောက်ျား မိန်းမ တချို့ ရေကူးနေကြသလို ရေမကူး တတ်သည့် လူများက ဘောကွင်းများစီးကာ ရေဆော့နေကြသည်။ နိုင်ဦးနှင့် သော်ဇင်က လူနည်းနည်းပါးသည့်နေရာတွင် ရေကူးလိုက်ကြသည်။

သိပ်မကြာပါ။ ရွှေစင်တို့ ဘောကွင်းများနှင့်ရောက်လာကြသည်။

"နိုင်ဦးနဲ့သော်ဇင် ငါတို့ကို ကူဦး"

"ဘောကွင်းနဲ့ရေကူးတာတောင် ဘယ်လိုကူးရမလဲ ... ပင်လယ်ထဲ ဘက်မထွက်နဲ့ အစပ်မှာပဲကူး ... လှိုင်းနဲ့ပါသွားမယ်"

"အေးပါ"

နရီလည်း ရွှေစင်တို့နှင့်အတူ ရေကူးရတာပျော်လို့လာသည်။ ရေကူး ကျွမ်းကျင်တာမဟုတ်တာကြောင့် ဘောကွင်းကိုဖက်၍ အောက်ခြေကို လှုပ်၍ လှုပ်၍ ကူးကြည့်သည်။

ရွှေစင်တို့ကလည်း တစ်ယောက်နှင့်တစ်ယောက် ရေပက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဆော့ကြသည်။

"အရမ်းမလုပ်နဲ့ ဇာလေး ... ငါမွန်းနေပြီ"

"နင်ကလည်းဟယ် ရေပက်တာကို ဖြစ်နေလိုက်တာ ပြောမပြောချင်ဘူး"

"ငါမွန်းနေလို့ပါ"

နိုးနိုးကပြော၍ သူတို့အုပ်စုနှင့်အနည်းငယ်ဝေးရာ ကျောက်ဆောင်ဆီသို့သွားကာ နေလိုက်သည်။ နိုးနိုးသွားနေသည့်နေရာက အနည်းငယ်သာဝေးတာမို့ ရွှေစင်၊ ဇာလေးနှင့်နရီတို့ဆော့နေတာကို မြင်နေရသည်။

ထိုစဉ် ...

"ဗွမ်း ... "

"ဟင်"

နိုးနိုး၏ ဘေးဘက်ရေထဲမှ အမျိုးသမီးတစ်ဦး ရုတ်တရက် ရေငုပ်နေရာ ထပေါ်လာ၍ နိုးနိုးလန့်ပြီးကြည့်လိုက်ရာ ...

"ရှင် ... ရှင် ... "

"ဟီး ... ဟီး ... "

သူ့ကိုကြောက်မက်ဖွယ် ရယ်ပြ၍ ရေထဲပြန်ငုပ်ကာ ပျောက်သွားတော့သည်။ နိုးနိုးလည်း ထိတ်လန့်နေရာမှ သတိပြန်ဝင်လာပြီး ...

"ရွှေ ... ရွှေစင် ... တို့ လုပ်ပါဦး"

"ဟင် ... နိုးနိုး ဘာဖြစ်လို့လဲ"

အာခေါင်ခြစ်၍ စူးရှစွာအော်နေသော နိုးနိုးဆီသို့ ဇာလေး၊ ရွှေစင်နှင့် နရီအပါအဝင် နိုင်ဦးနှင့်သော်ဇင်ပါ ရောက်လာသည်။ မျက်လုံးပြူးကြောင်ကာ မင်လယ်အောက်သို့ လက်ညှိုးထိုးနေသော နိုးနိုးအား နိုင်ဦးက ...

"ဘာလဲ နိုးနိုး ... ရေအောက်ထဲမှာ ဘာရှိလို့လဲ"

"သ ... သရဲ ... "



www.burmeseclassic.com

www.burmeseclassic.com



နိုးနိုးရဲ့ပုံစံက ထိတ်လန့်လွန်း၍ သွေးပျက်နေသည်။

"ဘာသရဲလဲ ... ရေအောက်ထဲမှာ သရဲမရှိပါဘူး နိုးနိုးကတော့ လုပ်ပြီ"

"ငါတကယ်ပြောတာ နိုင်ဦး — ဟို — ဟိုမိန်းမ ရေအောက်ထဲက ထွက်လာတယ်"

"ဟင်"

နိုင်ဦး အံ့သြသွားသလို ရွှေစင်တို့တွေလဲ အံ့သြသွားကြသည်။ နိုးနိုးရဲ့ ပုံစံက သူတို့ကို နောက်နေတာမဟုတ်မှန်း သိသာသည်။

"ကားပေါ်တင်လာပြီး လမ်းမှာပျောက်သွားတဲ့ သရဲမ နိုင်ဦး၊ ငါ့ကို တောင် ရယ်ပြသွားသေးတယ်"

"ဟာ ... ပြဿနာပဲ"

နိုင်ဦး စိတ်ပျက်စွာ ညည်းလိုက်သည်။ ဒီပုံစံအတိုင်းဆို သူတို့ကို ဝိညာဉ်က ဒုက္ခလိုက်ပေးနေတာဖြစ်မည်ဟု တွေးမိသဖြင့် သော်ဇင်အား ကြည့်၍ ...

"သော်ဇင် ငါတို့ ဘယ်လိုလုပ်မလဲ"

"ငါမပြောတတ်ဘူး နိုင်ဦး — အကောင်းဆုံးက အပေါ်ပြန်တက်ပြီး တိုင်ပင်တာပေါ့"

"အေး ... ကောင်းတယ်"

သူတို့တွေ သဲသောင်ပေါ်ပြန်တက်လာကာ အပေါ်ရောက်တော့ နိုင်ဦး ကရေစပ်မှာ လှဲအိပ်လိုက်သည်။ ရွှေစင်တို့က နိုင်ဦးဘေးနားမှာထိုင်ကာ မျက်နှာတွေက ကြောက်ရွံ့ထိတ်လန့်လို့နေသည်။

နရီက စိတ်မာသူဖြစ်ပေမယ့် သူ့မျက်နှာလည်းကြောက်ရွံ့သည့် သဏ္ဌာန်ရှိနေသည်။

"ဟိုတယ်မှာ ဇာလေးတွေ့တာ ငါသိပ်မယုံဘူး၊ နောက်တော့ သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးလုပ်နေတဲ့ အဘိုးကြီးကြောင့် မနက်ရောက်မှ ဟိုတယ်က[illegible] ဝိညာဉ်မှန်းသိရတာ ...

အခု နိုးနိုးကတွေ့ပြန်ပြီ၊ ထူးဆန်းတာက သရဲအခြောက်ခံရတာ ကျွန်း ပေါ်မှာများတယ်၊ အခု ရေထဲကထွက်လာတာဆိုတော့ ငါတို့အုပ်စုကို တမင် ချည်ရွယ်ပြီးခြောက်နေတာလား မသိဘူး"

နိုင်ဦးက စဉ်းစဉ်းစားစားနှင့်ပြောတော့ နရီက ...

"ဖြစ်နိုင်တယ်၊ နိုင်ဦး ခြောက်နေတာလည်း လမ်းမှာတွေ့လို့ ကား ပေါ်တင်လာတဲ့ မိန်းမပဲ"

"အကောင်းဆုံးဖြစ်မယ့် အကြံတစ်ခု ငါပေးကြည့်မယ်"

"ပြော ... သော်ဇင် ပြော ... "

ရွှေစင်က သော်ဇင်အနားကပ်ကာ သော်ဇင်ပြောမည့်စကားကို နား ထောင်ဖို့ပြင်ထားသလို ဇာလေးနှင့်နိုးနိုးက စိတ်ဝင်စားစွာကြည့်နေသည်။

နရီက ပင်လယ်ဘက်သို့ ကြည့်နေသလို နိုင်ဦးက ပက်လက်အနေ အထားကနေ မျက်လုံးမှိတ်ထားသည်။

"အခု လိုက်ခြောက်နေတဲ့ သရဲမက ပထမဆုံး ငါနဲ့ပတ်သက်လို့ ကားပေါ်ရောက်ခဲ့တယ် _ ကားပေါ်က ပျောက်သွားပြီး တို့ကိုလိုက်ခြောက်နေ တယ်၊ ဒီတော့ ငါနဲ့ပတ်သက်လို့ ငါသူငယ်ချင်းတွေ အထိတ်တလန့်ဖြစ်ရတာ ငါသူနဲ့ထိပ်တိုက်ရင်ဆိုင်လိုက်မယ်"

သော်ဇင်စကားဆုံးတော့ နိုင်ဦးက ...

"ဝိညာဉ်ဆိုတာ မင်းရင်ဆိုင်တိုင်း တွေ့ရမယ်လို့ မင်းထင်လား သော်ဇင်"

"ရအောင်တွေ့မယ် နိုင်ဦး _ ငါ့ဝိညာဉ်ကို နုတ်ချင်နုတ်သွားပါစေ တို့တွေရဲ့ အပန်းဖြေခရီးမှာ ထိတ်လန့်စရာတွေ ထပ်မကြုံဖို့ အရေးကြီးတယ်"

ရွှေစင်တို့တွေက ဘာအကြံမှမပေးတတ်။ ငြိမ်ရှုသာ နားထောင်လို့



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ နိုင်ဦးက မက်လက်လှန်နေရာမှ ထထိုင်လိုက်ပြီး သော်ဇင့်ကိုကြည့်

"မင်း ... အဲဒီဂိုဏ်ညာဥ်နဲ့ ဘယ်လိုတွေ့မလဲ"

"ကိစ္စမရှိဘူး၊ စီညာဥ်တွေက ညအကြက်သန်းခေါင်လောက်ဆို အပြ ထွက်ကြတယ်လို့ ကြားဖူးတယ်၊ ငါတစ်ယောက်တည်း စောင့်နေလိုက်မယ် သူ လာမယ်လို့ ငါ့စိတ်ကထင်နေတယ်"

"အဓိပ္ပါယ်မရှိဘာကွာ"

နိုင်ဦးက စိတ်ပျက်စွာ ပြောပေမယ့် နရီက သော်ဇင့်ကို သေချာစိုက် ကြည့်ကာ ...

"နင်ပြောတဲ့အတိုင်း လုပ်ကြည့်လိုက်၊ နင်မတွေ့ခဲ့ရင် နောက်ရက်မှ ငါစောင့်တွေ့မယ်"

လေသံမာမာပြတ်ပြတ်နှင့်ပြော၍ မတ်တတ်ရပ်ကာ ကျောက်တုံးပေါ် တင်ထားသည့် သဘက်ကိုပတ်လျှက် ဘန်ဂလိုသို့ပြန်သွားရာ ရွှေစင်တို့လည်း နရီ့နောက်သို့ထ၍ လိုက်သွားလေတော့သည်။

☼ ... ☼



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ညပိုင်း ပင်လယ်လေက တဖြူးဖြူးတိုက်လို့နေသည်။ သောင်ပြင်တွင် …ဂီတာ ဝိုင်းဖွဲ့သီချင်းဆိုနေကြသူ ဆော့ကစားနေကြသူတို့က ညဉ့်နက်လာ …ဖြင့် သူတို့လည်းသည့်နေရာသို့ ပြန်သွားကြ၍ သောင်ပြင်မှာ လူရှင်းလို့နေ၏။

ကမ်းစပ်သို့လာရိုက်သည့် လှိုင်းလုံးများအသံက တဝုန်းဝုန်းနှင့် ဆူညံ …နေသည်။

ဆောင်းညမို့ ပင်လယ်ကမ်းစပ်တွင် နှင်းမှုန်တချို့ကျလို့နေကာ မီး …လင်းရောင်က သောင်ပြင်တွင် မရှိတာမို့ မှောင်နေသည်။ ဘန်ဂလိုထဲရှိ …ခန်းမှ အပြင်ထွက်ရန်ပြင်နေသည့် သော်ဇင်ကို နိုင်ဦးက …

"မင်းလုပ်မယ့်ပုံက အစီပွာယ်မရှိလိုက်တာကွာ၊ ဝိညာဉ်ဆိုတာ မြင် …တိုင်းမြင်ခွင့်ရှိလို့လား"

"ဘာပဲဖြစ်ဖြစ် ငါ့မှာတာဝန်ရှိတယ်လို့ထင်တယ်"

သော်ဇင်က အနွေးထည်ဂျာကင်ကိုဝတ်ကာ နိုင်ဦးကို မကြည့်ဘဲ …ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... စိညာဉ်ကိုတွေ့တော့ မင်းဘာလုပ်မလဲ အပြတ်ရှင်းမလား ... ဟိုက လူမှမဟုတ်တာ မင်းရှင်းလို့မရနိုင်ဘူး"

"အခြေအနေတစ်ခုတော့ သိရမှာပေါ့ကွာ၊ ငါတို့ကိုရည်ရွယ်ချက်ရှိရှိ ဒုက္ခပေးနေတာ ဘာကြောင့်လဲ ... ငါတို့တွေ ဘာတွေမှားခဲ့ကြလို့လဲ"

သော်ဇင်အသံက တုန်လို့နေသည်။ စိတ်မငြိမ်မဲ့ ယောက်ယက်ခတ်ပြောနေသလိုဖြစ်ပေမယ့် နိုင်ဦးက ခုတင်ပေါ်ပက်လက်လှန်ကာ အငြိုးမပျက်ဘဲ ...

"အဓိပ္ပါယ်မရှိတာတွေနဲ့ ငါအိပ်ရေးပျက်မခံနိုင်ဘူး"

"ငါ့ဘာသာသွားမှာပါ မင်းနေခဲ့ ... ငါစခဲ့တဲ့ဇာတ်ကို ဆုံးအောင်ငါ့ဘာသာကမယ်"

သော်ဇင်ကပြော၍ အခန်းတံခါးကိုဖွင့်ကာ ထွက်လာခဲ့သည်။ ရွှေစင်တို့တည်းသည့် ဘန်ဂလို၏အခန်းတံခါးက ပိတ်နေသလို ပြတင်းပေါက်မီးအလင်းရောင်က မှိန်ဖျော့ဖျော့အလင်းသာရှိနေသည်။

သော်ဇင်တစ်ယောက် သဲသောင်ပြင်တွင် ခြေတစ်လှမ်းချင်းလှမ်း၍ ပင်လယ်နှင့်အနီးစပ်ဆုံး ကမ်းစပ်ရှိ ထိုင်ခုံတန်းလျားဆီသို့ လျှောက်လာ၏။

ဘန်ဂလိုမှ မီးအလင်းရောင်ဖျော့ဖျော့တွေက ကမ်းစပ်ထိအလင်းမရောက်တာမို့ မှောင်လို့နေသည်။ တလိမ့်လိမ့်တက်လိုက် ဆင်းလိုက်လုပ်နေသည့် လှိုင်းလုံးတို့၏အသံက ကမ်းနားမှာ ဆူညံနေသည်။

ပင်လယ်ထဲမှာတော့ မှောင်မဲနေပေမယ့် ငါးဖမ်းလှေတို့ရဲ့ မီးအလင်းကို တစ်ချက် တစ်ချက် လှမ်းမြင်နေရ၏။

သော်ဇင် ကမ်းစပ်ရှိ ခုံတန်းလျားတွင် ဝင်ထိုင်လိုက်ပြီး သူ့ရှေ့နားထိတက်လာသည့် လှိုင်းတို့ကို အဓိပ္ပာယ်မဲ့ငေးလို့နေသည်။

ပင်လယ်ကိုဖြတ်တိုက်လာသည့်လေတွေကလည်း ဆောင်းကာလမို့ အေးမြလှသည်။ ကောင်းကင်မှာ နှင်းမှုန်တို့ရှိတာကြောင့် ကြယ်တို့ကိုကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရ။ သော်ဇင် သူထိုင်နေတာ ဆယ့်ငါးမိနစ်လောက်ရှိလေပြီ။ ထူးခြားတာ ဘာတစ်ခုမှမတွေ့ရ။

သူတို့ကိုလိုက်နှောင့်ယှက်နေသည့် ဝိညာဉ်ကိုတွေ့ဖို့ အားခဲထားပေမယ့် တစ်ကယ်တွေ့တဲ့အခါ ဘယ်လိုရင်ဆိုင်မလဲဆိုတာကိုတွေးရင်း ကြောက်စိတ်တို့ ဖြစ်မိသည်။

ထိုစဉ် ...

"ခစ် ... ခစ် ... ခစ် ... "

"ဟင်"

မိန်းမတစ်ယောက်၏ ရယ်မောသံကိုကြားရ၍ ခေါင်းကိုနောက်သို့ လှည့်ကာရှာမိသည်။ လူကိုမတွေ့ရ။ အသံကတော့ ကြားနေရဆဲ –

"ခစ် ... ခစ် ... ခစ် ... "

"ဘယ်သူလဲ ... ခင်ဗျား ဘယ်သူလဲ"

"ခစ် ... ခစ် ... ခစ်"

သော်ဇင်က ထိုင်နေရာမှထ၍ ကိုယ်ကိုလှည့်ပတ်ကာ အသံရှင်ကို ရှာသော်လည်း မတွေ့ရ၍ ...

"ဘယ်သူလဲ မေးနေတာဖြေလေ"

သော်ဇင်အသံက ကျယ်လာသည်။ ကြောက်စိတ်ကြောင့် အသားတို့ လည်း တုန်လို့နေ၏။

"ခစ် ... ခစ် ... ခစ် ... "

လေတိုက်သံနှင့်အတူ အသံကပါလာပြန်ရာ ဘယ်နေက ရယ်သံလဲ ဆိုတာ ခန့်မှန်းရခက်နေသည်။

"ခင်ဗျား – ကျွန်တော့်ကိုခြောက်နေတာလား၊ ကျွန်တော် ခင်ဗျားကို ရင်ဆိုင်ဖို့ ထွက်လာတာ"

"ဟုတ်လို့လားရှင်"



www.burmeseclassic.com

www.burmeseclassic.com



အသံက သော်ဇင့်နောက်မှထွက်လာသဖြင့် သော်ဇင်လှည့်ကြည့်လိုက်ရာ ကြက်သေသေလို့သွားသည်။

"ဟင်"

သူနှင့်မလှမ်းမကမ်းတွင် အလွန်ချောမောလှပသည့် မိန်းမတစ်ယောက် အသက်ကတော့ သူထက်အနည်းငယ်ကြီးသည် ထင်ရပေမယ့် ရှည်လျားလှသည့် ဆံပင်ကို ဖြန့်ချကာ အပြစ်ပြောစရာမရှိအောင် လှပသည့် ရုပ်ရည်နှင့်အသား အရည်က ဝင်းဝါလို့နေသည်။

အချိုးအစားကျနစွာ လှပသည့် ခန္ဓာကိုယ်တွင် အစိမ်းရောင်ဘလောက် အင်္ကျီနှင့် လုံချည်ကို အချိုးအစားကျနစွာ ဝတ်ဆင်ထားပြီး သော်ဇင်ဆီသို့ ပြုံးပြုံးလေးနှင့် တစ်လှမ်းဆီလျှောက်လို့လာသည်။

"ခင် ... ခင်ဗျား ... "

သော်ဇင်က လက်ညှိုးထိုးကာ နောက်သို့ခြေတစ်လှမ်းဆုတ်ရင်း စကားကို ဆက်ပြောဖို့ အားယူနေပေမယ့် အမျိုးသမီးက ပြုံးပြုံးလေးနှင့် ...

"ရှင်က ကြောက်တတ်လိုက်တာရှင် ... ကျွန်မက မယ်နဒီပါ"

"ခင် ... ခင်ဗျား ကျွန်တော့်ကားရှေ့မှာ ဒဏ်ရာနဲ့လဲနေတဲ့ မိန်းမ မလား"

"ဟင်း ... ဟင်း ... "

မယ်နဒီက သော်ဇင်ကိုကြည့်၍ ရယ်ပြန်သည်။ ပြီးမှ ...

"ဟုတ်တယ် ... မယ်နဒီ ချောင်းသာကပြန်တော့ ကားပေါ်က ပြုတ် ကျကျန်ခဲ့တာလေ၊ ရှင်တို့တွေက ကြင်နာစိတ်ရှိတဲ့လူတွေပါ ကျွန်မကို ကားပေါ် တင်ပြီး ချောင်းသာပြန်ခေါ်လာတယ်လေ"

လေသံအေးအေးလေးက ဆွဲဆောင်မှုပြည့်ဝစွာ ပြောနေရာ သော်ဇင် က ကြောက်စိတ်တို့ကို တတ်နိုင်သလောက် ဖျောက်၍ ...

"ခင်ဗျား ကားပေါ်က ဘယ်လိုလုပ်ပျောက်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းက သချိုင်းစာစ်ခုက အသိတွေကို ဝင်နှုတ်ဆက်နေလို့ရှင့်၊ ဟိုတယ်ရောက်တော့ ရှင်တို့က ကိုယ်ဘာသာတည်းကြတယ်... ကျွန်မအတွက် မစီစဉ်ပေးဘူး"

"ကျွန်မလည်း နေစရာမရှိတာနဲ့ ဟိုတယ်နောက်က ပိတောက်ပင်မှာ ညအိပ်ရတယ်"

"ခင် ... ခင်ဗျား ... ဘာ ... ဘာလို့ ကျွန်တော်တို့ကို ဒုက္ခလိုက်ပေးနေတာလဲ"

"ရှင်"

မယ်နဒီက အံ့ဩစွာရေရွတ်လိုက်ပြီး ခုံတန်းလျားတွင် ဝင်ထိုင်ပေမယ့် သော်ဇင်က မတ်တတ်ရပ်လို့ပင်နေသည်။

"ခင် ... ခင်ဗျားက အစိမ်းသရဲ မဟုတ်လား"

"ဟင်း ... ဟင်း ... "

သော်ဇင်ပြောတာကိုကြည့်၍ မယ်နဒီက ရယ်ပြန်သည်။ ပြီးမှ ပြုံးပြုံးလေးနှင့် ...

"အစိမ်းရောင်ဝတ်ထားတော့ အစိမ်းသရဲပေါ့၊ ကျွန်မက ရှင်တို့ကို ဒုက္ခလိုက်ပေးတာ မဟုတ်ဘူး၊ ရှင်တို့က ကျွန်မ ရန်ကုန်ပြန်မှာကို ချောင်းသာပြန်ခေါ်လာတာ နေစရာတော့မပေးဘူး၊ အခု ... ကျွန်မ ဟိုအုန်းပင်မှာ နေနေရတယ်"

သူထိုင်နေသည့် တန်းလျားနောက် အနည်းငယ်လှမ်းသည့် အုန်းပင်ကို လက်ညှိုးထိုးကာပြောသည်။

"ကျွန်တော် ခင်ဗျားကို တစ်ခုလောက်တောင်းပန်ပါရစေ"

"ပြောလေ"

မယ်နဒီက မျက်လုံးလေးဝင့်၍ သော်ဇင်ကိုပြောရာ သော်ဇင်က လေသံအေးအေးဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား _ ရန်ကုန်ပြန်မယ်ဆိုရင် ကျွန်တော်တို့ ပြန်တဲ့နေ့လိုက်ခဲ့ ဒီကြားထဲ ပြဿနာထပ်မရှာပါနဲ့ဗျာ ...

ကျွန်တော့်သူငယ်ချင်းတွေအားလုံးက ခင်ဗျားကို သိပ်ကြောက်နေကြပါတယ်"

"ခစ် ... ခစ် ... ခစ် ..."

မယ်နုဒီက လှပစွာ ရယ်ပြန်သည်။ ရှည်လျားလှသည့်သူ့ဆံပင်တွေက ပင်လယ်မှဖြတ်တိုက်လာသည့် လေတို့ကြောင့် လွင့်လို့နေသည်။

"ခင် ... ခင်ဗျား ဘာရယ်တာလဲ"

"ရှင်ပြောတာ ရယ်ရလို့ပါ _ ကျွန်မကို ကြောက်ကြတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ _ ဝိညာဉ်ကို ဘယ်သူက မကြောက်ဘဲနေမလဲ"

"ထားပါတော့ရှင် ... ရှင်တို့ကြောက်တယ်ဆိုရင် ရှင်တို့ရှိတဲ့နေရာ မလာတော့ပါဘူး ... ရှင်တို့က ကျွန်မကိုတွေ့ရင် မတတ်နိုင်ဘူးနော်"

"ဟင်"

မယ်နုဒီက ခုံတန်းလျားမှထ၍ သော်ဇင်ကိုကျောခိုင်းလိုက်သည်။ ခြေ တစ်လှမ်းနှစ်လှမ်း ဆက်လျှောက်သွားပြီးရပ်ကာ သော်ဇင်ကိုလှည့်မကြည့် ဘဲ ...

"ကျွန်မ သွားတော့မယ် ... သန်းခေါင်ကျော်လို့ ကျွန်မရုပ်ပြောင်း သွားရင် ရှင်လန့်မှာစိုးလို့"

"ဗျာ"

သော်ဇင်က အံ့သြစွာရေရွတ်၍ ကျန်ခဲ့တော့သည်။ မယ်နုဒီထွက်သွား ရာသို့ လိုက်ကြည့်ပေမယ့် တိုက်နေသော ပင်လယ်လေထဲတွင် အဝတ်စလေး လွင့်နေသလို ပေါ့ပါးစွာထွက်သွားသည်ကို တွေ့ရ၏။

"ဟင်း"

သက်ပြင်းကိုချလိုက်ပြီးနောက် ခေါင်းကိုအောက်သို့စိုက်ကာ ခောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘီထဲ လက်နှိုက်ပြီး လေးကွေးသောခြေလှမ်းတို့ဖြင့် တည်းခိုရာ ဘန်ဂလိုသို့ ပြန်လာခဲ့ပြီသည်။

သူ့ရဲ့ မျက်လုံးထဲတွင် အလွန်တရာမှ လှပသည့် တစ္ဆေမလေး မယ်နဒီကို မြင်ယောင်နေမိသည်။ လူ့ဘဝတုန်းက မဆုံဖြစ်လိုက်ဘဲ ဝိညာဉ်ဘဝရောက်မှ ဆုံတွေ့ရတာမို့ ရင်ထဲတစ်မျိုး ခံစားရလေသည်။

သူကြားဖူးသလို သရဲတစ္ဆေတွေက သူတို့လိုရာ ရုပ်သဏ္ဍာန်ကို ဖန်တီးလို့ရတယ်ဆိုရင် အခုလောက် လှပသည့် ရုပ်ရည်ကို ဖန်တီးထားတဲ့အတွက် အံ့ဩရသည်လေ ...

ဘယ်လိုပဲဖြစ်ဖြစ် ...

တစ္ဆေမလေး မယ်နဒီကို မျက်လုံးထဲတွင် စွဲလို့နေလေတော့သည်။

☼...☼



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

နံနက်စောစော စားသောက်ဆိုင်မှာထိုင်ကြတော့ နိုင်ဦးက အားလုံး ကြားအောင် လေသံကျယ်ကျယ်နှင့် ...

"တို့သူငယ်ချင်း သူ့ရဲကောင်းကြီး သော်ဇင် ညက တစ္ဆေမကို သွား တွေ့တယ်"

"ဟယ် ... ဟုတ်လား"

ဇာလေးက အံ့သြစွာ သော်ဇင်ကိုမေးလိုက်သည်။ သော်ဇင်ပုံစံက အိပ်ရေးမဝလို့ ငိုင်နေသည့်ပုံမျိုးနှင့်ငူငူကြီး ဖြစ်လို့နေသည်။

"အင်း"

သော်ဇင်က ခေါင်းညိတ်နေတော့ ရွှေစင် နိုးနိုးနှင့် ဇာလေးက သော်ဇင် ဘာပြောမလဲ သိချင်နေကြသည်။ နရီကတော့ သူ့ရှေ့ပန်းကန်ထဲက ပေါင်မုန့် ကြော်ကို အစားမပျက်။

"ငါတွေ့ခဲ့တယ်၊ ကမ်းစပ်နားက ထိုင်ခုံမှာ သူ ငါ့ဆီလာတယ်"

"ကြောက်စရာကြီးလား ... ဟင်"



www.burmeseclassic.com

www.burmeseclassic.com



နိုးနိုးက မျက်လုံးလေးပြူးကြောင်ကြောင်နှင့်မေးသည်။

"တော်တော်ချောတယ်"

"ဟယ် ..."

"တို့တွေ လမ်းမှားတွေ့တုန်းက ခေါင်းမှာ ဒဏ်ရာရလို့ မျက်နှာမှာ သွေးတွေပေတော့၊ ရုပ်ကို ဒီလောက် သတိမထားမိဘူး ... ကြောက်လည်း ကြောက်နေတာပါတာပေါ့ ..."

သော်ဇင်က စကားကို တစ်လုံးချင်းပြောတာကြောင့် နိုင်ဦးက ခပ်ပေါ့ ပေါ့နှင့် ...

"စကားပြောတာ အရင်လို သွက်သွက်ပြောစမ်းကွာ ... မင်းဇာတ် လမ်းတွေထွင်မယ်ဆိုတာ ငါသိပြီးသား"

"ငါမညာဘူး နိုင်ဦး ... တကယ်ပြောတာ၊ ညက အစော့်ကို ညဥ့် နက်နေပြီ၊ သောင်ပြင်မှာလည်း အေးနေပေမယ့်၊ ပြဿနာတွေပြေလည်အောင် ဖြသွားခဲ့တယ်"

"ဟုတ်သားပဲ နိုင်ဦး ... သော်ဇင်ပြောတာ ဆုံးအောင်နားထောင်ဦး"

နရီဝင်ပြောမှ နိုင်ဦး ငြိမ်သွားသည်။ အားလုံးက စိတ်ဝင်စားနေသည့် အကြောင်းမို့ သော်ဇင်က သူကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံကိုပြောပြသည်။ စကားဆုံးတော့ နရီက ...

"မိန်းကလေးတစ်ယောက် ညဥ့်နက်သန်းခေါင် ကမ်းစပ်မှာ နင့်ကို လာတွေ့တာ ... လူဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"သူ့ရုပ်က ပြောင်းသွားသေးလား သော်ဇင်"

ဇာလေးက ကြောက်စိတ်အနည်းငယ်ရှိလို့ထင်သည်။ အသံတုန်တုန် နှင့်မေး၏။

"ငါနဲ့စကားပြောနေတုန်းကတော့ မပြောင်းဘူး၊ ပြန်ခါနီးတော့ တစ် ဖက်လှည့်သွားတယ်၊ ငါ့ကို ကျောခိုင်းပြီး နှုတ်ဆက်တာ ... "



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့အတိုင်း သူလက်ခံမယ်လို့ထင်လား ... သော်ဇင်"

"အဲဒါတော့ ငါမသိဘူး ... ရန်ကုန်ပြန်ရင် ခေါ်သွားမယ်လို့တော့ ကတိပေးလိုက်တယ်"

နီးနီးက သူ့ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိကာ ...

"ငါတို့က သရဲနဲ့အတူတူ ပြန်ရမှာပေါ့၊ ကြောက်ဖို့ကောင်းလိုက်တာ"

"မတတ်နိုင်ဘူး ... ငါပြောပြီးပြီ"

သော်ဇင်က ပခုံးနှစ်ဖက်ကိုတွန့်ကာ ပြောလိုက်၏။ နိုင်ဦးက သောက်ယက်စကော်ဖီခွက်ကို စားပွဲပေါ် ချကာ ...

"ရန်ကုန်ခေါ်လာတာတော့ ဟုတ်ပါပြီ ... ဘယ်ကိုပို့ရမှာလဲ မေးလိုက်သေးလား"

"ဟင်း ... ငါမမေးလိုက်မိဘူး"

"သချိုင်းတစ်ခုခု ပို့ခိုင်းမှာပေါ့၊ ရေဝေးဖြစ်ဖြစ် ထိန်ပင်ဖြစ်ဖြစ်နေမှာပေါ့"

နရီကပြောတော့ သော်ဇင်က ...

"အမှန်အတိုင်းပြောရရင် သူ့မျက်နှာကို ငါ့မျက်လုံးထဲက ထွက်ကို မထွက်ဘူး"

"ဟာ ... ပေါ့ကောင် မဟုတ်တဲ့ဇာတ်လမ်းတွေမလုပ်နဲ့၊ ဥစ္စာစောင့်နဲ့လူ ဇာတ်လမ်းတွေရှိခဲ့တာ ဟိုးခေတ်က ဒီနေ့ခေတ်မှာ အဲဒီလိုဇာတ်လမ်းရှိရင် မင်းရှုံးသွားမယ်"

"ရှုံးတာ အရေးမကြီးဘူး၊ ဟိုက ကုပ်ချိုးသတ်မှ ဒုက္ခရောက်နေမယ်"

နိုင်ဦးစကားကို နရီက ထောက်ခံကာပြောသည်။ သော်ဇင်ကတော့ မကြားဟန်ဆောင်၍ ပင်လယ်ဘက်သို့ငေးကာ ကြည့်နေလေသည်။

❋...❋



www.burmeseclassic.com

www.burmeseclassic.com

၇

ညနေစောင်း သောင်ပြင်တွင် ဆော့ကစားသူတချို့က ဘောလုံးကို တဘက်နှင့်တဘက် အပြိုင်ပုတ်နေကြသည်။ နိုင်ဦးနှင့်သော်ဇင်က ရေကူးဖို့ အတွက် သောင်စပ်ကိုထွက်လာပေမယ့် ရွှေစင်တို့ကတော့ ပင်လယ်ထဲဝင်သွား တဲ့ နေလုံးကိုကြည့်ချင်သည်ဆိုကာ အုန်းသီးစိမ်းများကို ပိုက်နှင့်စုပ်လျှက် သောင် စပ်သဲပေါ်တွင် ထိုင်နေကြသည်။

"ချောင်းသာရဲ့အလှက နေဝင်ချိန်ဆိုရင် ပိုမှန်မလားမသိဘူး၊ လှလိုက် တဲ့ ညနေလေး"

"အမလေး နိုးနိုးရယ် … ခံစားချက်တွေ ပြင်းလိုက်တာ၊ ရည်းစား လည်း ခုထိတစ်ယောက်မှမရှိဘဲ လာလွမ်းနေတယ်"

ရွှေစင်က အပြစ်တင်ပေမယ့် နိုးနိုးက အပြုံးမပျက်ဘဲ ကောင်းကင်ရဲ့ အောက်ဘက်ကျလာတဲ့ နေလုံးနီနီကြီးကိုငေးကာ …

"လူတွေ ဖန်တီးလို့ လှတဲ့အလှထက် သဘာဝက ဖန်တီးလို့လှတဲ့ အလှက ပိုလှတယ်ဆိုတာ အမှန်ပဲ …

ကြည့်စမ်း … ရွှေစင် အခုနေသာ တို့တွေရဲ့ဘေးမှာ ချစ်သူရှိနေရင် ဒီအလှအပတွေက ပိုလေးနက်မှာအမှန်ပဲ"

"ဟဲ့ … နိုးနိုး နင်ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်က နိုးနိုးကိုလှမ်း၍ တန့်လိုက်သည်။ သူ့ဘေးမှာ နရီရှိနေတာမို့ အားနာ[illegible]ပြသည်။ နရီက ဘာမှမဖြစ်သလိုပုံစံနှင့် ...

"နိုးနိုး _ သူ့စိတ်ကူးနဲ့သူ ပြောပါစေ ရွှေစင်၊ သူပြောတာမှန်နေတာပဲ ထစ်ချွန်းညို့မှ ပိုသာယာနိုင်မယ်လို့ထင်ပေမယ့် ထစ်ချွန်းမရှိလည်း ဒီအလှအပတွေက လျော့မသွားတာ"

"သူငယ်ချင်း ငါပြောတာ နင့်ကိုမရည်ရွယ်ပါဘူး၊ နင်စိတ်ဆိုးရင် ငါတောင်းပန်ပါတယ်"

နိုးနိုးက မျက်နှာငယ်လေးနှင့် နရီဘက်သို့လှည့်ကာပြောသည်။ နရီက ခေါင်းရမ်းလိုက်ပြီး ...

"ငါစိတ်မဆိုးပါဘူး နိုးနိုးရယ် ... အခုလို ပင်လယ်ကမ်းခြေ ညနေမှာ ထစ်ချွန်း ရှိစေချင်သလို ငါ့မွေးနေ့မှာလည်း ထစ်ချွန်းရှိစေချင်တယ်လေ"

"ထစ်ချွန်း မီအောင်လိုက်လာမှာပါ၊ နင့်မွေးနေ့က နှစ်ရက်တောင် လိုသေးတာပဲ"

ဇာလေးက အားပေးစကားဝင်ပြောတော့ ရွှေစင်က ...

"ဟုတ်တယ် ... ထစ်ချွန်းလိုက်လာမှာ သေချာတယ်၊ ဒီကောင် နင့်ကို သိပ်ချစ်တာ ငါသိတယ်"

"နင်တို့ အခုလို အားပေးဖော်ရတာ ငါကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ဟာ တစ်ခါတလေ သူ့ကိုငါ နားလည်ရခက်တယ် ..."

"သူငယ်ချင်း ဘာမှတွေးမနေနဲ့ တို့တွေ သီချင်းနားထောင်မယ်"

"အေး ... ဒီနေရာမှာဖိမ်ပဲ"

နေလုံးကလည်းဝင်သွားပြီမို့ မှောင်ရီသန်းလို့လာသည်။ အလင်းရောင်က ဖျော့ဖျော့သာကျန်တော့ပြီး ပင်လယ်ထဲက လှိုင်းပုတ်သံတို့ကို ကြားနေရသည်။

"ငါ့မှာ MP3 ပါမလာဘူး၊ အခန်းထဲမှာကျန်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



နရီက သူ့အိတ်ကိုစမ်းရင်းပြောတော့ နိုးနိုးက _

"ငါ့မှာလည်း မပါဘူး၊ ကီးစွမရှိဘူး၊ ငါသွားယူလိုက်မယ် _ နရီ နင့် MP 3 ဘယ်မှာထားလဲ"

"ခရီးဆောင်အိတ်အပြင်ဘက်က အိတ်ထဲမှာ"

"အိုကေ ... ငါပြေးလိုက်မယ်"

နိုးနိုးပြေးထွက်သွားကာ ဘန်ဂလိုဆီရောက်တော့ အခန်းမီးများပိတ်ထား၍ မီးခလုတ်ကိုရှာနေရသည်။ အခန်းထဲကလည်း မှောင်နေ၍ မီးခလုတ်ကို တော်တော်နှင့်ရှာမတွေ့ဖြစ်နေသည်။

အခန်းတံခါးကို ဖွင့်ထားပေမယ့် အပြင်က အလင်းရောင်မရှိသောကြောင့် ရှာမတွေ့တာလည်းဖြစ်သည်။ ထိုစဉ် ...

နိုးနိုး၏ နှာခေါင်းဝ၌ စူးရှရှ ရေမွှေးနံ့ကိုရသဖြင့် စိတ်ထဲအနည်းငယ်သံသယဖြစ်သွားသည်။

"ဒီရေမွှေးနံ့က ဘယ်ကရတာလဲ _ တို့တွေသုံးတဲ့ ရေမွှေးနံ့လည်း မဟုတ်ဘူး"

သေချာအောင် နှာခေါင်းကိုရှုံ့ကာ ရှုံ့ကာ ရှုကြည့်မိသည်။ အခန်းနံရံကိုလည်း လက်နှင့်လိုက်စမ်း၍ မီးခလုတ်ကိုရှာရာ မတွေ့သဖြင့် စိတ်ဓာတ်ကကျချင်လာသည်။ စူးရှရှ ရေမွှေးနံ့ကလည်း ပြင်းပြင်းရှရှကို မွှေးနေ၏။

အခန်းထောင့် ခရီးဆောင်အိတ်များထားရာဆီသို့ တစမ်းစမ်းနှင့်သွား MP 3 စက်ကို ရှာဖို့ ကြိုးစားကြည့်၏။

"ပြဿနာပဲ မှောင်ထဲမှာ စက်ကို ဘယ်လိုရှာမလဲ"

ညည်းညည်းညူညူပြောလိုက်ရင်း စိတ်ထဲက တစ်ယောက်ယောက်က သူ့ကိုကြည့်နေသလို ခံစားလာရသည်။

"ငါ့စိတ်ထဲ တစ်မျိုးပဲ _ ဘယ်သူ ငါ့ကိုကြည့်နေတာလဲ မသိဘူး"

စိတ်ထဲကတွေးလိုက်ပြီး MP 3 စက်ကို ဆက်၍ မရှာတော့ဘဲ ခတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ ရုတ်တရက် နောက်သို့လှည့်ကြည့်လိုက်သည်။

"အမလေး ..."

ရုတ်တရက် အခန်းဝတွင် သူတွေ့လိုက်သည့်ပုံရိပ်ကြောင့် အာလွန် ထိတ်လန့်စွာ အော်လိုက်သည်။ ရပ်နေသည့်နေရာ၌ ကြက်သေသေကာရပ်နေပြီး မျက်လုံးကို စုတ်မှိတ်ထားလိုက်၏။

အသားတွေ တဲဆတ်ဆတ်တုန်လာပြီး နဖူးတွင် ချွေးသီးများ အလုံးလိုက်ထွက်လာသည်။ ထိတ်လန့်စိတ်ကြောင့် ရင်တုန်သွားသဖြင့် ရင်ဘတ်ကို လက်နှင့်ဖိထားမိသည်။

ခဏကြာတော့ ပြင်းရှရှရေမွှေးနံ့က တဖြည်းဖြည်းပျောက်သွားသဖြင့် မျက်လုံးကို အသာဖွင့်၍ အခန်းဝသို့ပြန်၍ ကြည့်လိုက်ရာ ...

"ဟင်"

ဘာကိုမှမတွေ့ရတော့။ သူတွေ့လိုက်ရသည့် ပုံရိပ်ကလည်း လုံးဝ ပျောက်ကွယ်လို့သွားသည်။ သူ မရဲတရဲနှင့် အခန်းဝသို့ တစ်လှမ်းချင်းလျှောက် လာကာ တံခါးဝဆီရောက်တော့ အပြင်ဘက်သို့ ကြောက်ကြောက်နှင့်ကြည့်လိုက် သည်။ သို့သော် ...

ဘာကိုမှ ထပ်မတွေ့တော့သဖြင့် အခန်းတံခါးကို အမြန်ပိတ်ပြီး ဘန်ဂလိုရှေ့ အောက်ဆင်းသည့် လှေခါးအတိုင်း ပြေးဆင်းလာသည်။

ကမ်းစပ်နှင့် ဘန်ဂလိုက အဝေးကြီးမဟုတ်သော်လည်း ချောက်ချား သည့်စိတ်ကြောင့် ပြေးရတာတော်တော်နှင့် မရောက်နိုင် ... ချော်ငါ့ လဲလဲကျ လို့နေ၏။

"ဟောဟဲ ... ဟောဟဲ"

လူကလည်း မောလို့နေကာ မျက်လုံးများပင် ပြာလို့နေသည်။ အာခေါင်ကလည်း ခြောက်ကပ်လို့နေသဖြင့် လည်ဝမှ အသံကထွက်မလာဘဲ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောနေသည့်ကြားမှ စိတ်ကိုထပ်တင်းကာ [illegible] ဆိုတို့ရှိသည့်နေရာသို့ ပြေးလာခဲ့သည်။ သူ [illegible] တွေ့လိုက်ရသည့် [illegible] ပုံရိပ်နှင့် သို့မဟုတ် မျက်နှာတစ်ခုလုံးတွင် သွေးများပေနေသည့် [illegible] သူ့ကို အသက်ရှူရပ်တန့်စေလောက်အောင် ထိတ်လန့်စေခဲ့သည်။

✲...✲

ရိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဟယ် ... နိုးနိုး ဘယ်လိုဖြစ်လာတာလဲ"

သူတို့ဆီသို့ အလောတကြီးပြေးလာသည့် နိုးနိုးကို စတွေ့တာက နရီပင်ဖြစ်သည်။

"ဟိုး ... ဟိုး ... တို့ ... အခန်း ... "

နိုးနိုးက ဒူးထောက်ထိုင်ချလိုက်ပြီး မောလွန်း၍ စကားကိုမဆက်နိုင် အသက်ရှူသံကလည်း ပြင်းသလို မျက်နှာမှာ သွေးမျက်နေသည့် အမူအရာဖြစ်လို့နေသည်။

ရွှေစင်နှင့်ဇာလေးကလည်း နိုးနိုးဘေးနားမှာ ထိုင်ချလိုက်ပြီး ဒုန်းစိမ်းရေကို တိုက်သည်။

"သူငယ်ချင်း ... ဘာဖြစ်လာတာလဲ"

နိုးနိုးက ဒုန်းစိမ်းရေကို ပိုက်နှင့်မသောက်ဘဲ အလုံးလိုက်မော့သောက်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါ့ကိုသရဲခြောက်တယ် ... ဟီး ..."

ပြောလည်းပြော ငိုလည်းငိုလေတော့သည်။ နရီက နိုးနိုးမန်းကိုဖက်ထား ရှိ၏ ...

"ဘယ်မှာခြောက်တာလဲ နိုးနိုး ..."

"အခန်းဝမှာ ... ဟင့် ... ဟင့်"

နိုးနိုးက ဝမ်းနည်းတာရော ကြောက်တာပါပေါင်း၍ အားရပါးရကို ငိုလို့နေ၏။ ထိုစဉ် ...

နိုင်ဦးနှင့်သော်ဇင်တို့ သူတို့ဆီသို့ လျှောက်လာသည်။ အနားရောက် တော့ နိုးနိုးငိုနေတာကို ကြည့်ပြီး ရွှေစင်အား ...

"နိုးနိုး ဘာဖြစ်တာလဲ"

"သရဲအခြောက်ခံရလို့ ... တဲ့"

"ဟင်"

သော်ဇင်က အံ့ဩသွားပြီး နိုးနိုးဘေး၌ထိုင်၍ ...

"မငိုနဲ့တော့ နိုးနိုး ... ဘယ်လိုဖြစ်တာလဲပြော"

အားလုံးကဝိုင်းချော့၍မေးတော့ နိုးနိုးက ...

"ငါအခန်းထဲရောက်တော့ မီးခလုတ်ရှာတာ မတွေ့တာနဲ့ အိတ်ထဲက MP 3 ကိုရှာတုန်း ငါ့ကိုတစ်ယောက်ယောက်က ကြည့်နေသလို ခံစားရတယ်၊ ရေမွှေးနံ့ပြင်းပြင်းလည်း နံလိုက်တာမပြောနဲ့"

"ရေမွှေးနံ့ ... ဟုတ်လား"

"ဟုတ်တယ် _ ငါလည်း မသင်္ကာတာနဲ့နောက်လှည့်ကြည့်လိုက်တော့ ဟို ... ဟိုမိန်းမ မျက်နှာမှာသွေးတွေနဲ့ ငါ့ကိုရပ်ကြည့်နေတယ်"

"ဟင်"

သူတို့အားလုံး အံ့အားသင့်စွာ နိုးနိုးကို ဝိုင်းကြည့်ကြသည်။

"ငါလည်း ကြောက်ကြောက်နဲ့ မျက်စိစုံမှိတ်အော်ပြီး မျက်စိဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့ မတွေ့တော့ဘူး ... အခန်းဝက ပျောက်သွားတယ်"

နရီက ဘယ်လိုလဲဆိုသည့် သဘောဖြင့် သော်ဇင်ကို ကြည့်လိုက်ရာ သော်ဇင့်မျက်နှာလည်း ပျက်လို့နေသည်။

"အခြေအနေကတော့ ဘာမှထူးမလာဘူး။ ဒီတော့ ... နင်တို့နေခဲ့ ငါအခန်းကိုတစ်ယောက်တည်းသွားမယ်"

"နရီ ... ဘာလို့တစ်ယောက်တည်း သွားမှာလဲ၊ တို့လည်း လိုက်မှာ ပေါ့"

"ငါတို့ကို ဒုက္ခပေးနေတဲ့ ဝိညာဉ်မကို ငါတွေ့ချင်တယ် ... အခုအခြေအနေက ဆိုးသထက်ဆိုးလာတယ်၊ ငါက သော်ဇင်လို အေးအေးဆေး ဆေး တောင်းပန်နေမှာမဟုတ်ဘူး၊ တစ်ခါတည်း အပြတ်ရှင်းမယ်"

"ဟင်"

အားလုံးရဲ့ မျက်လုံးတွေ ဝိုင်းလို့သွားသည်။ နရီ စိတ်ထက်မှန်းသိကြ တာမို့ တစ်ခုခုဖြစ်မှာကို စိုးရိမ်နေကြတာဖြစ်သည်။

"နရီ ... ပရလောကသားတွေကို နိုင်နင်းတာ သီလ သမာဓိရှိတဲ့ ဘာသာရေးသမားတွေပဲရှိတယ် ... သူတို့က နာမ်တွေ ရုပ်မဟုတ်တဲ့အခါ ဘယ်လိုမှ ထိပ်တိုက်ရှင်းလို့မရဘူး"

"တောက်"

နရီက သဘောပေါက်၍လား၊ ဒါမှမဟုတ် ခံပြင်း၍လားမသိ။ တောက် ခေါက်သံပြင်းပြင်းခေါက်လိုက်သည်။

"လာဟာ အခန်းပြန်ရအောင်"

ရွှေစင်ကပြောတော့ နိုးနိုးက လန့်လို့နေတာ ဓာလေးက ...

"လာပါ နိုးနိုးရယ် ... အခန်းမပြန်ဘဲ သောင်ပြင်မှာ အိပ်လို့ရတာ မှမဟုတ်တာ ... အေးလည်းအေးလာပြီ"

"ငါ သူ့ကိုထပ်တွေ့မှာ အရမ်းကြောက်တယ် ဓာလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဦးက ...

"ဘာမှကြောက်မနေကြနဲ့ မနက်ဖြန်ကျရင် စီစဉ်စရာရှိတာ ငါစီစဉ်မယ်"

"ဘာအစီအစဉ်လဲ နိုင်ဦး"

နရီက မေးသော်လည်း နိုင်ဦးက ခေါင်းရမ်းလိုက်ပြီး ...

"နောက်မှပြောမယ် ငါတို့ကိုဒုက္ခပေးနေတဲ့ နာနာဘာဝ ဒုက္ခလှလှတွေ့ကိုတွေ့စေရမယ်"

ပြော၍ကျိမ်းလိုက်ပြီး သောင်ပြင်ကိုဖြတ်ကာ ဘန်ဂလိုဆီသို့ ထွက်ခွာခဲ့ကြသည်။

✲...✲



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဦးပြောတာကို သော်ဇင်က နားမလည်၍ ထပ်မေးသည်။

"ဝိညာဉ်နိုင်ဆရာ ဟုတ်လား ... နိုင်ဦး"

"ဟုတ်တယ် ... ငါမနေ့က ကမ်းစပ်မှာ လမ်းလျှောက်တုန်း လူကြီးတစ်ယောက်နဲ့တွေ့တော့ စကားပြောရင်း ဝိညာဉ်တွေကိုနိုင်တဲ့ ဆရာကြီးတစ်ယောက် ရွာထဲဘက်မှာရှိတယ် ပြောတာပဲ"

နိုင်ဦးက သော်ဇင်ကို အကျိုးအကြောင်းရှင်းပြရာ သော်ဇင်က ခေါင်းကိုခါရင်း ...

"ဒီခေတ်မှာ အဲဒါတွေ မရှိနိုင်ပါဘူးကွာ"

"မရှိရင် အခုဖြစ်နေတဲ့ ပြဿနာကို ဒီအတိုင်းထားမလား၊ ဘယ်သူ့ကိုသွားတိုင်မလဲ၊ ဟားတောင်ခံရဦးမယ်၊ နေ့လယ်သွားကြမယ်"

"နရီတို့ကို ခေါ်သွားမှာလား"

"မခေါ်ဘူး ... တို့ဘာသာသွားမယ်၊ မိန်းမတွေပါရင် ရှုပ်တယ်"

သော်ဇင်က ထောက်ခံသည့်အနေဖြင့် နိုင်ဦးကိုခေါင်းညိတ်ပြသည်။ သူတို့နှစ်ယောက် စကားပြောနေကြစဉ် နှာခေါင်းဝ၌ စူးရှရှအနံ့ကိုရသော ကြောင့် ...

"ဟော့ကောင် ... နိုင်ဦး မင်းနှာခေါင်းက ဘာနံ့ရလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်း ... ဟင်း”

နိုင်ဦးက နှာခေါင်းကိုရှုံ့ကာ ရှုကြည့်သည်။

“အေး ... ရေမွှေးနံ့ကွ ... စူးရိုက်တာ”

“ဟိုး ... နိုးနိုးရတဲ့အနံ့မျိုးလား မသိဘူးနော်”

“ဖြစ်နိုင်တယ်”

နိုင်ဦးက ဘေးဘက်သို့ကြည့်သည်။ ဘာမှမတွေ့။ သူတို့ထိုင်နေသည့် အနောက်ဘက် အုန်းပင်တန်းတွင် လူရိပ်တစ်ခုကိုတွေ့ရတာကြောင့် နိုင်ဦးက ...

“သော်ဇင် ... လာ တို့တွေ အုန်းပင်ဘက်ကို သွားကြည့်ရအောင်၊ ငါသိပ်မသင်္ကာဘူး”

“ဖြစ်ပါ့မလား”

“မနက်ပိုင်းကွာ အလင်းရှိနေတာပဲ၊ ဘာကြောက်စရာရှိလဲ ... လာပါ”

သော်ဇင် စိတ်ထဲ ကြောက်တာလည်းမဟုတ်။ တွေ့ရမှာ ရွံ့နေသလို ဖြစ်နေ၏။ နိုင်ဦးက အတင်းလက်ဆွဲခေါ်တော့ သော်ဇင်လည်း ထလိုက်လာသည်။

အုန်းပင်တွေကလည်း အများကြီးရှိတာမဟုတ်။ လေးငါးပင် အစုလိုက် ရှိတာမို့ နိုင်ဦးနှင့်သော်ဇင် အနောက်ဘက်ပတ်ကာ ရှာလိုက်သည်။

“ဟင်”

ဘာမှကိုမတွေ့ရ။ ပြင်းရှရှရေမွှေးနံ့ကတော့ နံနေဆဲပဲလေ။

“ဘယ်သူမှ မရှိဘူး”

“ငါကြက်သီးတွေထတယ် ... နိုင်ဦး၊ ငါတို့နားမှာရှိတယ်ထင်တယ်”

နိုင်ဦးက ကိုယ်ကို လှည့်ပတ်ကြည့်သည်။ လူလည်းပြတ်နေသည့်နေရာ ... လူသံနှင့်တခြား အသံတို့ကို မကြားရ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ဦး ... သွားရအောင်ကွာ"

"တောက် ... ဘာလဲကွာ ငါတို့ကို သက်သက်ဒုက္ခပေးတယ်၊ ဒေါသ ထွက်လာပြီ"

နိုင်ဦးက လက်နှစ်ဖက် လက်သီးဆုပ်၍ ဒေါသဖြစ်ကာ ပြောလိုက် သဖြင့် သော်ဇင်က ...

"နိုင်ဦး တော်တော့ကွာ"

"ဘာလဲကွ ... ငါတို့ကို ပြဿနာလာရှာရအောင် ငါတို့က သူ့ ဘာလုပ်မိလို့လဲ၊ ဒီမယ် ... ခင်ဗျားသတ္တိရှိရင် ဘယ်သူ့ကိုမှ ဒုက္ခမပေးနဲ့ နိုင်ဦး တစ်ယောက်တည်းရှိတဲ့ အချိန်လာ"

လူတစ်ယောက်ကို စိန်ခေါ်သလိုပုံမျိုးဖြင့် နိုင်ဦးကပြောနေရာ သော် က နိုင်ဦးပခုံးကို အတင်းဖက်ပြီး ခေါ်လာသည်။ အုန်းပင်စုနှင့် ခပ်လှမ်းလှမ်း ရောက်တော့ ...

"ဟား ... ဟား ... ဟား"

ကြောက်မက်ဖွယ် ရယ်မောသံကြီးကိုကြားရသဖြင့် နှစ်ယောက် ပြိုင်တူ လှည့်ကြည့်လိုက်ရာ ...

"ဟင်"

အသံသာကြားရပြီး ဘာမှမတွေ့ရတာကြောင့် အံ့အားသင့်သလို ဖြ လဲသွားသည်။ နိုင်ဦးက ...

"လာ ... သွားကြည့်ရအောင်"

"သွားမနေပါနဲ့ နိုင်ဦးရယ် ... တွေ့လည်းတွေ့မှာမှ မဟုတ်တာ"

"တောက်"

နိုင်ဦးက တောက်ခေါက်ပြီး လှည့်ထွက်ရာ သော်ဇင်လည်း နိုင်ဦး က ကပ်ပါလိုက်ခဲ့တော့သည်။

နောက်က ရယ်သံကြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား"

ပွဲတင်ထပ်စွာ ကြားနေရတော့သည်။

✲...✲



www.burmeseclassic.com

www.burmeseclassic.com

ဆုံးသွားပြီ

## အခန်း (၁၅)

အခန်းထဲတွင် နရီ ခေါက်တုန့်ခေါက်ပြန် လျှောက်လို့နေသည်။ ရွှေစင် နိုးနိုးနှင့် ဇာလေးက ထိုင်လျက် ဒူးခေါင်းကိုထောင်ကာ မေးကို ဒူးပေါ်တင်ထား ကြ၏။

"မယ်နဒီဆိုတဲ့ မိန်းမက တို့ကိုလိုက်ခြောက်လန့်နေတာ သူ့မှာ ဘာ ရည်ရွယ်ချက်ရှိလို့လဲ"

နရီက စကားလုံးတို့ကို တစ်လုံးချင်းရေရွတ်ကာ ပြောလို့နေရာ ရွှေစင် က ခေါင်းထောင်ပြီး ...

"အမျှလိုချင်လို့နေမှာပေါ့ ... နရီရယ်"

"အမျှလိုချင်ရင် သူ့အိမ်က သပိတ်သွတ်ပေးမှာပေါ့ ငါတို့နဲ့ ဘာဆိုင် လဲ"

"တို့တွေ သူ့အတွက် ကောင်းမှုကုသိုလ်လုပ်ပေးလိုက်ရင် သူကျွတ် သွားမှာ ... အဲဒီကျရင် တို့ကိုခြောက်လို့ မရတော့ဘူး"

ရွှေစင်စကားဆုံးတော့ နရီက လမ်းလျှောက်နေရာမှရပ်၍ ရွှေစင်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



…ထိုင် ထိုင်ချလိုက်သည်။

"နင်ထင်လား ရွှေစင်"

"တွေးကြည့်တာလေ …"

"မကောင်းမှုကုသိုလ်လုပ်ပေးပြီး အမျှဝေတိုင်း အမျှရမှာမဟုတ်ဘူး။ သာဓုခေါ်ခွင့်ရမှဖြစ်တာ"

နရီက ဘာသာရေးစာအုပ်များဖတ်သူပီပီ ရွှေစင်ကို ရှင်းပြသည်။ ဇာလေးက …

"ဒီလိုလုပ်တာ တို့တွေ ပြဿနာကို အကောင်းဆုံးဖြေရှင်းပေးနိုင်မယ့် သူလိုတယ် … နိုင်ဦးနဲ့ သော်ဇင်ကလည်း သူတို့ထင်ရာလုပ်ကြတာ"

"နင်ပြောတာ ငါနားမလည်ဘူး၊ ရှင်းအောင်ပြောစမ်း ဇာလေး"

နရီက ခပ်ဆတ်ဆတ်ပြောလိုက်ရာ ဇာလေးက စဉ်းစားဟန်ဖြင့်–

"ထစ်ချွန်းလေ … သူရောက်လာရင်ကောင်းမှာပဲ ငါဖုန်းဆက်လိုက်မယ်"

"မလိုက်လာချင်လို့ မလာတဲ့လူကို ဘာလို့ဆက်မှာလဲ ဇာလေး၊ နေပါစေ"

"ဘယ်ဟုတ်မလဲ နရီရယ် … ထစ်ချွန်းမှာလည်း သူ့အကြောင်းနဲ့သူရှိမှာပေါ့ ဖုန်းဆက်မယ်နော်"

နှိုးနှိုးက နရီကို တောင်းပန်သည့်လေသံဖြင့် ပြောပေမယ့် နရီ မျက်နှာက တင်းလို့နေသည်။

"သူရောက်လာရင် ပြဿနာတွေ ပြေလည်မယ်လို့ နင်ထင်တယ်ပေါ့"

"အင်း"

"ရော့ … ဖုန်းဆက်လိုက်"

နရီက သူ့အိတ်ထဲက ဖုန်းကိုထုတ်ကာ ဇာလေးကိုပေးလိုက်သည်။ ဇာလေးက ဖုန်းကိုလှမ်းယူ၍ ပါဝါကိုနှိပ်ကာ ဖုန်းကိုဖွင့်လိုက်၏။ ထို့နောက်–

www.burmeseclassic.com

www.burmeseclassic.com



ထစ်ချုန်း၏ ဖုန်းနံပါတ်ကိုနှိပ်ကာ ခေါ်လိုက်သည်။ သိပ်မကြာခင်မှာ ဖုန်းဝင်သွားသည်။

"ဟဲလို ... ဇာလေးပါ"

" ... "

"ဟုတ်ကဲ့ ... ချောင်းသာရောက်နေပါတယ်"

" ... "

"ရှင် ... "

" ... "

"ဟုတ်လား ... သမီးတို့မသိလို့ပါ"

" ... "

"ရှိတယ်"

" ... "

"ဟုတ်ကဲ့ ... "

ဇာလေးက ဖုန်းကိုကိုင်၍ မျက်နှာမကောင်းစွာငိုင်နေပြီး မျက်လုံး တွင် တဖြည်းဖြည်း မျက်ရည်များဝိုင်းလို့လာသည်။ ရွှေစင် နိုးနိုးနှင့် နရီ ဇာလေးကို ကြည့်၍ ...

"ဟဲ့ ... ဇာလေး ဘာ ... ဘာဖြစ်တာလဲ"

"ဟင့် ... ဟင့် ... "

ဇာလေးက ရှိုက်ကာငင်ကာ ငိုတော့သည်။

"ထစ်ချုန်းကို ဖုန်းဆက်တာ ဘာပြောလိုက်လို့လဲ"

"နရီ ... "

"ဘာလဲ ... ဇာလေး"

ဇာလေးက မျက်ရည်တွေကျရင်း ခေါ်တာကြောင့် နရီက စိုးရိမ်စိတ် များစွာနှင့် ထူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထစ်ချုန်း ... ဆုံးပြီတဲ့"

"ဟင်"

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းတွေနှင့် နရီကြောင်၍ ဇာလေးကို ကြည့်နေသည်။

"တို့ချောင်းသာကိုထွက်လာတဲ့ညနေက နိုင်ငံခြားက သူ့အဖေနဲ့အတူပါလာတဲ့ သူ့အစ်မကို ဘုရားလိုက်ပို့ပေးပြီး အပြန်မှာ ကားအက်စီးဒင့်ဖြစ်လို့တဲ့ ... နှစ်ယောက်စလုံး ပွဲချင်းပြီးဆုံးသွားတာ၊ ဒီနေ့ပဲ သင်္ဂြိုဟ်တယ်"

"ဟုတ်လို့လား ... ဇာလေးရယ်"

ရွှေစင်က ဝမ်းနည်းသံနှင့်မေးသည်။ နရီကတော့အံကိုတင်းတင်းကြိတ်ထားသည်။ မျက်လုံးထဲမှာတော့ မျက်ရည်တွေပြည့်ကာ ပါးပေါ်လိမ့်ဆင်းသို့နေ၏။

"ဒါ နောက်စရာကိစ္စမှမဟုတ်တာ၊ မဟုတ်ဘဲနဲ့ နိမိတ်မရှိတာတွေပြောမှာမဟုတ်ဘူး"

"ငါတို့ဘာလိုလုပ်မလဲ"

နိုးနိုးက နရီမျက်နှာကိုကြည့်ကာ မေးလိုက်သည်။

"ဘယ်လိုလုပ်ရမလဲ ... ဟုတ်လား နိုးနိုး"

"အင်း ... ဟုတ်တယ်လေ"

"သူသေသွားပြီပဲဟာ ... ဘာလုပ်လို့ရမှာလဲ သင်္ဂြိုဟ်ပြီးပြီဆိုတော့ သူ့အလောင်းတောင် ငါမြင်ခွင့်မရှိတော့ဘူး"

ပါးပေါ်အဆက်မပြတ်ကျနေတဲ့ မျက်ရည်တွေနဲ့အတူ စကားကိုတစ်ဆုံးချင်းပြောနေတဲ့ နရီကိုကြည့်ကာ ရွှေစင်တို့အားလုံး မျက်ရည်ကျကြသည်။

အတန်ကြာတော့ နရီက ...

"ဇာလေး ... ဖုန်းဆက်ပြီးလှမ်းမေးစမ်း၊ ထစ်ချုန်းရဲ့ အစ်မနာမည်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲလို့

"အေး ... အေး ..."

ဇာလေးက ဖုန်းနံပါတ်ကို တစ်ခါပြန်နှိပ်၍ ဖုန်းခေါ်လိုက်ပြန်သည်။

"ဟဲလို ..."

"..."

"ဟိုလေ ... ထစ်ချုန်း အစ်မနာမည် ဘယ်သူလဲဟင်"

"..."

"ဘယ်လို ..."

"..."

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ဇာလေးက ဖုန်းကိုပိတ်ကာ နရီအား ...

"ထစ်ချုန်းအစ်မနာမည်က မယ်နဒီတဲ့"

"ဟင်"

နရီလည်း အံ့ဩလွန်း၍ ပါးစပ်အဟောင်းသားဖြစ်သွားသလို ရွှေစင်တို့လဲ သွေးပျက်သွားကြသည်။

"ဒါကြောင့် ဒင်းက တို့ကို လိုက်ခြောက်နေတာကိုး"

နရီရဲ့စကားသံတွေက ရင်ထဲကနေ နာနာကြည်းကြည်းထွက်လာသည်။ ရွှေစင်က ...

"ရန်ကုန်ပြန်မလား နရီ"

"ရန်ကုန်ပြန်တော့ ထစ်ချုန်းကိုတွေ့တော့မှာမှ မဟုတ်တာ၊ မပြန်ဘူး ငါ့မွေးနေ့ကို ချောင်းသာမှာဖြစ်အောင်လုပ်မှာ"

နရီက ပြတ်သားစွာပြောလိုက်သည်။ ဇာလေးက ...

"ငါတို့ နိုင်ဦးနဲ့သော်ဇင်ကို ထစ်ချုန်းဆုံးသွားတဲ့အကြောင်း သွားပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အေး … ဟုတ်တယ် သူတို့နဲ့တိုင်ပင်ပြီး လုပ်သင့်တာလုပ်ကြတာ ပေါ့"

နိုးနိုးကပါ ထောက်ခံစကားပြောတာကြောင့် နရီက မထချင်ဘဲ ထလိုက်သည်။ ရွှေစင်က …

"မျက်ရည်တွေသုတ်ကြ၊ သူတို့က သူတို့အခန်းမှာ ရှိချင်မှရှိမှာ အပြင်မှာ လိုက်ရှာရရင် သူများတွေရှိတယ်"

နရီမှအပ ကျန်လူများက မျက်ရည်များသုတ်ကြသည်။ နရီကတော့ မျက်ရည်တွေနှင့် သူ့ပါးပြင်ကို လုံးဝမသုတ်။ ရင်ထဲမှာ ပူလောင်လှတာကြောင့် သုတ်ဖို့ကိုလဲ စိတ်မပါ။

လေးကွေးသော ခြေလှမ်းတွေနှင့် ဘန်ဂလိုပေါ်ဆင်းကာ နိုင်ဦးနှင့် သော်ဇင်တို့၏ အခန်းဘက်သို့ ထွက်လာခဲ့သည်။ ကမ်းစပ်မှာတော့ ပင်လယ်လှိုင်းလုံးတို့က ပြေးတက်ပြေးဆင်းရှိနေလေတော့သည်။

✲…✲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ခုထိ မရောက်သေးဘူးလား နိုင်ဦးရယ်၊ လျှောက်ရတာမောနေပြီ"

ပင်လယ်ကမ်းစပ်အတိုင်း လျှောက်လာရသည်ဆိုပေမယ့် နေပူသော ကြောင့် မောလာသဖြင့် သော်ဇင်က ညီးခြင်းဖြစ်သည်။

"ရောက်တော့မှာပါ ရှေ့နားက တဲတန်းတွေပဲ"

ခပ်လှမ်းလှမ်းတွင် လှမ်းမြင်နေရသည့် တဲတန်းကိုကြည့်ကာ နိုင်ဦး ကပြောသည်။ ရေစိုနေသော သောင်စပ်တွင် ခရု၊ ဈာရုံးများက ပင်လယ်ဒေ အတက်မှာ တင်နေခဲ့၏။

သူတို့နှစ်ယောက် လျှောက်လာကြပြီး မကြာခင်မှာ ကမ်းစပ်နားတွင် စီတန်းဆောက်ထားသည့် တံငါတဲတန်းဆီသို့ ရောက်လာကြသည်။

တံငါလှေငယ်လေးတွေက ကမ်းစပ်နားတွင် စီကာ ရပ်ထားကြ၏ နိုင်ဦးက တဲရှေ့တွင် တွေ့ရသည့် အဖိုးအိုတစ်ဦးအား ...

"အဘိုး ဒီနားမှာ ဒေါ်ဖွားနုဆိုတာရှိလား"

ပိန်ခြောက်ခြောက် အသားအရည်နှင့် ဆံပင်ဖြူကျိုးတိုးကျဲတဲပေါ်က် နေသည့် အဘိုးအိုက သူတို့နှစ်ယောက်ကို သေချာကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းတို့နဲ့ ဘယ်လိုပတ်သက်လဲ"

အဘိုးအိုရဲ့ စကားသံက ခြောက်ကပ်ကပ်နှင့်ပြောသည်။

"အသိတစ်ယောက်က လမ်းညွှန်လိုက်လို့ပါ"

နိုင်ဦးကပြောတော့ ...

"သူ ဒီမှာမရှိဘူး ... သင်္ချိုင်းစောင့်သွားလုပ်နေတယ်၊ တွေ့ချင်ရင် အဲဒီလိုက်သွား"

"အဘိုးက"

"ငါက သူ့ယောက်ျားပဲ"

"ဗျာ"

နိုင်ဦးက အံ့သြစွာရေရွတ်လိုက်သည်။ အင်္ကျီမပါပုဆိုးနံ့ငယ်ပိုင်းဝတ်ထားသည့် အဘိုးအိုရဲ့ပုံကိုကြည့်ခြင်းအားဖြင့် သူတို့တွေ့ချင်သည့် အဘွားအို အရွယ်ကိုခန့်မှန်းလိုက်မိခြင်းဖြစ်သည်။

"မင်းတို့ ဘာကိစ္စရှိသေးလဲ"

"မရှိပါဘူး"

"မရှိရင်သွားတော့"

အဘိုးအိုရဲ့ အသံကပြတ်သားလွန်းလှသည်။ နိုင်ဦးကလည်း သော်ဇင်ကိုမျက်ရိပ်ပြ၍ လှည့်ပြန်လာသည်။ လမ်းရောက်တော့ သော်ဇင်က ...

"ဘယ်လိုအဘိုးကြီးလဲကွ စကားပြောတာက တို့ကိုလူမဟုတ်သလိုပဲ"

"သူပြောတတ်သလိုပြောတာပဲကွာ ထားပါတော့"

"မင်းကိုလမ်းညွှန်လိုက်တဲ့ လူကဘယ်လိုပြောလိုက်လို့လဲ"

သော်ဇင်အမေးကိုနိုင်ဦးက စိတ်မရှည်သလိုနှင့် ...

"အဲဒီဘက်သွား ဝိညာဉ်တွေကိုနိုင်တဲ့အဘွားကြီးတစ်ယောက်ရှိတယ်တဲ့၊ အဲဒီအဘွားကြီးဆီက အဆောင်တစ်ခုရရင် ဘယ်ဝိညာဉ်မှ တို့ကို ခြောက်လှန့်နိုင်ဘူးပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ အခုမှမတွေ့တာ"

"ခက်တယ်ကွာ"

ပြောရင်း သူတို့ဆက်လျှောက်လာကြရာ အတော်လျှောက်လာကြတော့ လမ်းတွင်အဘွားအိုတစ်ဦး သူတို့ရှေ့ခပ်လှမ်းလှမ်းမှ လျှောက်လာသည်ကိုတွေ့လိုက်သည်။

သော်ဇင်က ...

"ဟာ ... ဟော့ကောင်နိုင်ဦး ဟို ... ဟို အဘွားကြီး"

"မှာင် ... ဟုတ်တယ်"

သူနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိသည်။ အဘွားကြီးအနားရောက်တော့ သော်ဇင်က ...

"အဘွား ကျွန်တော်တို့ကိုသိလား"

အဘွားအို ဇဝေဇဝါပုံစံနှင့် ...

"မသိဘူး ငါ့အသိတွေထဲမှာ နင်တို့လောက်မရှိဘူး"

"သေချာစဉ်းစားကြည့်လေ လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက ညဘက်လမ်းမှာ အဘွားကျွန်တော်တို့ကားကို တားတယ်လေ"

အဘွားအိုက သူတို့နှစ်ယောက်ကို တွေတွေကြီးကြည့်ကာ စဉ်းစားနေသည်။

နိုင်ဦးက ...

"ကျွန်တော်တို့တောင် ညဘက်အဘွားကိုကြောက်လို့ ထွက်ပြေးတာလေ"

အဘွားအိုမျက်နှာ တဖြည်းဖြည်းပြုံးရောင်သန်းလာသည်။

"ဟုတ်ပြီ ... မှတ်မိပြီ မသာတင်လာတဲ့ကားကို မောင်းလာတဲ့ကောင်တွေပဲ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုစကားကို သိပ်သဘောမကျပေမယ့် ခေါင်းညိတ်လိုက် သည်။

"မင်းတို့ ဒီဘက်ဘာလာလုပ်တာလဲ အပန်းလာဖြေတာတော့ မဟုတ်နိုင်ဘူး"

"ကျွန်တော်တို့ ဒုက္ခရောက်နေလို့ပါ အဘွားရယ်၊ လူတစ်ယောက်က ပြောလို့ ဒီဘက်မှာနေတဲ့အဘွားတစ်ယောက်က ဝိညာဉ်တွေကိုနိုင်တယ်တဲ့"

"တွေ့ခဲ့လား"

"ဟင့်အင်း မတွေ့ခဲ့ဘူး"

နိုင်ဦးစိတ်ထဲမှာ ဝိညာဉ်တွေကိုနိုင်တဲ့ အဘွားအိုဟာ ဒီအဘွားအိုပဲ ဖြစ်နိုင်တယ်လို့ ထင်ပေမယ့် ဖမ်းရမှာ အားနာနေတာကြောင့် မမေးသေးဘဲ ဖြစ်နေသည်။

"မင်းတို့ ဘာတွေဖြစ်နေလဲ ငါ့ကိုပြောပြလို့ရမလား"

"ဟာ ... ရပါတယ်"

နိုင်ဦးက ဝမ်းသာအားရဖြေလိုက်သည်။

"ကဲ ... ဒါဆိုလာ ဒီမှာရပ်စကားပြောရတာ နေပူတယ် ဟိုနားက ခနိုပင်ရိပ်သွားမယ်"

အဘွားအိုက သေ့ာင်နှင့်အနည်းငယ်သာလှမ်းသည့် ခနိုပင်တန်းရှိရာသို့ သူတို့ကိုခေါ်လာသည်။ တကယ်စကားပြောကြည့်တော့အခါ သဘောကောင်း ပုံရသည်။

"မင်းတို့ ဘာတွေဖြစ်နေလဲပြော"

"ဒီလိုပါအဘွား"

နိုင်ဦးက သူတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်တို့ကို အဘွားအိုအား ရှင်းပြသည်။

အဘွားအိုက ခေါင်းတညိတ်ညိတ်နှင့်နားထောင်ရင်း ...

"အင်း ... မင်းတို့ကို ဝိညာဉ်တစ်ကောင်က လိုက်နှောင့်ယှက်နေတာ ပဲ ဒါပေမဲ့ သူတို့တစ်ကောင်တည်းမဟုတ်ဘူး နောက်တစ်ကောင်လာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

အဘွားအိုက သူ့မျက်လုံးကိုစုံမှိတ်ကာ တစ်စုံတရာကို အာရုံခံနေသည်။ နိုင်ဦးနှင့် သော်ဇင်က အဘွားအို၏ပုံစံကိုကြည့်ကာ ဘာပြောမလဲဆိုသည့် အတွေးရှိနေကြသည်။

ခဏကြာတော့ ...

"မင်းတို့ ဒီကပြန်ရင် အမင်္ဂလာသတင်းကြားရမယ်၊ မမျှော်လင့်ဘဲ ဝမ်းနည်းစရာထပ်ကြုံမယ် သတိထားရမှာက မင်းတို့အုပ်စုထဲမှာ တစ္ဆေဖြစ်မယ့် လူရှိနေတယ်"

"ဘယ်လို အဘွား ဘယ်လို"

"ငါဒီလောက်ပဲပြောနိုင်မယ် မင်းတို့အုပ်စုက အားလုံးခုနစ်ယောက် မလား"

"ဟုတ် ... ဟုတ်ပါတယ် ဒါပေမဲ့ တစ်ယောက်မလာသေးပါဘူး"

"ထားတော့ မင်းတို့ကိုဝိညာဉ်လိုက်နှောင့်ယှက်တာ စောလွန်းနေတယ်၊ ဘာပဲဖြစ်ဖြစ် မင်းတို့ကိုငါအဆောင်တစ်ခုပေးလိုက်မယ်"

အဘွားအိုက ညစ်ပတ်ပေရေနေသည့် အပေါ်အင်္ကျီထဲလက်နှိုက်ပြီးနောက် ပစ္စည်းတစ်ခုပါလာသည်။

"ရော့ ... မင်းတို့ယူထား"

နိုင်ဦးလက်ထဲထည့်ပေးလိုက်ရာ မှန်းဝိုင်းသေးသေးလေးဖြစ်နေသည်။ အဘွားအိုကဆက်၍ ...

"မင်းတို့ကို ဘယ်လိုဝိညာဉ်လာနှောင့်ယှက်နှောင့်ယှက် ဒီမှန်ဝိုင်းလေးကိုသာပြလိုက်"

"ကျေး ... ကျေးဇူးပဲအဘွား"

နိုင်ဦးကမှန်ဝိုင်းလေးကို တယုတယကိုင်၍ အဘွားအိုကိုပြောလိုက်သည်။ သော်ဇင်က ...

"အဘွား အနာဂတ်ကိုကြိုသိနိုင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား"

အဘွားအို၏ အားရပါးရရယ်မောပုံက ကြောက်စရာကောင်းလွန်းတာ ကြောင့် နိုင်ဦးနှင့်သော်ဇင်လန့်လိုပင်သွားသည်။ အားရအောင် ရယ်ပြီးတော့-

"အနာဂတ်ကို ကြိုသိရင် မင်းဘာလုပ်မလဲ ငါကတော့ အနာဂတ်သက် သက်ရှိဘာဖြစ်မလဲဆိုတာတွေးတယ် ...

တစ်ခုတော့ရှိတယ် လူတစ်ယောက်ရဲ့ အနာဂတ်ကိုကြိုသိဖို့ ငါနှစ်ပေါင်း များစွာကျင့်လာတဲ့ ဓာတ်ဖန်လုံးကျင့်စဉ်နဲ့ကြည့်ရင် သိနိုင်တယ်၊ လူတွေပြောနေ တဲ့ ဖန်လုံးကြည့်တာပေါ့ကွာ"

အဘွားအိုပြောတာကို သော်ဇင်ခေါင်းထဲ လက်ခနဲအတွေးဝင်သွားပြီး အဘွားအိုအား ...

"မနက်ဖြန် ည ကျွန်တော့်သူငယ်ချင်းရဲ့ မွေးနေ့ပွဲလုပ်မယ်၊ အဘွားကို ဖိတ်ပါတယ် အဲဒီပွဲမှာအဘွားဓာတ်လုံးကြည့်ပေးပါလား"

"ဟုတ်တယ် အဘွားလာခဲ့ပါ"

နိုင်ဦးက အားရဝမ်းသာဝင်ပြောသဖြင့် အဘွားအိုစဉ်းစားလိုက်ပြီး-

"ကောင်းပြီလေ ငါလာခဲ့မယ် သောင်ပြင်မှာပဲလုပ်မှာလား"

"ဟုတ်တယ်အဘွား ဘယ်သူမှမပါပါဘူး၊ ကျွန်တော့်သူငယ်ချင်းတွေပဲ မှာပါ"

"ကောင်းတယ် ... လူနည်းတော့ စကားနည်းတာပေါ့ ငါသွားဦး မယ်"

"ဟုတ်ကဲ့"

အဘွားအိုမတ်တတ်ထရပ်ကာ သူတို့နှစ်ယောက်ကို ကျောခိုင်းပြီး ထွက်သွားလေတော့သည်။

✲...✲



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

နရီတို့မောလို့နေသည်။ သောင်ပြင်တစ်လျှောက်နှင့် ဈေးဆိုင်တန်းမှာ
အပြင် နေရာအနှံ့ရှာသော်လည်း နိုင်ဦးနှင့်သော်ဇင်တို့ကိုမတွေ့။

"အရေးအကြောင်းဆို သူတို့ကိုရှာရပြီ ဘယ်သွားနေမှန်းကိုမသိဘူး"

"ရွှေစင်ရယ် သူတို့ကယောက်ျားလေးတွေမလား၊ သွားချင်ရာသွားနေ
ကြမှာပေါ့"

နီးနီးကပြောတော့ ဇာလေးက...

"အဲဒီနှစ်ကောင်ခြေရှည်တတ်တာ နင်တို့သိသားပဲ၊ ရှာမနေတော့ဘူး
တို့ ဘန်ဂလိုရှေ့ကထိုင်စောင့်မယ်"

"ကောင်းတယ်"

ဇာလေးစကားကို နရီ ထောက်ခံလိုက်သည်။ သူတို့ ဘန်ဂလိုသို့
လျှောက်လာစဉ် ခပ်ဝေးဝေးမှ နိုင်ဦးနှင့်သော်ဇင်တို့လျှောက်လာသည်ကိုလှမ်း
တွေ့ရသဖြင့် ရွှေစင်က ...

"ဟိုမှာ ... နိုင်ဦးနဲ့ သော်ဇင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကပြန်လာတာလည်း မသိဘူး"

ဇာလေးကပြောလိုက်သည်။ နိုင်ဦးနှင့် သော်ဇင်ကလည်း သူတို့ကိုတွေ့သွားပြီး လက်လှမ်းပြ၏။

ရွှေစင်တို့က ရပ်နေစောင့်နေရာ သိပ်မကြာခင်မှာပဲ နိုင်ဦးနှင့်သော်ဇင် အနားသို့ရောက်လာသည်။

"နင်တို့ ဘယ်သွားနေကြတာလဲ"

"ဟိုဘက် ..."

နိုင်ဦးက သူတို့သွားခဲ့ရာဆီသို့ လက်ညှိုးထိုးကာပြပြီးပြောသည်။

"နင်တို့ကိုလိုက်ရှာနေတာကြာပြီ အရေးကြီးတယ်ဆိုရင် ရှာလို့ကိုမတွေ့ဘူး"

"ဘာအရေးကြီးလို့လဲ နိုးနိုး"

နိုင်ဦးက မျက်မှောင်ကျုံ့ကာမေးလိုက်သည်။

နိုးနိုးကဇာလေးကိုလက်တို့ကာ ...

"ဇာလေး နင်ပြောလိုက်"

ဇာလေးကလည်းပြောဖို့ အားယူနေရသည်။ နိုင်ဦးက ...

"ဟဲ့ ... ဘာဖြစ်နေကြတာလဲ ပြောလေ"

"ဟိုလေ ... ထစ်ချုန်းကားအက်စီးဒင့်ဖြစ်ပြီး ဆုံးသွားပြီ"

"ဟင်"

"သေချာလို့လား ဇာလေး"

"ရော့"

ဇာလေးကလက်ထဲကဖုန်းကို သော်ဇင်အားပေးလိုက်သည်။ သော်ဇင်က ဖုန်းကိုကောက်ယူ၍ ထစ်ချုန်းနံပါတ်ကိုနှိပ်လိုက်သည်။

သော်ဇင်ဖုန်းပြောနေတာကို နိုင်ဦးကဘေးနားရပ်ကာ အခြေအနေ နားစွင့်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သော်ဇင်က ဖုန်းပြောပြီးသောအခါ ...

"ဘာတဲ့လဲ ... သော်ဇင် ဇာလေးပြောတာအမှန်ပဲလား"

"အမှန်ပဲ၊ သူငယ်ချင်း ထစ်ချုန်းတကယ်သေသွားတာ အခုဖုန်းကို

တာ သူ့ဦးလေး ငါနဲ့လည်း ရင်းနှီးတယ် ...

သင်္ဂြိုလ်တောင်ပြီးပြီဆိုတော့ ဘယ်လိုလုပ်ကြမလဲ"

"လာကွာ အခန်းပြန်ရင်းစကားပြောကြတာပေါ့"

သူတို့တွေ ဘန်ဂလိုဆီသို့ပြန်လာရင်း စကားတပြောပြောနှင့်လျှော

လာကြသည်။ အားလုံးရဲ့ဆန္ဒက နုရီရဲ့ဆန္ဒပဲဖြစ်သည်။ နုရီပြန်မယ်ဆိုပြန်မည်

နုရီချောင်းသာမှာဆက်နေမည်ဆိုလျှင် နေမည်ဖြစ်သည်။

"ငါ့သဘောကတော့ တစ်သက်လုံးမတွေ့မယ့်လူကို ရန်ကုန်ချက်

ပြန်တော့တွေ့မှာတဲ့လား"

"နင်က ကာယကံရှင်ဆိုတော့ ..."

"ကိစ္စမရှိဘူးနိုင်ဦး ငါတို့တွေဒီကပြန်ရင်လည်း အားလုံးတစ်နေရာ

ခွဲသွားကြမှာပဲ ခွဲမသွားခင်အမှတ်တရ ငါ့မွေးနေ့ကိုဒီမှာပဲလုပ်မယ်"

"ထစ်ချုန်းကလည်း လုပ်စေချင်မှာပါ"

"အေးလေ ... နင်ဖြစ်စေချင်တဲ့အတိုင်း တို့တွေလုပ်ပေးကြတာပေ

သူတို့အားလုံးရဲ့ရင်ထဲမှာ ကိုယ်စီစိတ်မကောင်းမှုတွေက ထစ်ချု

အတွက် ဝမ်းနည်းကြေကွဲခြင်းပင်ဖြစ်သည်။

* ... *



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်ရယ်မသိ ရွှေစင် ညကအိပ်လို့မပျော်ဘဲဖြစ်နေသည်။ သူ့ဘေးနားက နိုးနိုးနှင့်ဇာလေးက နှစ်နှစ်ခြိုက်ခြိုက်ကိုအိပ်မောကျနေသည်။

လှိုင်းရိုက်သံ သဲ့သဲ့ကိုနားထဲကြားနေရသလို လေတိုးသံတရှဲရှဲကိုကြားနေရ၏။

သူညာဘက်ဘေးကို လက်နှင့်စမ်းကြည့်ရာ ...

"ဟင် ... နရီဘယ်ရောက်သွားလဲ"

ရွှေစင်ထထိုင်ပြီး အခန်းနံရံသို့လျှောက်လာကာ မီးခလုတ်ကိုဖွင့်လိုက်၏။ နရီခေါင်းအုံး၊ စောင်တို့ကိုသာတွေ့ရပြီး လူကိုမတွေ့ရသဖြင့် စိတ်ပူသွားမိသည်။

ဇာလေးနှင့်နိုးနိုးကို နှိုးဖို့ကြတော့လည်း နှစ်ခြိုက်စွာအိပ်နေတာမို့ မနိုးရက်။

"အပြင်မှာရှိမလားမသိဘူး၊ ငါလိုက်သွားမှ ကောင်းမယ်ထင်တယ်"

တွေးလိုက်ပြီ ညအိပ်ဝတ်သည့်အင်္ကျီပွပွ ဘောင်းဘီပွပွအဖြူရောင်ပေါ်တွင် အနက်စက်ကိုဝတ်ရင်းနှင့်ပင် အခန်းတံခါးကိုဖွင့်၍ထွက်လာသည်။

ညဥ့်အတော်ကိုနက်လာပြီဖြစ်၍ သောင်ပြင်တွင်လူရှင်းနေသ...



www.burmeseclassic.com

www.burmeseclassic.com



လေကလည်း တဟူးဟူးတိုက်လို့နေ၏။

အပြင်ရောက်မှ ချမ်းမှန်းသိလာတာကြောင့် အနွေးထည့်ထဲဝင်မဝတ်ခဲ့မိတာကို နောင်တရမိသည်။

သောင်ပြင်တွင် ဟိုကြည့်သည်ကြည့်လျှောက်လာရာ နရီဘယ်ရောက်ရှိနေသည်ဆိုသည့် အတွေးကြောင့် နေရာတိုင်းကိုလိုက်ကြည့်မိသည်။

ထိုစဉ် ...

"ဟေး ..."

အမှောင်ထဲတွင် အမျိုးသမီးတစ်ဦး သူ့ကိုလက်လှမ်းပြသည်။ စိတ်ထဲ၌ နရီများဖြစ်နေမလားဆိုပြီး သေချာကြည့်လိုက်ရာ ...

"ဟင်"

ဆံပင်ရှည်ရှည်နှင့်မိန်းမတစ်ယောက် အမှောင်ထဲမှာနေ၍ သူ့ကိုလက်ယက်ခေါ်နေသည်။

"သူ နရီ့ကိုတွေ့လားမသိဘူး"

စိတ်ကတွေးကာ ထိုအမျိုးသမီးဆီသို့ တစ်လှမ်းချင်းလျှောက်လို့လာသည်။ တဖြည်းဖြည်းနှင့် ထိုအမျိုးသမီးနားရောက်လာတော့ နှာခေါင်းထဲ၌ ပြင်းရှရှအမွှေးနံ့ကိုရလာသည်။

"ဟင်"

နိုးနိုးပြောတာကိုသတိရသွားသည်။ ထိုမိန်းမဆီ ဆက်သွားသင့်မသွားသင့် စဉ်းစားရင်းနေရာ၌ပင်ရပ်နေသည်။

"ဟေ့ ... ဘာလုပ်နေတာလဲ လာလေ"

အမျိုးသမီးက သူ့ကိုညို့ယူခေါ်နေသည့် ပုံဖြစ်တာကြောင့် ရွှေစင့်စိတ်ထဲ အရမ်းကိုသွားချင်နေသည်။

"ဟင်း ဟင်း ... မင်းကြောက်နေတာလား မမက မင်းနှိုင်တာမှ မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကရယ်မောလျှက် သူ့ကိုလှမ်းပြောလိုက်ရာ ထိုအမျိုးသမီးဆီသို့ခြေလှမ်းဆို့ ခြေထောက်အလှမ်းတွင် ...

"ဖတ်"

သူ့ပခုံးကိုအစိမ်းစိုစိုဝါစ်ယောက်က လှမ်းကိုင်လိုက်တာကြောင့် လှည့်ကြည့်လိုက်ရာ သော်ဇင်ဖြစ်နေသည်။

"မသွားနဲ့ရွှေစင် ... သူ ... သူ့ လူမဟုတ်ဘူး"

"သော်ဇင် ငါ နရီကိုရှာနေတာ"

ရွှေစင်က သော်ဇင်ကိုလှည့်ကြည့်ကာပြောသည်။

"သူက နရီမှမဟုတ်တာ မိစ္ဆာမပဲ"

"ဟား ... ဟား ... ဟား ..."

သော်ဇင်ပြောသံကိုကြားသွား၍ အမျိုးသမီး အားရပါးရရယ်မောလိုက်သည်။ သူ့ဆံပင်တွေကလည်း လေထဲမှာလွင့်ကာ လူကလှုချင်းဝိုင်းလှနေသည်။

"ရွှေစင် လာပြန်မယ်"

"နရီကို မတွေ့သေးဘူး"

"နရီကိုတွေ့တာမတွေ့တာ အရေးမကြီးဘူး။ ဟိုက နင့်ကိုလိမ်ပြာနှတ်သွားမှာ"

ပြော၍ သော်ဇင်က ရွှေစင့်ကိုအတင်းဆွဲခေါ်လာသည်။ အနည်းငယ်သုမ်းမိတော့ သော်ဇင်က ...

"ငါသတိရပြီ ဟိုအဘွားကြီးပေးထားတဲ့ မှန်ဝိုင်းလေး ငါ့မှာရှိတာပဲ စမ်းကြည့်ရမယ်"

"ဟဲ့ ... ဘာဖြစ်တာလဲ"

အိတ်ကပ်များကိုစမ်းနေသည့် သော်ဇင်ကိုကြည့်ပြီး ရွှေစင်ကမေးမြန်းဖြစ်သည်။

"နင် ခဏလေးစောင့်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ကိုထားခဲ့ပြီး သော်ဇင်အမျိုးသမီးရပ်နေရာ မလှမ်းမကမ်းဆီသို့ လျှောက်လာသည်။ သော်ဇင်က အော်၍ ...

"ခင်ဗျား ကတိမတည်ဘူး မယ်နဒီ"

"ဘာကိုလဲ"

"ကျွန်တော့် သူငယ်ချင်းတွေကိုကြောက်အောင် လန့်အောင်မလုပ်ပါနဲ့လို့ ကျွန်တော်ပြောထားတယ်လေ"

"ဟင်း ... ဟင်း"

မယ်နဒီဖြူဖွေးနေသည့် သွားလေးပေါ်အောင် လှပစွာရယ်မောလိုက်သည်။

"ခင်ဗျား ဘာရယ်နေတာလဲ"

"ငါက ဘယ်သူ့ကိုခြောက်နေလို့လဲ၊ သူတို့ဘာသာငါ့ကိုတွေ့သွားပြီး လန့်နေတာ"

"ခင်ဗျားမညာနဲ့"

သော်ဇင်ကအတင်းအော်၍ လက်ထဲတွင်ပါလာသည့်မှန်ဝိုင်းလေးနှင့် မယ်နဒီဘက်ကိုပြလိုက်သည်။

"အား"

စူးရှစွာအော်သံနှင့်အတူ မယ်နဒီဒူးထောက်ထိုင်ချကာ သူ့မျက်နှာကို လက်ဝါးဖြင့်အုပ်ချလိုက်၏။

"ကျွန်တော်တို့ကို ဒုက္ခပေးတဲ့အတွက် ခင်ဗျားအတွက်လက်ဆောင်"

ပြောကာ ရှေ့သို့တဖြည်းဖြည်းတိုးလာရာ မယ်နဒီက ...

"မလုပ်နဲ့ ... မလုပ်နဲ့"

လက်တစ်ဖက်ယမ်းလျက်အော်တော့သည်။

ထို့နောက် ...

ရုတ်တရက် မတ်တတ်ထရပ်ကာ အနောက်ဘက်လှည့်ပြီး အမှောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်သွားလေသည်။

သော်ဇင်က ...

"ဟား ... ဟား ... မိစ္ဆာမ ခုတော့ဘာတတ်နိုင်သေးလဲ"

ကျယ်လောင်စွာအော်ဟစ်လိုက်ပြီး ရွှေစင်ရှိရာသို့ လျှောက်လို့လာသည်။

"ဟိုမိစ္ဆာမတော့သွားပြီ နောက်တစ်ခါတို့ကိုလာမနှောင့်ယှက်ရဲတော့ဘူး"

"နင်လုပ်တာ မှားသလား မှန်သလားတော့မသိဘူး။ ငါတအားကြောက်သွားတာပဲ"

"ဒီမှန်လေးရှိရင် သူ ငါတို့ကိုဒုက္ခပေးလို့မရပါဘူး ရွှေစင်ရဲ့"

မှန်ဝိုင်းလေးကိုပြကာ ရွှေစင်ကို ဘန်ဂလိုရှိရာသို့ ခေါ်လာခဲ့တော့သည်။

ပင်လယ်ကရိုက်သည့်လှိုင်းဒဏ်တို့ကတော့ ဆူညံလို့နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

နရီတို့တည်းသည့် ဘန်ဂလိုရှေ့တွင် ခုံတန်းရှည်နှစ်ခုကိုချထားပြီး အလယ်မှစားပွဲရှည်တစ်ခုကိုချထား၏။ ဟိုတယ်ကမှာထားသည့် အစားအစာများကို စားပွဲခုံပေါ်တွင်တင်ထားသလို ကြက်ကိုတံစို့ဖြင့်ထိုးကာ မီးကင်ထား၏။

မီးပုံငယ်လေး၏ အလင်းကြောင့် သူတို့စားသောက်စားပွဲဝန်းကျင် တစ်ဝိုက်တွင် လင်းလို့နေသည်။

"အစားအသောက်တွေကတော့ ရှယ်ပဲ ငါအပြတ်ဆွဲမှာ"

သော်ဇင်က စားပွဲပေါ်မှအစားအသောက်များကိုကြည့်ကာ ပြောသည်။ နိုင်ဦးက ...

"နင်တို့မှာထားတာတွေက ပင်လယ်စာတွေချည်းပဲ"

"တချို့အစားအစာတွေက ရန်ကုန်မှာမရဘူး နိုင်ဦးရဲ့၊ ဒါကြောင့် မှာလိုက်တာ"

"ဩော် ... "

နရီရှင်းပြမှ နိုင်ဦးသဘောပေါက်သွားသည်။ ကြက်ကင်အနံ့က



www.burmeseclassic.com

www.burmeseclassic.com



ဘဖြည်းဖြည်းနှင့်မွေးလာတာကြောင့် ရွှေစင်က ...

"အစီအစဉ်မစသေးဘူးလား"

"စတော့မှာပါ ကဲ ဝိုင်းထိုင်လိုက်ကြ"

အချိန်ကလည်း ညရှစ်နာရီဝန်းကျင်ရှိလာတာကြောင့် အားလုံး ...က်ဆာလောင်နေကြသည်။ နရီက ...

"ရန်ကုန်မှာဆို ကိတ်မုန့်လှီးတာပေါ့ဟာ၊ ဒီမှာတော့ ငါကြက်ကင်ပဲ သုံးမယ်"

"ကောင်းတယ် ... ကိတ်မုန့်က စိုက်မဝဘူး"

နိုးနိုးက ပြောလည်းပြော သူ့ရှေ့ပန်းကန်ထဲက ပုဇွန်တစ်ကောင်ကို ...က်မြည်းလိုက်၏။

"သော်ဇင် ကြက်ကင်ထားတဲ့ တံစို့ယူလိုက်"

"အေး"

သော်ဇင်က တံစို့ကိုယူ၍ နရီကိုပေးလိုက်ရာ နရီက ကြက်ကင်ကိုဖြတ် ...၍ ဓားနှင့်လှီးလိုက်၏။

ထို့နောက် ...

တစ်ယောက်ဆီ၏ရှေ့ပန်းကန်ထဲသို့ထည့်ပေးလိုက်သည်။

"တို့ သူငယ်ချင်း နရီ သက်ကျော်ရာကျော်ရှည်ပါစေ"

နိုင်ဦးက ဆုတောင်းပေးလိုက်ရာ ရွှေစင်က ...

"နိုင်ဦး ပြောတဲ့အတိုင်းပဲ"

ပြောကာ ကြက်ကင်များကိုစားနေကြသည်။

ထိုစဉ် ...

ဓာလေးက သူ့ရှေ့တည့်တည့်သို့ကြည့်ကာ ...

"ဟို ... ဟိုမှာ ငါတို့လမ်းမှာတွေ့ခဲ့တဲ့ အဘွားကြီး"

"ဟင် ... ဟုတ်လား"

သော်ဇင်နှင့်နိုင်ဦးကလှည့်ကြည့်၍ ချက်ချင်းထကာ နိုင်ဦးကအဘွား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုသွားခေါ်သည်။ သော်ဇင်က ...

"ငါတို့ဖိတ်ထားတာ"

"မွေးနေ့ပွဲမှာ သချိုင်းစောင့်ကိုဖိတ်တယ်တဲ့ဟာ နင်တို့ကလည်း"

ရွှေစင်က အပြစ်တင်သလိုပြောတော့ သော်ဇင်က ...

"တို့ သူငယ်ချင်းနရီအတွက် အနာဂတ်ကို အဲဒီအဘွားကြီး ကြည့်ပေးနိုင်တယ်"

"ဟုတ်လား"

နရီစိတ်ဝင်စားသွားသည်။ နိုင်ဦးက အဘွားကြီးကိုခေါ်လာကာ စားပွဲထိပ်တွင်နေရာပေးလိုက်၏။

"အဘွား စားချင်ရာစား ကျွန်တော်ထည့်ပေးမယ်"

"ရတယ် ငါဘာမှမစားချင်ဘူး၊ ကဲ မင်းတို့ထဲက မွေးနေ့ရှင် ဘယ်မှာလဲ"

"သူပဲ အဘွား"

သော်ဇင်က နရီကိုလက်ညှိုးထိုးကာပြောသည်။ ရုပ်ဆိုးလှသည့် အဘွားအိုက အနက်ရောင်ဝတ်ရုံကြီးကိုဝတ်ဆင်ထားသလို ပွပွယောင်းယောင်းဆံပင်တို့ဖြင့် ကြောက်စရာပုံစံဖြစ်နေပေမယ့် သော်ဇင်နှင့်နိုင်ဦးက တရင်းတနှီးဆက်ဆံတာကြောင့် သူတို့စိတ်ထဲတွင်ပေါ့လို့နေသည်။

အဘွားအိုက နရီကိုသေချာစိုက်ကြည့်ပြီး ...

"မင်းကံကြမ္မာသိပ်မကောင်းဘူး၊ သေချာအောင်ဖန်လုံးကြည့်ရအောင်"

အဘွားအိုက သူ့ဝတ်ရုံအနက်ထဲမှ ဘောလုံးအသေးအရွယ် ကြည်လင်နေသည့် ဖန်လုံးကိုထုတ်၍ သူ့ညာလက်ဝါးပေါ်တွင်တင်လိုက် သည်။

ထို့နောက် ...

မျက်စိစုံမှိတ်လျက် ပါးစပ်က သူတို့နားမလည်သည့် ဘာသာကို ရွတ်လိုနေသည်။

ရုံရှင်းအောင်ခေ

www.burmeseclassic.com

www.burmeseclassic.com



ဖန်လုံးကိုလည်း ကျန်လက်တစ်ဖက်က အသာလှည့်ပေးနေသည်။ အချိန်အနည်းငယ်ကြာတော့ ဖန်လုံးထဲတွင်အပြာရောင်လိုလို အနီရောင်လိုလို ဖြစ်လာသည်။

အဘွားအိုက မျက်စိမှိတ်ထားရင်း ...

"ကောင်မလေး မင်းရဲ့ချစ်သူ မင်းနဲ့သေကွဲ ကွဲလိမ့်မယ်၊ မင်းဘဝ တစ်သက်စာနောင်တတွေရနေလိမ့်မယ်"

ပြောနေသည်။ ထို့နောက် မျက်စိကို တဖြည်းဖြည်းဖွင့်ကာ ဖန်လုံး ကြည့်၍ ...

"ဟာ ... ပြဿနာဖြစ်တော့မှာပဲ"

"ဗျာ"

"ဟင်"

အဘွားအို ရုတ်တရက်အော်လိုက်တဲ့အသံကြောင့် နိုင်ဦးတို့အားလုံး လန့်လို့သွားသည်။

ထိုစဉ် ...

"ဝုန်း"

လှိုင်းရိုက်သံခပ်ပြင်းပြင်း တစ်ချက်ကြားလိုက်ရပြီး ပင်လယ်ကမ်းစပ် အမှောင်ထဲမှ အရိပ်သဏ္ဍာန်တစ်ခုထွက်လာသည်။

ထိုအရိပ်သဏ္ဍာန်တစ်ခုက သူတို့ဆီကိုတရွေ့ရွေ့လှမ်းလာသည်။

"န ... နရီ ... ဟိုမှာ ... ထစ် ... ထစ်ချုန်းနဲ့ မယ်နဒီ"

"ဟင်"

တည့်တည့်အနေအထားမှ လှမ်းမြင်ရသည့် ရွှေစင်ကပြောတာကြော နရီကြည့်လိုက်သည်။

"ဟား ... ဟား ... ဟား ... "

အပြာရောင်ပိတ်စကိုကျောမှာ လွယ်ထားသလို ဘောင်းဘီရှည်အနီ ရောင်နှင့် အင်္ကျီဖြူတို့ကို ထစ်ချုန်းကလိုက်ဖက်စွာ ဝတ်ဆင်ထားသလို မယ်နဒီ



www.burmeseclassic.com

www.burmeseclassic.com



အပြုံးရောင်ဂါဝန်ရှည်ကိုဝတ်ဆင်ထားသည်။

"ဟား ... ဟား ... ဟား"

အသံနက်ကြီးဖြင့်ရယ်မောလျက် တရွေ့ရွေ့လျှောက်လာပုံမှာ မြင်ရသူများ ထိတ်လန့်ချောက်ချားသွားသည်။

မျက်နှာမြင်ရသည့်အနေအထားမှာတော့ ထစ်ချုန်းမျက်နှာတစ်ပိုက်တွင် အမဲရောင်ထူထူကြီးများကွင်းထားသလိုဖြစ်တာကြောင့် တစ္ဆေတစ်ကောင်နှင့်တူနေ၏။

မယ်နဒီလည်း ထိုအတူမင် ...

"မွေးနေ့ပွဲလာတာ ဟား ဟား ဟား"

အသံနက်ကြီးဖြင့် ထစ်ချုန်းကပြောရာ အားလုံးအံ့ဩမှင်သက်စွာကြောင်နေသည်။

ထိုခဏလေးမှာပဲ ... နရီ ရုတ်တရက်ထ၍ ကြက်ကင်သည့်သံချွန်တံစို့ကိုယူ၍ ဝိုင်းထဲကထွက်ပြေးသွားပြီး ထစ်ချုန်းရင်ဝကို ထိုးစိုက်လိုက်လေတော့သည်။

"အား ... "

ကမ်းခြေတစ်လုံး တုန်ခါလို့သွားသည်။

ပင်လယ်လှိုင်းတို့ ရိုက်ခတ်သံ ခေတ္တငြိမ်သက်လို့သွားသလို သူတို့အားလုံးသည်လည်း ကျောက်ရုပ်များလို ငြိမ်သက်သွားလေတော့သည်။

ထိုအချိန်လေးက ...

ကမ္ဘာခဏရပ်ချိန်လို့ ပြောရသည်ပဲလေ ...

✲...✲



www.burmeseclassic.com

www.burmeseclassic.com

# နှင်ဂိုး

ဖြူဖွေးနေသော အုတ်ဂူအသစ်စက်စက်လေးရှေ့မှာ သူတို့တွေစုရပ်ကာ ကြေကွဲစွာနဲ့ အုတ်ဂူကိုကြည့်နေကြသည်။

"မမရဲ့မောင်လေးက ဘဝရဲ့ Game တွေကို သိပ်စိတ်ဝင်စားတာ၊ မမနိုင်ငံခြားမှာရှိတုန်း ဟိုကအတွေ့အကြုံတွေကို အမြဲမေးတယ်၊ တစ်ခါတလေ မှာ ဘဝနဲ့ရင်းရတဲ့ Game တွေ ရှိတယ်ဆိုတာ သူမယုံဘူး ...

အခု သူဖန်တီးတဲ့ Game က သူချစ်သူအတွက် မွေးနေ့လက်ဆောင် အမှတ်တရဖြစ်အောင် လုပ်မယ်တဲ့လေ ...

တခြား Game တွေထက် ဆန်းသထက်ဆန်းအောင် သူဖန်တီးနိုင်တယ်၊ အဓိက သရုပ်ဆောင်က မမနဲ့ဒီကအဘွားနဲ့ပေါ့၊ ကြိုတင်စီမံထားတာ တော့ မင်းတို့တွေလည်း အထိတ်တလန့် ဖြစ်သွားကြတယ်လေ၊ နောက် ဆိုင်းရယ်ကြမယ်ပေါ့ ...

အခုတော့ မရယ်နိုင်ကြတော့ဘူးလေ၊ နရီကလည်း သူတို့ကို လှို ခြောက်နေပါလားဆိုတဲ့ အတွေးနဲ့ စိတ်လွှတ်ပြီး လုပ်လိုက်တာ အခုတော့ ...

သူကိုယ်တိုင် အသက်ပေးလိုက်ရသလို သူ့ချစ်သူလည်း ... ကျွန်းမာရေးဆေးရုံရောက်သွားတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ပါ —

---

ခိုင်ရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ဖန်တီးခဲ့တဲ့ Game ကို မင်းတို့သူငယ်ချင်းတွေ တစ်သက်တာ အမှတ်ရနေမှာပါ''

မယ်နဒီကပြော၍ အုတ်ဂူရှေ့ကထွက်ကာ သူတို့ကိုကျော်ပြီး ကားထားရာဆီသို့ ထွက်သွားသည်။ နိုင်ဦး ငိုသံနှင့် အုတ်ဂူလေးကိုကြည့်ကာ

"သူငယ်ချင်း ဘဝနဲ့ကစားနည်းတွေကို ဘဝဆက်တိုင်း မကစားပါနဲ့ကွာ ..."

သော်ဇင်က ...

"သူငယ်ချင်း မင်း Game Over ဖြစ်သွားပြီ၊ Over ဖြစ်တဲ့ဂိမ်းမှာ ငါတို့အလျော်ပေးလိုက်ရတာ အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်ကွာ''

ရင်ခေါင်းသံနှင့်ပြောရင်း နိုင်ဦးပခုံးကို ဖက်ထားသည်။ ရွှေစင်၊ နိုးနိုးနှင့် ဓာလေးက ...

"ဘဝရဲ့Game တွေနဲ့ အမြဲနောက်ပြောင်ချင်တဲ့ ထစ်ချုန်း ဘယ်တော့မှ Over မဖြစ်ပါစေနဲ့''

သူတို့သုံးယောက်ရဲ့ အော်သံက သချိုင်းတစ်ခုလုံး ဟိန်းထွက်သွားသလို ငှက်ဆိုးတချို့ လန့်နိုးပြီး ထပြန်သွားကြ၏။ သူတို့တွေအားလုံး .. Game Master ကို ကျောခိုင်းလိုက်ကြသည်။ ရင်ထဲမှာ ဝမ်းနည်းမှု ကိုယ်စီနှင့် ဘဝနဲ့ Game ကို ဘယ်တော့မှ ကစားရတော့မှာ မဟုတ်တော့ဘူးလေ ...

ပြီးပါပြီ။
သစ်ငုတ်စိုးတဲ့ဖိုးသူညို



www.burmeseclassic.com